# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

**မိမိပြုဖွယ် အမှုကိစ္စ**

သီလနှင့်လည်းပြည့်စုံ၊ ဥာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရား၌တည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ-၂၁၇)

၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက် | ၂၀၂၂ ခုနှစ်၊ စက်တင်ဘာ ၂၅ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၁)၊ အမှတ် (၃၅၅)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





"အသက်ထက်မြတ်သော ဂုဏ်သိက္ခာ" ဆို ငို ပြော ဇာတ်တော်ကြီး တင်ဆက်ကပြဖျော်ဖြေရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့် ဇနီးများ၊ တာဝန်ရှိသူများ ကြည့်ရှုအားပေးစဉ်။

# "အသက်ထက်မြတ်သော ဂုဏ်သိက္ခာ" ဆို ငို ပြော ဇာတ်တော်ကြီး တင်ဆက်ကပြ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော် စက်တင်ဘာ ၂၄

မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်သောအားဖြင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် အနုပညာရှင်များ ပူးပေါင်းပါဝင်၍ သမားစဉ်နှင့်အညီ ကပြဖျော်ဖြေ တင်ဆက်ထားသည့် "အသက်ထက်မြတ်သော ဂုဏ်သိက္ခာ" ဆို ငို ပြော ဇာတ်တော်ကြီးကို ယနေ့ ညပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် သဘင်ဆောင်၌ တင်ဆက်ကပြဖျော်ဖြေရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ကြည့်ရှု အားပေးသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❑



မြန်မာ့အလင်း

# ကုန်ထုတ်လုပ်ငန်းခွင်များ တည်ငြိမ်အေးချမ်းသာယာရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

အွန်လိုင်းလူမှုကွန်ရက် စာမျက်နှာများ၌ စက်ရုံများတွင် အလုပ်သမားများအပေါ် ဥပဒေချိုးဖောက်မှုများရှိသည် ဟူသော သတင်းဖော်ပြမှုမှာ မှန်ကန်မှုမရှိကြောင်း အလုပ်သမားဝန်ကြီးဌာနက သတင်းမှန် ထုတ်ပြန်ခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ဝါးတရာစက်မှုဇုန်ရှိ တရုတ်နိုင်ငံသားပိုင် အထည်ချုပ်စက်ရုံရှိ အလုပ်သမားများမှာ အလုပ်ရှင်အလုပ်သမား သဘောတူစာချုပ်ပါ စည်းကမ်းချက်များနှင့် ဥပဒေပါအခွင့်အရေးများ ခံစားခွင့်မရကြောင်းအပါအဝင် အခြားမှန်ကန်မှုမရှိသော အချက်အလက်များကို အွန်လိုင်းလူမှုကွန်ရက်စာမျက်နှာများ၌ ဖော်ပြခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်မှရရှိသော ဝင်ငွေအနက် ၁၀ ရာခိုင်နှုန်းကျော်မှာ CMP လုပ်ငန်းတစ်ခုဖြစ်သည့် အထည်ချုပ်လုပ်ငန်းမှ ရရှိခြင်းဖြစ်သည်။ မြန်မာနိုင်ငံတစ်ဝန်းတွင် အထည်ချုပ်စက်ရုံပေါင်း ၆၀၀ ခန့်နှင့် အထည်ချုပ်အလုပ်သမားပေါင်း ငါးသိန်းခန့်ရှိရာ အလုပ်သမား ၉၀ ရာခိုင်နှုန်းခန့်မှာ အမျိုးသမီးများဖြစ်ကြသည်။ ကိုဗစ်-၁၉ ကပ်ရောဂါနှင့် နိုင်ငံရေးအခြေအနေများကြောင့် အထည်ချုပ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေသည့်တိုင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၈ ဘီလီယံခန့် အထည်ချုပ်လုပ်ငန်းမှ ဝင်ငွေရှာဖွေပေးနိုင်ခဲ့သည်။ ၂၀၂၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံခန့် ရရှိနိုင်မည်ဟု မျှော်မှန်းထားသည်။ အထည်ချုပ်လုပ်ငန်းတွင် ပြည်ပရင်းနှီးမြှုပ်နှံမှုများအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စက်ရုံ ၂၃၀ ကျော်ဖြင့် အများဆုံးရင်းနှီးမြှုပ်နှံထားပြီး ဂျပန်၊ တောင်ကိုရီးယား စသည့်နိုင်ငံများကလည်း ရင်းနှီးမြှုပ်နှံမှုများရှိသည်။ နိုင်ငံတကာဈေးကွက်သို့ ချုပ်ပြီးအထည်များ တင်ပို့ရာတွင် ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်၊ အင်ဒိုနီးရှားစသည့် နိုင်ငံများကလည်း အပြိုင်တည်ရှိနေခြင်းဖြစ်ရာ မိမိတို့နိုင်ငံ၏ အထည်ချုပ်လုပ်ငန်းများ ကုန်ထုတ်စွမ်းအား မြင့်မားရေး၊ အရည်အသွေးကောင်းမွန်ရေးတို့မှာ လွန်စွာအရေးကြီးသည်။ သို့အတွက် အထည်ချုပ်လုပ်ငန်းများ၏ လုပ်ငန်းခွင် တည်ငြိမ်အေးချမ်းသာယာမှု မပျက်ပြားအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန်လိုအပ်သည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်ဆုံးရှုံးခဲ့ရပြီးနောက် ပြန်လည်ရုန်းကန်နေရသည့်ကာလတွင် အလုပ်ရှင်နှင့် အလုပ်သမားတို့အကြား အပြန်အလှန်နားလည်စာနာမှုဖြင့် ပူးပေါင်းဆောင်ရွက်ကြမှသာ နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်သည်။ စင်စစ်အားဖြင့် အလုပ်ရှင်နှင့် အလုပ်သမားတို့မှာ အကျိုးတူ စီးပွားဘက်များဖြစ်ကြပြီး အပြန်အလှန် အမှီသဟဲပြုနေသူများလည်း ဖြစ်ကြသည်။ အလုပ်သမားရေးရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းပြောဆိုဆွေးနွေးနိုင်ရန် လမ်းကြောင်းများ၊ ဥပဒေများနှင့် အခွင့်အရေးများရှိနေရာ စနစ်တကျအသုံးချကြရန်ဖြစ်ပြီး ပြင်ပမှ ကောလာဟလများနှင့် မသမာသူတို့၏ အဖျက်အမှောင့် သွေးထိုးလှုံ့ဆော်မှုများကို နားမယောင်ကြဖို့ တိုက်တွန်းလိုသည်။

အထည်ချုပ်လုပ်ငန်းများ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံ၏ ပြည်ပပို့ကုန်ထုတ်လုပ်မှုအတွက် လွန်စွာအရေးကြီးသလို ယင်းလုပ်ငန်းအပေါ် မှီခိုနေကြသည့် အလုပ်သမားများနှင့် မိသားစုများ၊ စက်ရုံပိုင်ရှင်အလုပ်ရှင်များအတွက်လည်း လွန်စွာအရေးကြီးသည့်အလျောက် လုပ်ငန်းတွင် ပါဝင်ပတ်သက်နေသည့် လုပ်ငန်းရှင်များ၊ အလုပ်သမားများနှင့် အလုပ်သမားရေးရာအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ နိုင်ငံတကာကုန်အမှတ်တံဆိပ်များနှင့် ၎င်းတို့၏ ကိုယ်စားလှယ်များ ပူးပေါင်းဆောင်ရွက်မှုဖြင့် လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းသာယာရေး၊ ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားရေး ဆောင်ရွက်နိုင်ကြပါစေကြောင်း။ ။

# ၂၀၂၂ ခုနှစ်၊ (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

(ဂ) အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ် ပိုမိုထွန်းကားစေရန် ရိုးရာယဉ်ကျေးမှု အနုပညာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊

(ဃ) ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေး။

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၄**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ ရတနာစံ ပရိယတ္တိစာသင်တိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ကတိုးမဟာရင် စာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ ပိဋကသုံးပုံ နိကာယ်စာသင်တိုက်၊ ဒေါပုံမြို့နယ်ရှိရတနာဉာဏ်ရောင်ကျောင်းတိုက်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ ဓမ္မာလင်္ကာရကျောင်းတိုက်၊ ရန်ကင်းမြို့နယ်ရှိ ကျောက်ကုန်းကျောင်းကြီး ကျောင်းတိုက်၊ အင်းစိန်မြို့နယ်ရှိ မဟာမြိုင်သာသနဝိပုလကာရီကျောင်းတိုက်နှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ ဓာတုဝိဇ္ဇာ ပရိယတ္တိ စာသင်တိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ သာသနာ့ဇောတိက ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ ပေါ်တော်မူကျောင်းတိုက်၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ အောင်မြေတံခွန်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်ရှိ မြသိန်းတန်ကျောင်းတိုက်နှင့် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ သာသနောဒယကုန်းလှိုင်ကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ နတ်ရေကန်ကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းကြကြောင်း သိရသည်။ **သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၄**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေး စခန်းမှ ကုမ္ပဏီ တစ်ခု၊ ယာဉ်စီးရေ သုံးစီးဖြင့် နှာခေါင်းစည်း ၂၄ တန် တင်သွင်းခဲ့သည်။

ကိုဗစ်-၁၉ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်း ခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေး ကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce. gov. mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။ **သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၂၄**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။

ဘင်္ဂလား ပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလား ပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားနည်းနေမည်။

**မိုး/ဇလ**

၂၀၂၂ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့
စက်တင်ဘာလ ၂၇ ရက်
UNWTO
World Tourism Organization
WORLD TOURISM DAY 2022 | RETHINKING TOURISM 27 SEPTEMBER
"RETHINKING TOURISM"
"ခရီးသွားလုပ်ငန်းဖွံ့ဖြိုးဖို့ ပြန်လည်ကြံဆဆောင်ရွက်စို့"

❑ *ရှေ့ဖုံးမှ*

အဆိုပါ ဇာတ်တော်ကြီး တင်ဆက်ကပြဖျော်ဖြေပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့် ဇနီးများ၊ ကောင်စီအတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ပြည်ထောင်စုအဆင့်တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ရှိ ရုံးဌာန အသီးသီးမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ဇာတ်တော်ကြီးတွင် ပါဝင်တင်ဆက်ကပြဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်စဉ်။

## မြန်မာ့ရိုးရာအစဉ်အလာ သမားစဉ်နှင့်အညီ ကပြဖျော်ဖြေ

ဇာတ်တော်ကြီးကို မြန်မာ့ရိုးရာအစဉ်အလာ သမားစဉ်နှင့်အညီ ကပြဖျော်ဖြေရာတွင် ဘုရားကန်တော့ခန်း၊ ဇာတ်တော်ကြီးသမားစဉ် အပျိုတော်ထွက်ခန်းနှင့် နှစ်ပါးသွားခန်းတို့ဖြင့် စတင်အစပျိုးကပြဖျော်ဖြေသည်။ ထို့နောက် ဘုရင့်နောင်မင်းတရားကြီး ထွက်တော်မူကြီးနှင့် ဓာတုကလျာဖွားမြင်ခန်း၊ ဝန်မင်းနှစ်ပါး ဇာတ်ပန္နက်ရိုက်ပြည်တည်ခန်း၊ မင်းရဲနန္ဒမိတ် ညီလာခံခန်း၊ နတ်သျှင်နောင် နောက်ကြောင်းပြန်ခန်း၊ နတ်သျှင်နောင်နှင့် ရာဇဓာတုကလျာတွေ့ဆုံခန်း၊ နတ်သျှင်နောင်ကိုယ်လုံးပညာလေ့ကျင့်ခန်း၊ နတ်သျှင်နောင်မှ ရာဇဓာတုကလျာအား ချစ်ခွင့်ပန်ခန်း၊ နတ်သျှင်နောင်နှင့် ရာဇဓာတုကလျာ လက်ထပ်မည့်အကြောင်းအား ပြည်သူ ပြည်သားများ ပြောဆိုခန်း၊ နတ်သျှင်နောင်နှင့် ရာဇဓာတုကလျာလက်ထပ်ခန်း၊ နတ်သျှင်နောင်နှင့် ရာဇဓာတုကလျာ သစ္စာတိုင်ခန်းနှင့် ခွဲခွာခန်း၊ နတ်သျှင်နောင်မှ အယုဒ္ဓယတပ်များကို တိုက်ခိုက်ရန်ပြင်ဆင်ခန်း၊ နတ်သျှင်နောင် နောက်ကြောင်းပြန် ဇာတ်လမ်းနိဂုံးချုပ်ခန်း၊ ငဇင်ကာ အမြောက်လက်နက်ပြုလုပ်ခန်း၊ ငဇင်ကာနှင့် အပေါင်းပါများ အစည်းအဝေးပြုလုပ်ခန်း၊ နတ်သျှင်နောင်နှင့် ငဇင်ကာ တွေ့ဆုံခန်း၊ မင်းရဲနန္ဒမိတ်မှ တပ်မှူးဗိုလ်မှူးများနှင့် တိုင်ပင်ခန်း၊ မင်းရဲနန္ဒမိတ်မှ သန်လျင်သို့ စစ်ချီခန်း၊ ပေါ်တူဂီတပ်များနှင့် အပေါင်းပါတောင်ငူတပ်များအား အင်းဝတပ်များက တိုက်ခိုက်ခန်း၊ မင်းရဲနန္ဒမိတ်မှ သန်လျင်မြို့အား သိမ်းပိုက်နိုင်ရေး ဥမင်လိုဏ်ခေါင်း ပြုလုပ်ရန် အမိန့်ပေးခန်း၊ အင်းဝတပ်များ သန်လျင်မြို့အား သိမ်းပိုက်နိုင်ရန် ဥမင်လိုဏ်ခေါင်းပြုလုပ်ခန်းနှင့် သန်လျင်မြို့ရိုးကျိုးပေါက်ခန်း၊ မင်းရဲနန္ဒမိတ်မှ ငဇင်ကာနှင့် နတ်သျှင်နောင်အား ဖမ်းဆီးခန်း၊ ငဇင်ကာအား စစ်မေးခန်း၊ နတ်သျှင်နောင်အား တရားနှင့်အညီ စီရင်ခန်း၊ နတ်သျှင်နောင်နှင့် ငဇင်ကာအား ကွပ်မျက်ခန်းနှင့် ဇာတ်သိမ်းခန်းတို့ကို အနုပညာရှင်များက မြိုင်မြိုင်ဆိုင်ဆိုင် ထိထိမိမိဖြင့် ကျရာဇာတ်ရုပ်အလိုက် ဇာတ်ကွက်ပိုင်နိုင်စွာ တင်ဆက်ကပြဖျော်ဖြေကြသည်။

## သမိုင်းတစ်ကွေ့၏ သတိမူစရာ သင်ခန်းစာဖြစ်ရပ်တစ်ခုအနေဖြင့် တင်ဆက်ကပြရခြင်းဖြစ်


**“အသက်ထက်မြတ်သော ဂုဏ်သိက္ခာ”** ဆို ငိုပြော ဇာတ်တော်ကြီးကို မြန်မာ့သမိုင်းတွင် ရတုရေးသားရာ၌ တံခွန်စိုက်ထူခဲ့သည့် တောင်ငူဘုရင် နတ်သျှင်နောင်နှင့် ရာဇဓာတုကလျာမင်းသမီးတို့၏ အချစ်ဇာတ်ကြောင်း၊ ဟံသာဝတီပြည့်ရှင် ဘုရင့်နောင်မင်းတရားကြီး၏ သမီးတော်ဖြစ်သော်လည်း လောကဓံအနိမ့်အမြင့် အတက်အကျတွင် လိုက်ပါခဲ့ရသည့် ရာဇဓာတုကလျာ၏ ရင်နင့်ဖွယ်ရာဖြစ်ရပ်နှင့်အတူ ပဒေသရာဇ်များ၏ အားပြိုင်မှုမှ ဖြစ်ပေါ်လာသော နိုင်ငံရေး၊ စစ်ရေး အခင်းအကျင်းများကို နောက်ခံလျက် စစ်ရေးစစ်ရာတွင် ရဲစွမ်းသတ္တိရှိသည်သာမက အနုသုခုမပညာတွင်လည်း လက်ရာ ပြောင်မြောက်ခဲ့သည့် နတ်သျှင်နောင်သည် မိမိတို့၏ နိုင်ငံအတွင်း ပြဿနာကို ဖြေရှင်းရန် ကြိုးပမ်းရာ၌ တိုင်းတစ်ပါးသားကို အကြွင်းမဲ့ယုံစား၍ ပူးပေါင်းဆောင်ရွက်မိသဖြင့် မလှပသော သမိုင်းနိဂုံးဖြင့် ဇာတ်သိမ်းရသည်ကို သမိုင်းတစ်ကွေ့၏ သတိမူစရာ သင်ခန်းစာ ဖြစ်ရပ်တစ်ခုအနေဖြင့် တင်ဆက်ကပြခြင်း ဖြစ်သည်။

## နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမ အမွေအနှစ်များကို ထိန်းသိမ်းလျက်ရှိ

ဇာတ်တော်ကြီးတွင် နတ်သျှင်နောင်အဖြစ် တက္ကသိုလ် အားမာန်၊ ရာဇဓာတုကလျာအဖြစ် ဒေါ်ဇာနည်အောင်၊ အင်းဝဘုရင် မင်းရဲနန္ဒမိတ်အဖြစ် ရွှေတံဆိပ်ဆုများရှင် ဦးဉာဏ်ဝင်း၊ ဘုရင့်နောင်မင်းတရားကြီးအဖြစ် ဦးလှမျိုးထက်၊ လူရွှင်တော်များဖြစ်ကြသည့် ဝမ်းတူး၊ အာပြဲ၊ ရောင်နီ၊ လမုန့်တို့ပါဝင်ကြပြီး ဇာတ်ပို့ဆိုင်းရှာစား နိုင်လင်းဗိုလ်နှင့် အဖွဲ့တို့က ပံ့ပိုးတီးခတ်ထားသည်။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မြန်မာ့ရိုးရာ ယဉ်ကျေးမှုအနုသုခုမ အမွေအနှစ်များကို ရှာဖွေခြင်း၊ ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့် တိုးတက်ပြန့်ပွားစေရန် ဆောင်ရွက်ခြင်း စသည့်လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပြီး အများပြည်သူများ စိတ်အပန်းပြေစေရန်အတွက် မြန်မာ့ရိုးရာယဉ်ကျေးမှုများကို အခြေခံသည့် ဖျော်ဖြေရေးအစီအစဉ်များအား ဖော်ထုတ်ပြသရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

## ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်

ဇာတ်တော်ကြီး ကပြဖျော်ဖြေတင်ဆက်မှုအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် ဇာတ်တော်ကြီးတွင် ပါဝင်တင်ဆက်ကပြဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများကိုလည်းကောင်း၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယ ဗိုလ်ချုပ်ကြီးများက ဂုဏ်ပြုဆုငွေများကိုလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ကာ ရင်းရင်းနှီးနှီး နှုတ်ဆက် အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



“အသက်ထက်မြတ်သော ဂုဏ်သိက္ခာ” ဆို ငို ပြော ဇာတ်တော်ကြီး တင်ဆက် ကပြဖျော်ဖြေစဉ်။

# လယ်ယာကဏ္ဍဆိုင်ရာ သုတေသနနှင့် မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးရေးအတွက် အိန္ဒိယ-မြန်မာနှစ်နိုင်ငံပူးပေါင်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၄**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ရောက်ရှိနေသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးမိုးကျော်အောင်နှင့်အတူ စက်တင်ဘာ ၂၀ ရက်တွင် အိန္ဒိယနိုင်ငံ၏ နိုင်ငံတော်ပိုင် မျိုးစေ့ကော်ပိုရေးရှင်း National Seed Corporation (NSC) နှင့် ဆက်စပ်ဆောင်ရွက်လျက်ရှိသည့် ICAR-Indian Agricultural Research Institute သို့သွားရောက်၍ သုတေသနစိုက်ကွင်းများအား လေ့လာကြပြီး မြန်မာနိုင်ငံနှင့် သင့်လျော်သော သက်တမ်းအလိုက် သီးပွင့်၍ သက်တမ်းတိုသော ပဲစင်းငုံမျိုးများနှင့် ရောဂါဒဏ်ခံနိုင်ပြီး အထွက်နှုန်းမြင့်မားသော ပဲတီစိမ်းမျိုးများ၊ အလုံးအရွယ်ကြီး၍ အဖြူရောင်ရှိသော ကုလားပဲမျိုးများ ရရှိရေးအတွက် ညှိနှိုင်းဆွေးနွေးခဲ့သည်။

ယင်းနောက် Dr. Swami Nathan စာကြည့်တိုက်တွင် ICAR မှ Dr. A. K. Singh နှင့် ပညာရှင်များက ICAR နှင့် NSC တို့၏ လုပ်ငန်းဆက်စပ် ဆောင်ရွက်မှုများနှင့်ဖွဲ့စည်းပုံ၊ လုပ်ငန်းတာဝန်များကိုလည်းကောင်း၊ မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှု အခြေအနေများကိုလည်းကောင်း၊ အိန္ဒိယနိုင်ငံ၏ နိုင်ငံတော်ပိုင် မျိုးစေ့ကော်ပိုရေးရှင်း National Seed Corporation နှင့် ပုဂ္ဂလိကအဖွဲ့အစည်း၊ တောင်သူအဖွဲ့အစည်းများ ပူးပေါင်း၍ မျိုးစေ့ထုတ်လုပ်မှုကို နိုင်ငံပိုင်စီးပွားရေးကော်ပိုရေးရှင်းအဖြစ် ဖွဲ့စည်းဆောင်ရွက်ထားရှိမှုများကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

**နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်**

ထို့နောက် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ နေပြည်တော် ရေဆင်း၌ရှိ Advanced Centre for Agricultural Research and Education (ACARE) တွင် စွမ်းဆောင်ရည် မြင့်မားသော လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့် လယ်ယာထွက်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေးနည်းပညာများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာနှင့် တန်ဖိုးမြှင့်ကုန်ပစ္စည်း ထုတ်လုပ်နိုင်ရေး နည်းပညာများ ရရှိအသုံးပြုနိုင်ရန် ဆောင်ရွက်ပေးနေမှုများကို ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပြောကြားသည်။

**ကြည့်ရှုလေ့လာ**

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မတ်ပဲ၊ ပဲစင်းငုံနှင့် ပဲမျိုးစုံအခြေခံသည့် တန်ဖိုးမြှင့် စားသောက်ကုန်များ ထုတ်လုပ်လျက်ရှိသည့် နယူးဒေလီမြို့ရှိ BIKANO ကုမ္ပဏီ၏ အရောင်းမြှင့်တင်ရေး စင်တာသို့ သွားရောက်၍ပဲမျိုးစုံဖြင့် ထုတ်လုပ်ထားသော မုန့်ပဲသရေစာများ၊ အသင့်စားဟင်းလျာများ ရောင်းချနေမှုကို ကြည့်ရှုလေ့လာကြသည်။

စက်တင်ဘာ ၂၁ ရက်တွင် ပြည်ထောင်စုဝန်ကြီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မွမ်ဘိုင်းမြို့ Sofitel Hotel တွင် အိန္ဒိယနိုင်ငံ ပဲမျိုးစုံအသင်း India Pulses and Grains Association (IPGA)၊ Overseas Agro Traders Association (OATA) နှင့် မြန်မာနိုင်ငံ ပဲ၊ ပြောင်းနှင့် နှမ်းအသင်းတို့မှ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ကြပြီး (IPGA) ဥက္ကဋ္ဌ Mr.Bimbal Kothari၊ (OATA) ဥက္ကဋ္ဌ Mr. Shyam Narsaria နှင့် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမိုးကျော်အောင်တို့က မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ပဲမျိုးစုံ ကူးသန်းရောင်းဝယ်မှု အခြေအနေနှင့် အိန္ဒိယနိုင်ငံ၏ ပဲလိုအပ်ချက်၊ ပဲမျိုးစုံတိုးချဲ့စိုက်ပျိုးရန် အခြေအနေများ၊ ပြောင်း၊ နှမ်းနှင့် ဆီထွက်သီးနှံများ ကုန်သွယ်မှုအခြေအနေများကို ဆွေးနွေးကြရာ တက်ရောက်လာသူများက ပေါင်းစပ်ဆွေးနွေးကြသည်။

**လက်မှတ်ရေးထိုးထား**

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံရှိ ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်သူများနှင့် စားသုံးသူများအတွက် ဈေးနှုန်းတည်ငြိမ်မှု ရှိစေရေးအတွက် အိန္ဒိယနိုင်ငံ၏ စားသုံးသူရေးရာ၊ အစားအစာနှင့် ဖြန့်ချိရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့အကြား မတ်ပဲနှင့် ပဲစင်းငုံသီးနှံ တင်ပို့မှုဆိုင်ရာ ကိုဒါသဘောတူစာချုပ်ကို ၂၀၂၆ ခုနှစ်အထိ လက်မှတ်ရေးထိုးထားပါကြောင်း၊ ထို့အပြင် ပဲတီစိမ်းသီးနှံကိုလည်း ထည့်သွင်းရေးဆောင်ရွက်လျက်ရှိပါကြောင်း၊ အနာဂတ် ပဲထုတ်လုပ်တင်ပို့မှုအနေဖြင့် ယခုတင်ပို့လျက်ရှိသော ပဲမျိုးများအပြင် ပဲနီလေး၊ ပဲဝါလေး၊ ပဲရာဇာ၊ မြေထောက်ပဲများကိုလည်း တိုးမြှင့်ထုတ်လုပ်တင်ပို့သွားရန် လိုအပ်ပါကြောင်း။

လက်ရှိ အခြေအနေတွင် သွင်းအားစု ဓာတ်မြေဩဇာနှင့် စက်သုံးဆီများ ဈေးနှုန်းကြီးမြင့်မှုကြောင့်၊ ထုတ်လုပ်မှုစရိတ်မြင့်တက်နေသည့်အပြင် သယ်ယူပို့ဆောင်မှုစရိတ် မြင့်တက်မှုကြောင့် သီးနှံဈေးနှုန်းများ မြင့်တက်နိုင်ပါကြောင်း၊ သို့ဖြစ်၍ သယ်ယူပို့ဆောင်မှုကုန်ကျစရိတ် လျှော့ချနိုင်ရန် မြန်မာနှင့် အိန္ဒိယ နိုင်ငံကြား Coastal Liner ကမ်းရိုးတန်းရေကြောင်းပို့ဆောင်ရေးစနစ်ဖြင့် တိုက်ရိုက်တင်ပို့နိုင်ပါက စားသုံးသူများအတွက် ဈေးနှုန်းသက်သာစေနိုင်ကြောင်း၊ အဆိုပါလုပ်ငန်းများတွင် အိန္ဒိယနိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများ အနေဖြင့် မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံကြစေလိုကြောင်း၊ ထုတ်လုပ်မှုဆိုင်ရာ လုပ်ငန်းများတွင်သာမက သယ်ယူရေးပို့ဆောင်ရေး တန်ဖိုးမြှင့်ထုတ်ကုန်လုပ်ငန်းများတွင်လည်း ရင်းနှီးမြှုပ်နှံကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ (IPGA) ဥက္ကဋ္ဌ Mr.Bimbal Kothari၊ (OATA) ဥက္ကဋ္ဌ Mr.Shyam Narsaria တို့သည် India CBS ရုပ်သံဌာန၏ တွေ့ဆုံမေးမြန်းမှုကို ဖြေကြားကြသည်။

**အကျယ်တဝင့် ဆွေးနွေး**

မြန်မာကိုယ်စားလှယ် အဖွဲ့သည် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးနှင့်အတူ မွမ်ဘိုင်းမြို့ JW Marriot Hotel တွင် Mahyco မျိုးစေ့ထုတ်ကုမ္ပဏီ၊ Safal ကုမ္ပဏီနှင့် Metahelix ကုမ္ပဏီ တို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဝါသီးနှံနှင့် ဆီထွက် နေကြာသီးနှံမျိုးစေ့များ မြန်မာနိုင်ငံသို့ တင်သွင်းရောင်းချနိုင်ရေး၊ စမ်းသပ်သုတေသနလုပ်ငန်းများဆောင်ရွက်ရေး၊ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ၏ မျိုးစေ့ထုတ်ကုမ္ပဏီများ ညှိနှိုင်းပေါင်းစပ်လုပ်ကိုင်နိုင်ရေး ဆိုင်ရာများကိုလည်းကောင်း၊ DVC ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ ဆီသန့်စက်ရုံတည်ဆောက်ရေး လုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေးဆိုင်ရာကိစ္စရပ်များကို အကျယ်တဝင့် ဆွေးနွေးခဲ့ကြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ် အဖွဲ့သည် စက်တင်ဘာ ၂၂ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြကြောင်း သိရသည်။

**သတင်းစဉ်**



# ပဲခူးခရိုင်အတွင်း ၂၀၂၂-၂၀၂၃ ခုနှစ် ဆီထွက်သီးနှံ (နေကြာ၊ မြေပဲ၊ ပန်းနှမ်း)နှင့် နွေစပါး၊ ပဲတီစိမ်းတိုးမြှင့်စိုက်ပျိုးထုတ်လုပ်နိုင်ရေး လျာထားဆောင်ရွက်

**ပဲခူး စက်တင်ဘာ ၂၄**

ပဲခူးခရိုင်အတွင်း၌ ၂၀၂၂ - ၂၀၂၃ ခုနှစ်တွင် ဆောင်းနေကြာ ၅၆၃၂ ဧက၊ သီးသန့် ၂၈၅၄ ဧက၊ သီးညှပ် ၂၇၇၈ ဧက၊ ဆောင်းနှမ်း ၁၂၇၅ ဧက၊ ဆောင်းမြေပဲ ဧက ၁၉၆၀၀၊ တိုးချဲ့ ၉၁၃၁ ဧက၊ ပေါင်း ၂၈၇၃၁၊ ပဲမျိုးစုံ ၄၅၄၈၁၉ ဧက၊ နွေစပါး ၆၁၁၅၁ ဧက၊ တိုးချဲ့ ၄၈၃၈ ဧက၊ ပေါင်း ၆၅၉၈၉ ဧက စိုက်ပျိုးသွားရန်လျာထား ဆောင်ရွက်လျက်ရှိပြီး နေကြာစိုက်ပျိုးရန် မျိုးစေ့လိုအပ်ချက်အနေဖြင့် စပ်မျိုး ဧက ၂၅၀၀၊ ဆင်းရွှေကြာ ၃၁၃၂ ဧက၊ မျိုးစု ဆောင်းထားရှိမှုအနေဖြင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် စပ်မျိုး ၁၆၆၆ ဧက၊ (ဆင်းရွှေကြာ-၂) ဧက ၂၀၊ ခရိုင်အစီအစဉ်အနေဖြင့် စပ်မျိုး ၂၂ ဧက၊ (ဆင်းရွှေကြာ-၂) ၈၆ ဧက စုဆောင်းထားရှိပြီး ဖြစ်ကြောင်း သိရသည်။

ပဲခူးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၂၃ ရက် မွန်းလွဲပိုင်းကကျင်းပသည့် ပဲခူးခရိုင်အတွင်း ၂၀၂၂-၂၀၂၃ ခုနှစ် ဆီထွက်သီးနှံ (နေကြာ၊ မြေပဲ၊ ပန်းနှမ်း)နှင့် နွေစပါး၊ ပဲတီစိမ်း တိုးမြှင့်စိုက်ပျိုး ထုတ်လုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးမှ သိရသည်။

အဆိုပါအစည်းအဝေးသို့ ပဲခူးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်စိုက်/ကြပ်အဖွဲ့များ၊ ပဲခူးခရိုင်အတွင်းရှိ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် မြို့နယ်စိုက်/ကြပ်အဖွဲ့များ တက်ရောက်ကြသည်။

ထို့နောက် ပဲခူးခရိုင်အတွင်းရှိ ကဝ၊ ဝေါ၊ သနပ်ပင်၊ ပဲခူးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက မိမိတို့မြို့နယ်၌ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ဆီထွက်သီးနှံ (နေကြာ၊ မြေပဲ၊ ပန်းနှမ်း)နှင့် နွေစပါး၊ ပဲတီစိမ်းတိုးမြှင့်စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားမည့် အစီအမံများ၊ ဖြည့်ဆည်းပေးရန်လိုအပ်သည့် အချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ ပဲခူးခရိုင်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့များက ဖြည့်စွက် ရှင်းလင်းတင်ပြပြီး ပဲခူးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ပဲခူးခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လတ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## မင်းလှမြို့နယ်ရှိ တောင်သူများအား နေကြာမျိုးစေ့ထောက်ပံ့

**မင်းလှ စက်တင်ဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ၂၀၂၂-၂၀၂၃ ခုနှစ် မိုးစပါး၊နွေစပါးနှင့် နေကြာစိုက်ပျိုးသည့် တောင်သူများအား ဓာတ်မြေဩဇာဖြန့်ဖြူးရောင်းချခြင်းနှင့် နေကြာမျိုးစေ့ထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့က ပြုလုပ်သည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးထွဋ်က စိုက်ပျိုးရေးကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတတ်စေရန်အတွက် လယ်ယာကဏ္ဍကို တိုးချဲ့စိုက်ပျိုးနိုင်ရေး အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးထွန်းထွန်းအောင်က ဓာတ်မြေဩဇာအိတ်များကို သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးရခြင်းနှင့် နေကြာမျိုးစေ့များ ထောက်ပံ့ပေးအပ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက မိုးစပါးစိုက်ပျိုးသည့် ၇၁၁ ဧကအတွက် MPE မြေဩဇာ ၇၁၁ အိတ်အား တောင်သူများကို သက်သာသော ဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေး၍ နေကြာစိုက်ပျိုးသည့် ၅၅၃၅ ဧကအတွက် ရေဆင်းစပ်မျိုးနေကြာ-၁ မျိုးအိတ်များကို တောင်သူများထံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# စားသုံးကုန်များ ထုတ်လုပ်ရာတွင် အရည်အသွေးကောင်းမွန်ရေး၊ ဓာတုဆိုးဆေးများ အသုံးမပြုရေး၊ ပြည်သူများ သန့်ရှင်းလတ်ဆတ်စွာ စားသုံးနိုင်ရေး အလေးထားဆောင်ရွက်



**ပုသိမ် စက်တင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်၊ မြို့ရပ်ကွက်၊ ကျေးရွာများတွင် အပတ်စဉ်စနေနေ့တိုင်း ဌာနဆိုင်ရာများ၊တပ်ရင်းတပ်ဖွဲ့များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်နေပြည်သူများ စုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ပုသိမ်မြို့တွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSMEs) လုပ်ကိုင်လည်ပတ်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ (ဓာတ်ပုံ)

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ရေကြည်ဦးရပ်ကွက်ရှိ လေးကျွန်းရန်အောင်ဖောင်တော်ဦးစေတီမြတ်ကြီး ပရိဝုဏ်အတွင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး အမှိုက်နှင့် ချုံနွယ်များ နေ့စဉ်ရှင်းလင်းဆောင်ရွက်ရေးနှင့် ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးတို့ကို မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဂင့်ချွန်မုန့်လုပ်ငန်း၊ ဂွတ်ရှယ်ကြက်အူချောင်း၊ ဝက်အူချောင်းလုပ်ငန်း၊ ရွှေကညင်ပုသိမ်ထီးလုပ်ငန်း၊ ATW ကြက်စာ၊ ဝက်စာလုပ်ငန်း၊ ပုသိမ်ကွန်ပျူတာပန်းထိုးစက်ရုံနှင့် ရွှေမြင်းပျံ ပုသိမ်ဟာလဝါ လုပ်ငန်းများသို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်လည်ပတ်မှုအခြေအနေများကို မေးမြန်းရာ တာဝန်ရှိသူများ၏ ဖြေကြားတင်ပြချက်များအပေါ် ဝန်ကြီးချုပ်က စားသုံးကုန်များ ထုတ်လုပ်ရာတွင် အရည်အသွေးကောင်းမွန်ရေး၊ ဓာတုဆိုးဆေးများ အသုံးမပြုရေး၊ ပြည်သူများ သန့်ရှင်းလတ်ဆတ်စွာ စားသုံးနိုင်ရေးအတွက် အလေးထားဆောင်ရွက်ရေး၊ ပုသိမ်ထီးများကို ပြည်တွင်း ပြည်ပခရီးသွားများအတွက် ခိုင်ခံ့မှုနှင့် အရည်အသွေး ကောင်းမွန်ရေးအလေးထားဆောင်ရွက်ရေး၊ ဝက်စာ၊ ကြက်စာများ ထုတ်လုပ်မှုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ ပြည်တွင်းထုတ်ကုန်များကို ပြည်ပထုတ်ကုန်များနှင့် ယှဉ်ပြိုင်နိုင်သည်အထိ အရည်အသွေးကို အဓိကထားဆောင်ရွက်ရေး၊ တစ်လအတွင်း ထုတ်လုပ်မှုကို စနစ်တကျ မှတ်တမ်းထားရှိရေး၊ စက်ရုံများတွင် လုပ်ကိုင်နေသည့် ဝန်ထမ်းများအနေဖြင့် လုပ်ငန်းခွင်အတွင်း အန္တရာယ်ကင်းရှင်းစွာ လုပ်ငန်းများဆောင်ရွက်နိုင်ရေး၊ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံ၍ မြို့အင်္ဂါရပ်နှင့်အညီ လမ်းတိုင်း၊ ရပ်ကွက်တိုင်း သန့်ရှင်းသာယာလှပရေးအား အလေးထားဆောင်ရွက်ရန်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးအနေဖြင့် ပြည်သူများ သန့်ရှင်းရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်စေရေး စည်းရုံးရန်၊ တက္ကသိုလ်ဝင်စာမေးပွဲစနစ်ဟောင်းတွင် ဝင်ရောက်ဖြေဆိုသူများအနေဖြင့် စာသင်ဝိုင်း၊ စာဖတ်ဝိုင်းများသို့ ရောက်ရှိလာစေရေးဆောင်ရွက်ပေးရန်၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ အကြိမ်ပြည့်နှင့် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံနိုင်ရေး ကြပ်မတ်ဆောင်ရွက်ရန်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအတိုင်း စနစ်တကျ မောင်းနှင်သွားလာနိုင်ရေးအတွက် နေ့စဉ် စစ်ဆေးကြပ်မတ်ရန်လိုပါကြောင်း မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## အိန္ဒိယနိုင်ငံ၏ ဆန်ပို့ကုန် ကန့်သတ်ချက်များအရ မြန်မာ့ဆန်ဈေးနှုန်း ဆက်လက်ဈေးကောင်းရနိုင်ဖွယ်ရှိ

**ရန်ကုန် စက်တင်ဘာ ၂၄**

ကမ္ဘာ့ထိပ်တန်း ဆန်တင်ပို့သည့်နိုင်ငံ အိန္ဒိယ၏ ဆန်ပို့ကုန် ကန့်သတ်ချက်များအရ မြန်မာ့ဆန်ဈေးနှုန်းများ ဆက်လက်ဈေးကောင်းနိုင်ဖွယ် ရှိနေကြောင်း ဈေးကွက် ကျွမ်းကျင်သူများက ပြောသည်။

"အိန္ဒိယက ဆန်ကွဲတင်ပို့တာကို တားမြစ်ပြီး ရိုးရိုးဆန်တင်ပို့တာကိုလည်း အခွန် ၂၀ ရာခိုင်နှုန်းတောင် စည်းကြပ်လာတယ်။ အာရှဒေသမှာ ထိုင်းနဲ့ ဗီယက်နမ်ဆန်တွေလည်း ဈေးမြင့်လာတယ်။ ဒါကြောင့်မို့လို့ မြန်မာပြည်က ဆန်ဈေးကွက်အပေါ် သက်ရောက်မှုရှိလာတဲ့ သဘောပါ။ အိန္ဒိယဘက်က ဆန်ပို့ကုန် ကန့်သတ်လာတဲ့နောက်ပိုင်း မြန်မာနိုင်ငံက ဆန်ဈေးတွေလည်း ဆက်ပြီးဈေးကောင်းနိုင်တယ်လို့ ခန့်မှန်းနေကြပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ဘုရင့်နောင်ပွဲရုံ ဆန်ဈေးကွက်မှ ဆန်ကုန်သည်တစ်ဦးဖြစ်သူ ဦးမြင့်သိန်းက ပြောသည်။

ယခင်နှစ် ဆန်စပါးအသင်းချုပ်၏ စပါးအခြေခံရည်ညွှန်းဈေးအနေဖြင့် တင်း ၁၀၀ လျှင် ငွေကျပ် ၅၄၀၀၀၀ ဖြင့် သတ်မှတ်ခဲ့ကြပြီး ယခုနှစ်တွင် စပါးအခြေခံရည်ညွှန်းဈေး မည်မျှသတ်မှတ်မည်ကို ဆန်ကုန်သည်ပွဲစားများနှင့် စပါးစိုက်ပျိုးတောင်သူ အများစုက စိတ်ဝင်တစား စောင့်ဆိုင်းနေကြသည်။

"မိုးစပါးပေါ်ချိန်မှာ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီးက အရည်အသွေးကောင်း /သတ်မှတ်စံချိန် စံညွှန်းနဲ့ညီတဲ့ စပါးဆိုရင် တင်း ၁၀၀ ဈေး ၁၃ သိန်းအထိ ပေါက်ဈေးရှိတယ်။ ဈေးကောင်းနေတဲ့သဘောပါ။ မနှစ်က မိုးစပါးပေါ်ချိန်မှာ တင်း ၁၀၀ ကို ခုနစ်သိန်းလောက်ပဲ ရခဲ့တာပါ။ မြေသြဇာဈေးတွေ တက်လာတာကြောင့် စိုက်စရိတ်ကလည်း များလာတယ်။ ဒါကြောင့်လည်း စပါးဈေးတက်လာတာလို့ ထင်ပါတယ်" ဟု ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့မှ စပါးစိုက်တောင်သူ ဦးထွန်းထွန်းဝေ က ပြောသည်။

လက်ရှိပြည်တွင်း ဆန်ဈေးကွက်အတွင်း ဆန်ဈေးနှုန်းများ မြင့်တက်နေသည့်အပြင် ဆန်ကွဲတစ်အိတ်လျှင် ငွေကျပ် ၅၀၀၀ ခန့် ဈေးမြင့်တက်နေကြောင်းလည်း သိရသည်။

**နန်းထက်ထက်ချစ်**

## ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်၌ ငွေကျပ် ၁၃ သန်းတန် ကွန်ကရစ်လမ်းခင်း

**ဝါးခယ်မ စက်တင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော်ဆောင်ရွက်သည့် လက်ပန်တောင်ကျေးရွာတွင် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာ ၂၁ ရက်နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးနေထက်ရှိန်၊ ဝါးခယ်မြို့နယ် ဦးစီးမှူး ဒေါ်ဥမ္မာရွှေနှင့် တာဝန်ခံအင်ဂျင်နီယာတို့က လက်ပန်တောင်ကျေးရွာတွင် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) နိုင်ငံတော်မှ ထောက်ပံ့ငွေကျပ် ၁၀ သန်း၊ ကျေးရွာပြည်သူလူထုမှ ပူးပေါင်းထည့်ဝင်ငွေကျပ်သုံးသန်းဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး လမ်းအရှည်မှာ ပေ ၁၂၆၀၊ လမ်းအကျယ် လေးပေ၊ ထု ခြောက်လက်မရှိကြောင်းနှင့် စက်တင်ဘာလ ဒုတိယအပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းမှာ ၄၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကိုပြည့်(ကျေးလက်)**



၂၀၂၂ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၈) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၊ ကာကွယ်ရေးပညာဌာနမှ ရဲတပ်ဖွဲ့ဝင်များ ပြင်ဦးလွင်မြို့နယ် ပေပင်ကျေးရွာရှိ ချမ်းသာရဆုတောင်းပြည့်စေတီတော် ဘုရားပရိဝုဏ်အတွင်း စုပေါင်းသန့်ရှင်းရေးပြုလုပ်စဉ်။

ကိုတင်မောင်

## မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အာမခံစနစ်များအကြောင်း သိရှိပါက ရပိုင်ခွင့်များ တောင်းခံနိုင်

**ရန်ကုန် စက်တင်ဘာ ၂၄**

မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်က ကြီးမှူး၍ သင်္ဘောသားနှင့် အာမခံလုပ်ငန်းများဆိုင်ရာ သိကောင်းစရာ ဟောပြောပွဲကို စက်တင်ဘာ ၂၃ ရက်က ကျောက်တံတားမြို့နယ် ၃၇ လမ်းရှိ အဖွဲ့ချုပ်ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ကပ္ပတိန်ဝင်းဇော်က နိုင်ငံတကာပင်လယ်ပြင်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် မြန်မာသင်္ဘောသားများ ရပိုင်ခွင့်များ တောင်းခံရာတွင်အာမခံစနစ်များ၊ ကန့်သတ်ချက်များ၊ ဗဟုသုတများ သိရှိနားလည်ခြင်းမရှိပါက အဆင်မပြေခြင်းများ ကြုံတွေ့ရကြောင်း အာမခံစနစ်များအကြောင်း သိရှိပါက အခက်အခဲမရှိ ရပိုင်ခွင့်များ တောင်းခံနိုင်သည်ကို ရှင်းလင်းဟောပြောကြားသည်။

မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်သည် သင်္ဘောသားများ သင်္ဘောပေါ်တွင် တာဝန်ထမ်းဆောင်စဉ် ကွယ်လွန်ခြင်း၊ ပျောက်ဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရမှုအတွက် လျော်ကြေးနစ်နာကြေးရလိုခြင်းတို့ကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။

**မျိုးမင်းသူရ**


**မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)**

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။

(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။

(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။

(ဃ) မော်တော်ယာဉ်ပေါ်တွင် ပါရှိသူများ အသက်ကယ်ထိုင်ခုံခါးပတ် ဖြုတ်ထားရမည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# အမျိုးသားအကျိုးစီးပွားနှင့် မြန်မာ – ရုရှားဆက်ဆံရေး

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ စက်တင်ဘာလ ၄ ရက်နေ့မှ ၁၁ ရက်နေ့အထိ ရုရှားနိုင်ငံသို့ သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးကို မြှင့်တင်နိုင်ခဲ့သလို မြန်မာနိုင်ငံအတွက် အကျိုးရှိစေမည့် သဘောတူညီမှုများကိုလည်း လက်မှတ်ရေးထိုးခဲ့သည်ကို တွေ့ရသည်။**

*ဇင်ငြိမ်း*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ရုရှားနိုင်ငံခရီးစဉ်အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin နှင့် စက်တင်ဘာ ၇ ရက်က တွေ့ဆုံဆွေးနွေးစဉ်။

## မြန်မာ့ပထဝီနိုင်ငံရေး

မြန်မာနိုင်ငံ၏ ပထဝီနိုင်ငံရေးမှာ အနောက်အုပ်စု အထူးသဖြင့် အမေရိကန်နိုင်ငံအတွက် အထူးစိတ်ဝင်စားစရာ ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိပါသည်။ တရုတ်နိုင်ငံသည် စီးပွားရေးတွင် အမေရိကန်နိုင်ငံနှင့် ပခုံးချင်းယှဉ်လျက်ရှိပြီး စစ်ရေးစွမ်းအားမှာ ကမ္ဘာ၌ တတိယအဆင့်တွင် ရှိနေပါသည်။ ထို့အတူ အိန္ဒိယနိုင်ငံသည် စီးပွားရေးမှာ ကမ္ဘာ၌ ပဉ္စမအကြီးဆုံးဖြစ်ပြီး စစ်ရေးစွမ်းအားတွင် စတုတ္ထအဆင့် ရှိနေပါသည်။

အမေရိကန်အနေဖြင့် ထိုကဲ့သို့ ကမ္ဘာ့ထိပ်တန်းစီးပွားရေးနှင့် စစ်ရေးပိုင်ဆိုင်နေသည့် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အား ထိန်းချုပ်ရန်ဆိုပါက မြန်မာနိုင်ငံသည် အချက်အချာနေရာတွင် ရှိနေပါသည်။ သို့ဖြစ်ရာ အမေရိကန်အတွက် မြန်မာနိုင်ငံသည် ပထဝီနိုင်ငံရေးအရ အရေးပါနေသဖြင့် မြန်မာနိုင်ငံအပေါ်လွှမ်းမိုးရန် အစဉ်တစိုက် ကြိုးပမ်းလျက်ရှိပါသည်။ အလားတူ မြန်မာနိုင်ငံသည် တရုတ်နိုင်ငံအတွက် စီးပွားရေး၊ စစ်ရေး မဟာဗျူဟာပထဝီအနေအထားအရ အရေးပါလျက်ရှိနေပါသည်။

မြန်မာနိုင်ငံနှင့် ဆက်ဆံရေးတိုးမြှင့်လာသော ရုရှားနိုင်ငံသည် အမေရိကန်နိုင်ငံနှင့် ပြိုင်ဘက်ဟောင်းများဖြစ်ကြသကဲ့သို့ ယနေ့ထက်တိုင်လည်း အပြင်းအထန်ယှဉ်ပြိုင်နေကြဆဲ ဖြစ်ပါသည်။ အထူးသဖြင့် စစ်ရေးစွမ်းအားတွင် အမေရိကန်သည် နံပါတ်တစ်ဖြစ်ပြီး ရုရှားသည် နံပါတ်နှစ်အဆင့်ဖြစ်ပါသည်။ စီးပွားရေးအရ ရုရှားနိုင်ငံသည် ကမ္ဘာ့အဆင့် ၁၁ တွင် ရှိနေပါသည်။ အမေရိကန်အနေဖြင့် ရုရှားနိုင်ငံအပေါ် ပိတ်ဆို့ထိန်းချုပ်ရန် ကြိုးပမ်းလျက်ရှိရာ ကမ္ဘာ့နိုင်ငံရေးတွင် တင်းမာမှုများ ဆက်တိုက်ဖြစ်ပေါ်နေပါသည်။

မြန်မာနိုင်ငံအနေဖြင့် ရုရှားနိုင်ငံနှင့် ပထဝီနိုင်ငံရေးအရ ဆက်စပ်မှုနည်းပါးသော်လည်း အမေရိကန်နိုင်ငံ၏ အာရှဗဟိုပြုမူဝါဒအရ အာရှနိုင်ငံများအပေါ် လွှမ်းမိုးရန်ကြိုးပမ်းနေခြင်း၊ တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံကို ထိန်းချုပ်ရန်ကြိုးပမ်းနေခြင်းကြောင့် ရုရှားနိုင်ငံအတွက် မြန်မာနိုင်ငံနှင့် ဆက်ဆံရေးသည် အရေးပါသောဆက်ဆံရေးတစ်ရပ်ဟု ဆိုနိုင်ပါသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံသည် ကမ္ဘာ့အင်အားကြီးနိုင်ငံများအကြား ဆက်ဆံရေးတွင် ပထဝီနိုင်ငံရေးအရ အရေးပါသောနေရာ၌ ရှိနေပါသည်။

## မြန်မာနိုင်ငံအပေါ်တိုးမြှင့်လာသော စွက်ဖက်မှုများနှင့် ဖိအားများ

အမေရိကန်နှင့် အနောက်အုပ်စုသည် မြန်မာ့နိုင်ငံရေးအပါအဝင် ပြည်တွင်းရေးများတွင် နည်းလမ်းအမျိုးမျိုးဖြင့် ဝင်ရောက်စွက်ဖက်၍ မြန်မာနိုင်ငံအပေါ် လွှမ်းမိုးရန် ကြိုးပမ်းလျက်ရှိကြပါသည်။ ၁၉၈၈ ခုနှစ်နောက်ပိုင်း စီးပွားရေးပိတ်ဆို့မှုများနှင့် ဖိအားပေးမှုများလုပ်ဆောင်ခဲ့ပြီး ၂၀၁၁ ခုနှစ် ဒီမိုကရေစီအသွင်ကူးပြောင်းမှု နောက်ပိုင်းတွင် ဖြေလျှော့မှုများ ပြုလုပ်ခဲ့ပါသည်။ ထို့နောက်တွင် အသွင်ကူးပြောင်းရေး ပထမအစိုးရသက်တမ်းငါးနှစ်အတွင်း အမေရိကန်အပါအဝင် အနောက်အုပ်စုနှင့်သာမက အခြားနိုင်ငံများနှင့်ဆက်ဆံရေး တိုးမြှင့်လာခဲ့ပြီး ဆက်ဆံရေးများကို ပြန်လည်တည်ဆောက်နိုင်ခဲ့သည်ကို တွေ့ရပါသည်။

သို့သော်လည်း အမေရိကန်နှင့် အနောက်အုပ်စုသည် မြန်မာ့နိုင်ငံရေးအသွင်ကူးပြောင်းမှုအပေါ် စိတ်ဝင်စားသည်ထက် မြန်မာနိုင်ငံအပေါ် ၎င်းတို့လွှမ်းမိုးနိုင်ရေးကိုသာ အဓိကရည်ရွယ်ခဲ့သည်ကို ၂၀၁၅ ရွေးကောက်ပွဲနှင့် နောက်ပိုင်းတွင် ပိုမိုတွေ့မြင်လာခဲ့ရသည်။ ဘင်္ဂါလီများအရေးတွင် ကြိုးကိုင်ဖိအားပေးခြင်း၊ နိုင်ငံရေးတွင် ဝင်ရောက်စွက်ဖက်ခြင်း၊ ရွေးကောက်ပွဲတွင် နောက်ကွယ်မှ ပံ့ပိုးကူညီခြင်းကဲ့သို့သော လုပ်ဆောင်မှုများသည် မြန်မာနိုင်ငံတွင် ၎င်းတို့အလိုကျ အစိုးရတစ်ရပ်ဖြစ်ပေါ်လာရေး ရည်မှန်းချက်ဖြစ်ပါသည်။ ယင်းသို့သော စွက်ဖက်မှုများကြောင့် အောင်အောင်မြင်မြင် စတင်ခြေလှမ်းနေသည့် မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေးကို အထောက်အကူမပြုစေဘဲ လမ်းကြောင်းလွဲစေခဲ့သည့် အကြောင်းရင်းတစ်ချက်ဟု ဆိုနိုင်ပါသည်။

၂၀၂၁ ခုနှစ်နောက်ပိုင်းတွင် အမေရိကန်နှင့် အနောက်အုပ်စုသည် နိုင်ငံအလိုက်သာမကဘဲ ကုလသမဂ္ဂ၊ အာဆီယံ၊ လူ့အခွင့်အရေး၊ ICJ ကဲ့သို့သောအဖွဲ့အစည်းများမှတစ်ဆင့် ဖိအားအမျိုးမျိုးပေး၍ မြန်မာနိုင်ငံအပေါ် လွှမ်းမိုးရန်ကြိုးပမ်းနေကြပါသည်။ ယင်းသို့သော ဖိအားများသည် တစ်ဖက်တွင် မြန်မာနိုင်ငံ၏ နိုင်ငံတကာ ဆက်ဆံရေးကို တစ်မျိုးတစ်ဖုံ အကျိုးသက်ရောက်စေခဲ့ပါသည်။

## မြန်မာ – ရုရှားဆက်ဆံရေး

၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့က စတင်ထူထောင်ခဲ့သော မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံ ဆက်ဆံရေးသည် ယခုအခါ နှစ်ပေါင်း ၇၄ နှစ်ကျော်ရှိပြီဖြစ်သည်။ နှစ်ကာလကြာရှည်၍ ခိုင်မာသော ဆက်ဆံရေးဟုလည်း ဆိုနိုင်ပါသည်။ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံသည် နယ်မြေဒေသအားဖြင့် နီးစပ်သည့်နိုင်ငံများ မဟုတ်ကြချေ။ နှစ်နိုင်ငံသည် အဖြောင့်အတိုင်းအကွာအဝေးအားဖြင့် မိုင်ပေါင်းလေးထောင်ကျော် ကွာဝေးပါသည်။ ဆက်သွယ်ရေးစနစ်နှင့် သယ်ယူပို့ဆောင်ရေးစနစ်များ တိုးတက်မြင့်မားနေသော ဂလိုဘယ်လိုက်ဇေးရှင်းခေတ်တွင် ထိုအကွာအဝေးသည် အလှမ်းကွာဝေးသည်ဟု မဆိုနိုင်ချေ။ နှစ်နိုင်ငံအကြား ဆက်ဆံရေးသည် ယနေ့ထက်တိုင် ခိုင်မြဲလျက်ရှိပါသည်။ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံအကြား ဆက်ဆံရေးသည် ယခင်က စစ်ဘက်ရေးရာ ဆက်ဆံမှုနည်းခဲ့သော်လည်း နောက်ပိုင်းတွင် ကဏ္ဍအားလုံးဆက်ဆံရေး အသွင်ဖြင့် တိုးမြှင့်လာသည်ကို တွေ့ရပါသည်။

၁၉၅၀ ပြည့်နှစ်လွန်ကာလများအတွင်း နှစ်နိုင်ငံခေါင်းဆောင်များ အပြန်အလှန်လည်ပတ်သည့် ခရီးစဉ်များရှိခဲ့ပြီး ရုရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ ကူညီခဲ့သည့်သာဓကများလည်း ရှိခဲ့ပါသည်။ စစ်အေးခေတ်လွန်ကာလများတွင် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံအကြား ဆက်ဆံရေးအေးခဲခဲ့သော်လည်း နောက်ပိုင်းတွင် ဆက်ဆံရေးများ ယခင်ကထက် တိုးမြှင့်လာခဲ့သည်ကို တွေ့ရသည်။ အထူးသဖြင့် အမေရိကန်နှင့် အနောက်အုပ်စုက မြန်မာနိုင်ငံအရေး ဝင်ရောက်စွက်ဖက်လာပြီး စီးပွားရေးအပါအဝင် ပိတ်ဆို့မှုများ ချမှတ်ကျင့်သုံးလာချိန်တွင် မြန်မာ–ရုရှားဆက်ဆံရေး ပိုမိုတိုးမြှင့်လာခဲ့သည်။ ထို့ပြင် စက်တင်ဘာလ ၄ ရက်နေ့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ်တွင် နှစ်နိုင်ငံအကြားဆက်ဆံရေးကို ပိုမိုမြှင့်တင်နိုင်ခဲ့သည်ကို တွေ့ရပါသည်။

## ရန်သူမရှိ မိတ်ဆွေမရှိ

နိုင်ငံတကာဆက်ဆံရေးတွင် ရန်သူမရှိ မိတ်ဆွေမရှိဆိုသည့်စကားသည် လက်တွေ့ကျသည့် ကျင့်စဉ်တစ်ရပ်ဖြစ်သည်။ တစ်ချိန်က အမေရိကန်နှင့် ပြင်းပြင်းထန်ထန် တိုက်ခိုက်ခဲ့ကြသော ဂျပန်၊ ကမ္ဘောဒီးယားကဲ့သို့သော နိုင်ငံများသည် ယနေ့အခါ အမေရိကန်နိုင်ငံ၏ မိတ်ဆွေရင်းခြာ နိုင်ငံများဖြစ်နေကြပါသည်။ အမျိုးသားအကျိုးစီးပွားအတွက်၊ ကိုယ့်နိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေမည့် နိုင်ငံနှင့် ဆက်ဆံခြင်းသည် ကမ္ဘာ့နိုင်ငံရေးတွင် ထူးဆန်းသည့်ဖြစ်စဉ်မဟုတ်ပါ။ မြန်မာ့နိုင်ငံခြားရေးမူဝါဒသည် ပထဝီနိုင်ငံရေးအခြေအနေအရ ကြားနေနိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးသည်ဆိုသော်လည်း လက်ရှိဖြစ်ပေါ်နေသည့် ကမ္ဘာ့နိုင်ငံရေးပြိုင်ဆိုင်မှုတွင်

*စာမျက်နှာ ၇ သို့*

**❑ မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံအကျိုးစီးပွားကာကွယ်ရေးနှင့်မြှင့်တင်ရေးအတွက် ရန်သူမရှိ မိတ်ဆွေမရှိဘဲ နိုင်ငံတကာဆက်ဆံရေးကို အကောင်အထည်ဖော်ရမည်သာ ဖြစ်သည်။ သို့ဖြစ်၍လည်း သူ့အကျိုးရှိ၊ ကိုယ်အကျိုးရှိစေမည့် မြန်မာ- ရုရှားဆက်ဆံရေးကို ယခင်ကထက် ပိုမိုမြှင့်တင်လာခြင်းဟု ယူဆရပါသည်**

**❑ မြန်မာ - ရုရှားဆက်ဆံရေးသည် ယနေ့မှဖြစ်လာသည့် နှစ်နိုင်ငံဆက်ဆံရေးမဟုတ်ဘဲ နှစ်ကာလကြာရှည်စွာ ခိုင်မြဲနေသည့် ဆက်ဆံရေးဖြစ်ပါသည်။ ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာဖိအားများနှင့် အကျပ်အတည်းများ ရင်ဆိုင်ရသည့် အချိန်တိုင်းတွင် ရုရှားနိုင်ငံက မြန်မာနိုင်ငံဘက်မှ ရပ်တည်ပေးခဲ့ပါသည်**

# အခမ်းအနားမှူးသင်တန်း၊ အစားအသောက်နှင့် အဖျော်ယမကာဝန်ဆောင်မှုကျွမ်းကျင်သင်တန်းများ သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ



**နေပြည်တော် စက်တင်ဘာ ၂၄**

ပြည်ထဲရေးဝန်ကြီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အခမ်းအနားမှူးသင်တန်း၊ အစားအသောက်နှင့် အဖျော်ယမကာဝန်ဆောင်မှု ကျွမ်းကျင်သင်တန်းများ သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၈) အရိန္ဒမာခန်းမ၌ ကျင်းပရာ အခမ်းအနားမှူးသင်တန်းကို ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်နှင့် အစားအသောက်နှင့် အဖျော်ယမကာဝန်ဆောင်မှု ကျွမ်းကျင်သင်တန်းကို ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက်တို့ တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားကာ သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြသည်။ **(အပေါ်ပုံ)**

ပြည်ထဲရေး ဝန်ကြီးဌာနလက်အောက်ရှိ တပ်ဖွဲ့နှင့် ဦးစီးဌာနများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအား ဝန်ကြီးဌာနအဆင့် သို့မဟုတ် တပ်ဖွဲ့၊ ဦးစီးဌာနအဆင့် အခမ်းအနားများတွင် အခမ်းအနားမှူး တာဝန်ထမ်းဆောင်တတ်စေရန်၊ စကားပြောစွမ်းရည် တိုးတက်စေပြီး လုပ်ငန်းခွင်အတွင်း ယုံကြည်မှုရှိစေရန်၊ ကိုယ်ရည်ကိုယ်သွေးကောင်းမွန်ပြီး လူမှုဆက်ဆံရေး နယ်ပယ်တွင် ကောင်းမွန်စွာ အသုံးချတတ်စေရန်နှင့် အခမ်းအနားမှူးတာဝန် ပေးအပ်သည့်အခါ နည်းစနစ်မှန်ကန်ကျနစွာဖြင့် တာဝန်ထမ်းဆောင်တတ်စေရန်ရည်ရွယ်၍ အခမ်းအနားမှူး သင်တန်းကို နေပြည်တော် ရုံးအမှတ် (၈) အရိန္ဒမာခန်းမ၌ စက်တင်ဘာ ၂၀ ရက်က ဖွင့်လှစ်ပြီး စာတွေ့လက်တွေ့သင်ကြားပို့ချပေးခဲ့ခြင်း ဖြစ်သည်။

ထို့အတူ အခမ်းအနားများ၌ အစားအသောက်နှင့် အဖျော်ယမကာ တည်ခင်းဧည့်ခံ ကျွေးမွေးရာတွင် စနစ်တကျ သန့်ရှင်းသပ်ရပ်စွာဖြင့် တည်ခင်းဧည့်ခံ ကျွေးမွေးတတ်စေရန် ရည်ရွယ်၍ အစားအသောက်နှင့် အဖျော်ယမကာဝန်ဆောင်မှု ကျွမ်းကျင်သင်တန်းကို Royal Naypyitaw Hotel တွင် စက်တင်ဘာ ၁၉ ရက်က ဖွင့်လှစ်ပြီး စာတွေ့လက်တွေ့ သင်ကြားပို့ချပေးခြင်း ဖြစ်သည်။

ယခု ဖွင့်လှစ်သင်ကြားပေးသော အခမ်းအနားမှူးသင်တန်းကို စက်တင်ဘာ ၂၀ ရက်မှ ၂၄ ရက်အထိ မြဝတီရုပ်မြင်သံကြား (နေပြည်တော်)၊ ပြည်တွင်းသတင်းဌာနမှ ကျွမ်းကျင်သူများက စာတွေ့လက်တွေ့သင်ကြားပို့ချပေးရာ သင်တန်းသား၊ သင်တန်းသူ ၇၇ ဦး တက်ရောက်သင်ကြားကြောင်းနှင့် အစားအသောက်နှင့် အဖျော်ယမကာဝန်ဆောင်မှု ကျွမ်းကျင်သင်တန်းကို စက်တင်ဘာ ၁၉ ရက်မှ ၂၄ ရက်အထိ TRC Hotel and Vocational Training Institute မှ နည်းပြများက စာတွေ့ လက်တွေ့ သင်ကြားပို့ချပေးခဲ့ရာ သင်တန်းသား၊ သင်တန်းသူ ၄၃ ဦး တက်ရောက်သင်ကြားခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## စဉ့်ကူးမြို့နယ်၌ နှာခေါင်းစည်းလှုပ်ရှားမှု ပြုလုပ်

**စဉ့်ကူး စက်တင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် လက်ပန်လှကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းရှေ့၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု ကာကွယ်ထိန်းချုပ်နိုင်ရန် ယမန်နေ့က နှာခေါင်းစည်းလှုပ်ရှားမှု ပြုလုပ်ဆောင်ရွက်သည်။

ထိုသို့ နှာခေါင်းစည်းလှုပ်ရှားမှု ဆောင်ရွက်ရာတွင် မြို့နယ်အဆင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းကျော်နိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အထက (လက်ပန်လှ)မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ၊ ခရီးသွားပြည်သူများထံသို့ နှာခေါင်းစည်း အခု ၂၀၀၀ ကို အခမဲ့ပေးဝေခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)** **တင်ဇာလွင်(ပြန်/ဆက်)**



## နေပြည်တော်ကောင်စီ၏စီစဉ်မှုဖြင့် အခြေခံလူတန်းစားများထံ ဆန်၊ ဆီများ အခမဲ့ပေးအပ်

**ပျဉ်းမနား စက်တင်ဘာ ၂၄**

နေပြည်တော်ကောင်စီ၏ စီစဉ်မှုဖြင့် ပျဉ်းမနားမြို့နယ်အတွင်းရှိ စေတနာရှင်ပြည်သူများက လှူဒါန်းသည့် ဆန်၊ ဆီများအား အခြေခံလူတန်းစားအိမ်ထောင်စုများထံ အခမဲ့ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ် ရန်အောင်(၂)ရပ်ကွက် ကျွန်းတောဓမ္မာရုံ၌လည်းကောင်း၊ မွန်းလွဲပိုင်းတွင် တောင်သာရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌လည်းကောင်း အခြေခံလူတန်းစားအိမ်ထောင်စုများထံ အသီးသီး ထောက်ပံ့ပေးအပ်သည်။ **(ယာပုံ)**



ပျဉ်းမနားမြို့နယ်အတွင်းရှိ စေတနာရှင်ပြည်သူများက လှူဒါန်းသည့် ဆန်၊ ဆီများကို အခြေခံလူတန်းစားအိမ်ထောင်စုများထံထောက်ပံ့ပေးအပ်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်သန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သက်ဆိုင်ရာရပ်ကွက် အုပ်ချုပ်ရေးမှူးများက ရန်အောင်(၂)ရပ်ကွက်အတွင်းရှိ အခြေခံလူတန်းစားအိမ်ထောင်စု ၁၀၀ အတွက် ငွေကျပ် လေးသိန်းတန်ဖိုးရှိ အခြေခံစားကုန်များဖြစ်သည့် ဆန်နှင့် ဆီများအားလည်းကောင်း၊ တောင်သာရပ်ကွက်အတွင်းရှိ အခြေခံလူတန်းစားအိမ်ထောင်စု ၁၀၀ အတွက် ငွေကျပ် လေးသိန်းတန်ဖိုးရှိ အခြေခံစားကုန်များဖြစ်သည့် ဆန်နှင့်ဆီများကိုလည်းကောင်း ပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးအပ်ကြသည်။ **မြို့နယ်(ပြန်/ဆက်)**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် စက်တင်ဘာ ၂၄**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မော်လမြိုင်မြို့တွင် ၃ ဒသမ ၁၁ လက်မ၊ ခန္တီးမြို့တွင် ၁ ဒသမ ၈၁ လက်မ၊ ဝွမြို့တွင် ၁ ဒသမ ၅၄ လက်မ၊ မြဝတီမြို့တွင် ၁ ဒသမ ၅၀ လက်မ၊ ဘားအံမြို့တွင် ၁ ဒသမ ၃၄ လက်မ၊ ချောင်းဆုံမြို့တွင် ၁ ဒသမ ၂၆ လက်မ၊ တောင်ကြီးမြို့နှင့် စစ်တွေမြို့တွင် ၁ ဒသမ ၂၂ လက်မစီနှင့် ဆိပ်သာမြို့တွင် ၁ ဒသမ ၁၈ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

*စာမျက်နှာ ၆ မှ*

ကိုယ့်နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေးအတွက်မူ လိုက်လျောညီထွေဆက်ဆံကြရမည် ဖြစ်သည်။

ကမ္ဘာတစ်ဝန်း အမျိုးသားအကျိုးစီးပွားကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် အကောင်အထည်ဖော်နေကြချိန်တွင် မြန်မာနိုင်ငံအနေဖြင့်လည်း ကိုယ့်နိုင်ငံအကျိုးစီးပွားကာကွယ်ရေးနှင့် မြှင့်တင်ရေးကို လုပ်ဆောင်ရမည်ဖြစ်ပါသည်။ ကမ္ဘာ့အင်အားကြီးနိုင်ငံများက အင်အားနည်းနိုင်ငံများကို အသုံးချ၍ ကိုယ်ကျိုးစီးပွားရှာနေကြချိန်တွင် နိုင်ငံငယ်များအတွက် နိုင်ငံအကျိုးစီးပွားကာကွယ်ရေးမှာ ပိုမိုအရေးကြီးသည့်အချိန် ဖြစ်လာနေသည်ကို တွေ့ရပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံအကျိုးစီးပွားကာကွယ်ရေးနှင့် မြှင့်တင်ရေးအတွက် ရန်သူမရှိ မိတ်ဆွေမရှိဘဲ နိုင်ငံတကာဆက်ဆံရေးကို အကောင်အထည်ဖော်ရမည်သာ ဖြစ်သည်။ သို့ဖြစ်၍လည်း သူ့အကျိုးရှိ၊ ကိုယ်အကျိုးရှိစေမည့် မြန်မာ-ရုရှားဆက်ဆံရေးကို ယခင်ကထက် ပိုမိုမြှင့်တင်လာခြင်းဟု ယူဆရပါသည်။

မြန်မာ - ရုရှားဆက်ဆံရေးသည် ယနေ့မှ ဖြစ်လာသည့် နှစ်နိုင်ငံဆက်ဆံရေး မဟုတ်ဘဲ နှစ်ကာလကြာရှည်စွာခိုင်မြဲနေသည့် ဆက်ဆံရေး ဖြစ်ပါသည်။ ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာဖိအားများနှင့် အကျပ်အတည်းများ ရင်ဆိုင်ရသည့် အချိန်တိုင်းတွင် ရုရှားနိုင်ငံက မြန်မာနိုင်ငံဘက်မှ ရပ်တည်ပေးခဲ့ပါသည်။ ယင်းသို့ ရပ်တည်ပေးမှုသည် နှစ်နိုင်ငံအကြား အပြန်အလှန် အကျိုးပြုမှုဟု ဆိုရပါမည်။ အထူးသဖြင့် မြန်မာနိုင်ငံ၌ ပြင်ပ၏ဖိအားများ ရင်ဆိုင်နေရချိန်တွင် ရုရှားနိုင်ငံနှင့် ဆက်ဆံရေးတိုးမြှင့်လိုက်ခြင်းကြောင့် သူ့အကျိုး၊ ကိုယ့်အကျိုးဖြစ်စေမည့် ပူးပေါင်းဆောင်ရွက်မှု ဖြစ်ပါသည်။

### အမျိုးသားအကျိုးစီးပွားကာကွယ်ရေးနှင့် မြှင့်တင်ရေး

အမျိုးသားအကျိုးစီးပွားသည် နိုင်ငံတစ်နိုင်ငံအတွက် အဓိကဦးတည်ချက်ဖြစ်ရာ သက်ဆိုင်ရာနိုင်ငံအတွက် အခြေခံအကျဆုံးလုပ်ငန်းစဉ်တစ်ရပ်လည်း ဖြစ်ပါသည်။ သို့ဖြစ်၍ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံတွင် နိုင်ငံတိုင်းသည် အမျိုးသားအကျိုးစီးပွားကာကွယ်ရေး၊ အမျိုးသားအကျိုးစီးပွားဖော်ဆောင်ရေးအတွက် ဦးတည်လုပ်ဆောင်နေကြသည်ကို တွေ့ရပါသည်။

အမျိုးသားအကျိုးစီးပွားသည် သက်ဆိုင်ရာနိုင်ငံ၏ နိုင်ငံသားတစ်ဦးချင်း အရေးကိစ္စမှ တစ်မျိုးသားလုံး၏ အရေးကိစ္စအထိ ကျယ်ပြန့်စွာ ပါဝင်ပါသည်။ နိုင်ငံသားများ ကောင်းကျိုး၊ တစ်မျိုးသားလုံးကောင်းကျိုးကို ထိန်းသိမ်းကာကွယ်ခြင်း၊ အကောင်အထည်ဖော်ခြင်း၊ မြှင့်တင်ခြင်းဖြင့် အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်ကြသည်ကို တွေ့ရပါသည်။ ကမ္ဘာတွင် နိုင်ငံများအလိုက် အမျိုးသားအကျိုးစီးပွား ဖော်ဆောင်ကြရင်း ထိပ်တိုက်ရင်ဆိုင်မှုများ၊ ပဋိပက္ခများ၊ တင်းမာမှုများနှင့် တိုက်ခိုက်မှုများ ဖြစ်ပွားနေကြပါသည်။

စစ်အေးခေတ်လွန် ပြိုင်ဘက်ကင်းဖြစ်လာသည့် အမေရိကန်နိုင်ငံသည် ကမ္ဘာ့ အင်အားအကြီးမားဆုံး ဖြစ်လာပြီးနောက်ပိုင်း ၎င်း၏ အကျိုးစီးပွားများ ကာကွယ်ရေးနှင့် အကောင်အထည်ဖော်ရေးအတွက် အင်အားကြီးလာသည့် တရုတ်၊ ရုရှားတို့နှင့် ထိပ်တိုက်ရင်ဆိုင်မှုများ ဖြစ်ပွားနေပါသည်။ အမေရိကန်သမ္မတဟောင်း ထရမ့်လက်ထက်က အမေရိကန်၏ အကျိုးစီးပွားသည်သာ ပထမဟု ကြွေးကြော်ခဲ့သည်ကို ကြည့်ခြင်းအားဖြင့် အမေရိကန်၏ ရည်ရွယ်ချက်များကို သိသာနိုင်ပါသည်။

အလားတူ အခြားနိုင်ငံများသည်လည်း ကိုယ့်နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ထိပ်တန်းတင်ကြမည်ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့်လည်း ပြောင်းလဲနေသည့် ကမ္ဘာ့နိုင်ငံရေးအခြေအနေနှင့်အညီ အမျိုးသားအကျိုးစီးပွားအတွက် လိုက်လျောညီထွေ ပြောင်းလဲကျင့်သုံးရမည်သာ ဖြစ်ပေသည်။

### ထိရောက်စွာအသုံးချ

မြန်မာနိုင်ငံသည် လက်ရှိအချိန်တွင် တရုတ်၊ အိန္ဒိယ၊ အမေရိကန်နှင့် ရုရှား အင်အားကြီးနိုင်ငံလေးနိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေးအကြားတွင် ရောက်ရှိနေပါသည်။ အထူးသဖြင့် တရုတ်၊ ရုရှား၊ အမေရိကန်ဆက်ဆံရေးအကြားတွင် အမျိုးသားအကျိုးစီးပွားအတွက် ကျွမ်းကျင်စွာအသုံးချမှသာ အကျိုးရရှိမည်ဖြစ်သည်။

လက်ရှိကာလတွင် အမေရိကန်နိုင်ငံသည် တရုတ်၊ ရုရှားတို့နှင့် တင်းမာမှုများရှိနေသောအချိန်ဖြစ်ပါသည်။ မြန်မာနိုင်ငံအပေါ် အမေရိကန်၏ အမျိုးမျိုးဖိအားပေးမှုများလည်း ရှိနေချိန်ဖြစ်ပါသည်။ ထိုသို့သောအခြေအနေတွင် မြန်မာနိုင်ငံအနေဖြင့် အင်အားကြီးနိုင်ငံများနှင့် ဆက်ဆံရေးကို ဟန်ချက် ညီထိရောက်စွာအသုံးချခြင်းဖြင့် နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်နိုင်မည် ဖြစ်ပါသည်။ ။

# မြစ်ကြီးနားမြို့ သန့်ရှင်းသာယာလှပစေရေးအတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့ဦးဆောင်ပြီး စုပေါင်းသန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်

**မြစ်ကြီးနား စက်တင်ဘာ ၂၄**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ သန့်ရှင်းသာယာသော မြို့ပြများဖြစ်လာစေရေးအတွက် အပတ်စဉ် စနေနေ့တိုင်း ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များ စုပေါင်းသန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းက မြစ်ကြီးနားမြို့ ပမ္မတီးရပ်ကွက် အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

ယင်းသို့ သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်မှုကို ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကျောင်းဝင်းအတွင်းနှင့် အပြင်တို့၌ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ နယ်မြေခံ တပ်ရင်းတပ်ဖွဲ့မိသားစုများ စုပေါင်း၍ သန့်ရှင်းသာယာလှပရေး သစ်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းနေမှု၊ အမှိုက်များ ကောက်ယူခြင်း၊ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး တူးဖော်ပေးခြင်း၊ ရေတွင်း/ရေကန်များ သန့်ရှင်းပေးခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကြပြီး **(အပေါ်ယာပုံ)** သန့်ရှင်းရေးလုပ်ငန်း



ဆောင်ရွက်နေသူများအား ရေသန့်ဘူးနှင့် မုန့်များ ဝေငှခြင်း၊ ကျောင်းအတွက် ထောက်ပံ့ငွေများ ပေးအပ်ခြင်းတို့ ဆောင်ရွက်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြစ်ကြီးနားမြို့အတွင်း ပြည်ထောင်စုလမ်းမကြီးမှတစ်ဆင့် မော်ဖောင်းကျေးရွာအုပ်စုအတွင်း ဖြတ်သန်း၍ ရှဒေါင်ကျေးရွာအထိ ပြည်နယ်လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် နန်ပေါင်ရှောင်ကွင်းလမ်း အရှည်ပေ ၈ မိုင် ၃ ဖာလုံ လမ်းပိုင်းအတွင်း ၆ မိုင် ၃ ဖာလုံလမ်းအား ကွန်ကရစ်လမ်းသစ်ခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းများ သတ်မှတ်ချိန်အမီ အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ရေး၊ မြို့ရှောင်လမ်းတစ်ခုဖြစ်သော်လည်း ကျေးရွာများတွင် ဖြတ်သန်းသွားသည့်အတွက် ကျေးလက်ကုန်ထုတ်လမ်းများကိုပါ ဆောင်ရွက်ပေးနိုင်ရေး စနစ်တကျ ကွင်းဆင်းတိုင်းတာ တင်ပြနိုင်ရေး တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် အဆိုပါလမ်းပိုင်းနှင့် တစ်ဆက်တစ်စပ်တည်း မော်ဖောင်းကျေးရွာအုပ်စုအတွင်းရှိ မြေလွတ်မြေလပ် ဧက ၅၀၀ ပေါ်တွင် အကောင်အထည်ဖော် တည်ဆောက်သွားမည့် အားကစားနှင့် ကာယပညာသိပ္ပံကျောင်းမြေနေရာ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ မွေးမြူရေးသုတေသနနှင့် သရုပ်ပြခြံတည်ဆောက်မည့် မြေနေရာအပါအဝင် ဌာနဆိုင်ရာများ၏ မြေနေရာများအား ကြည့်ရှုစစ်ဆေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က နန်ပေါင်ရှောင်ကွင်းလမ်း၊ အား/ကာသိပ္ပံကျောင်းနှင့် ဌာနဆိုင်ရာရုံးများ ပါဝင်လာသည့်အတွက် မော်ဖောင်းကျေးရွာအုပ်စုအတွင်း မြို့ကွက်သစ်ပုံစံဖြင့် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ ရေရှည်အကျိုးဖြစ်ထွန်းလာစေရေးအတွက် ကျေးလက်ကုန်ထုတ်လမ်းများအပြင် ဈေးနှင့်ကျေးလက် ကျန်းမာရေးဌာနမြေနေရာများကို လျာထားဆောင်ရွက်နိုင်ရေး ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



# မကွေးတိုင်းဒေသကြီးအတွင်း ဆန်စပါးစားနပ်ရိက္ခာဖူလုံပိုလျှံစေရေးနှင့် တောင်သူများ သီးနှံဝင်ငွေတိုးပွားရေး စပါးမျိုးကောင်းမျိုးသန့်များ တိုးချဲ့စိုက်ပျိုး

**ပွင့်ဖြူ စက်တင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်သည် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး/ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက ပွင့်ဖြူမြို့နယ် သရက်အုပ်ကျေးရွာအုပ်စုရှိ မုန်းသီတာစိုက်ပျိုးရေးကုမ္ပဏီ (ဖူးပွင့်သမအသင်း) မှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်း အောင်မြင်ဖြစ်ထွန်းမှုအခြေအနေနှင့် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ စိုက်ပျိုးရေဖြန့်ဝေပေးနေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပွင့်ဖြူမြို့နယ် သရက်အုပ်ကျေးရွာအုပ်စုရှိ မုန်းသီတာစိုက်ပျိုးရေးကုမ္ပဏီ (ဖူးပွင့်သမအသင်း) မှ စိုက်ပျိုးထားရှိသော ဆာဖိုးသာ - ၁ စပါးမျိုး စံပြကွက်စိုက်ခင်းနှင့် မိဘလိုင်းမွေးမြူထိန်းသိမ်းခြင်းနှင့် စပါးနက်မျိုးစေ့ထုတ်စိုက်ခင်း အောင်မြင်ဖြစ်ထွန်းမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မုန်းသီတာစိုက်ပျိုးရေးကုမ္ပဏီ မျိုးစေ့ထုတ်စက်ရုံ၌ ဒေသခံတောင်သူများနှင့် တွေ့ဆုံပွဲပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း ဆန်စပါးစားနပ်ရိက္ခာဖူလုံပိုလျှံစေရေးနှင့် ဒေသခံတောင်သူများ သီးနှံဝင်ငွေတိုးပွားရေးအတွက် အထွက်နှုန်းကောင်းသော စပါးမျိုးကောင်းမျိုးသန့်များကို တိုးချဲ့စိုက်ပျိုးထုတ်လုပ်သွားရန်၊ စားသုံးသီးနှံများတွင် အစားအစာဘေးကင်းလုံခြုံရေးအတွက် စိုက်ပျိုးစရိတ် အကုန်အကျ သက်သာသော သဘာဝမြေဩဇာနှင့် သဘာဝပိုးသတ်ဆေးများ အစားထိုးထုတ်လုပ် သုံးစွဲနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားပြီး ဆန်စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့် ပတ်သက်ပြီး ဒေသခံတောင်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများအဖွဲ့သည် ပွင့်ဖြူမြို့နယ် ရွာခိုင်ကျေးရွာ ကွင်းအမှတ် (၇၈၇) မိုးစပါးစိုက်ခင်းသို့ ရောက်ရှိပြီး မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ မဲဇလီရေလွှဲဆည်မှတစ်ဆင့် စိုက်ပျိုးရေဖြန့်ဝေပေးလျက်ရှိသည့် မြောက်မုန်းမြောင်းမကြီးအတွင်းမှ ဆည်ရေအား အလိုအလျောက် အမြင့်တင်စနစ်ဖြင့် မိုးစပါးစိုက်ခင်းများအား ရေတင်ခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးရေဖြန့်ဝေရာ၌ ဆည်ရေလေလွင့်ဆုံးရှုံးမှုမရှိအောင် စနစ်တကျဖြန့်ဝေဆောင်ရွက်သွားရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ကရင်ပြည်နယ်အတွင်း ဆီဖူလုံမှုပြည့်မီစေရေး ဆီထွက်သီးနှံများကို အရှိန်အဟုန်မြှင့်တိုးချဲ့စိုက်ပျိုးသွားမည်

ဘားအံ စက်တင်ဘာ ၂၄

**ကရင်ပြည်နယ်အတွင်း ဆီးဖူလုံမှုရာခိုင်နှုန်းမှာ ၇၀ ရာခိုင်နှုန်းခန့်သာရှိပြီး ၁၀၀ ရာခိုင်နှုန်းပြည့်မီကျော်လွန်ဖူလုံစေရေးအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့ ဆီဖူလုံရေးနှင့်ဆီထွက်သီးနှံတိုးမြှင့်ထုတ်လုပ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေး ခန်းမ(၃)၌ ကျင်းပသည်။**

အစည်းအဝေးတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ပြည်နယ်အတွင်း စိုက်ပျိုးဖြစ်ထွန်းနိုင်သော မြေနှင့် ဆီထွက် သီးနှံအမျိုးအစားများရှိပြီး အခြားစိန်ခေါ်မှုများဖြစ်သော အရင်းအနှီး၊ လုပ်သားနှင့် ဈေးကွက်တို့ကို ဖြည့်ဆည်းပေးလိုက်မည်ဆိုပါက ဆီဖူလုံရေး အခက်အခဲရှိနိုင်မည် မဟုတ်ကြောင်း၊ လိုအပ်သည့် အရင်းအနှီးများကို နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ ကျပ်ရှစ်ဘီလီယံမှ စပါးအပြင် ဆီထွက်သီးနှံများကို ထုတ်ချေးပေးရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိပြီး အချိန်မီစိုက်ပျိုးနိုင်ရေး လိုအပ်သည့် မျိုးစေ့များ ထောက်ပံ့ပေးနိုင်ရန် စီစဉ်ထားပြီးဖြစ်ကြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ်တို့ကို အရှိန်အဟုန်မြှင့် တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ပြီး ရိတ်သိမ်းခြွေလှေ့ ကြိတ်ခွဲ ထုတ်လုပ်ပြီးပါက ဒေသတွင်း ဆီဖူလုံမှုရာခိုင်နှုန်းကို ဖြေလျှော့ပေးနိုင်မည် ဖြစ်ကြောင်း၊ ဆီထွက်သီးနှံများကို ကြိတ်ခွဲထုတ်လုပ်ရာတွင် အရည်အသွေး မြင့်မားသည့် စားသုံးဆီများရရှိစေရေး အဆင့်မီဆီကြိတ်စက်များ ရှိရန်လိုသည့်အတွက် အရင်းအနှီးများ ထုတ်ချေးပေးသွားရန် စီမံထားပါကြောင်း၊ ပြည်နယ်အတွင်း ဆီဖူလုံရေးနှင့် ဆီထွက်သီးနှံ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ပါဝင်ပတ်သက်သူများ အားလုံးက စိုက်ပျိုးခြွေလှေ့ကြိတ်ခွဲ ထုတ်လုပ်သည်မှ ဈေးကွက်ဖော်ဆောင်နိုင်သည်အထိ ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြစေ လိုကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဇော်ဝမ်းက ၂၀၂၂-၂၀၂၃ ခုနှစ် ကရင်ပြည်နယ်အတွင်း ဆီဖူလုံရေးနှင့် ဆီထွက်သီးနှံ တိုးမြှင့်ထုတ်လုပ်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဇော်မိုးအောင်က ဆီထွက်သီးနှံ စိုက်ဧရိယာများ လျာထားဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၅-၉-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၅၀ | ၂၁၉၅ | ၂၁၉၀ | ၂၁၅၅ | ၂၁၉၅ | ၂၂၁၅ | ၂၂၀၀ | ၂၁၈၀ | ၂၂၇၅ | ၂၂၉၀ | ၂၁၈၅ | ၂၁၉၅ | ၂၂၃၀ | ၂၂၃၀ | ၂၂၃၅ | ၂၄၅၅ | ၃၀၀၅ |
| 95 Ron | ၂၂၂၅ | ၂၂၇၅ | ၂၂၇၀ | ၂၂၃၅ | ၂၂၇၀ | ၂၂၉၅ | ၂၂၈၀ | ၂၂၆၀ | ၂၃၅၀ | ၂၃၇၀ | ၂၂၆၅ | ၂၂၈၀ | ၂၃၁၀ | ၂၃၁၀ | ၂၃၁၀ | ၂၅၃၀ | ၃၀၉၅ |
| HSD (500 ppm) | ၂၆၄၅ | ၂၆၉၅ | ၂၆၉၀ | ၂၆၅၅ | ၂၆၉၀ | ၂၇၁၅ | ၂၇၁၀ | ၂၆၈၀ | ၂၇၉၅ | ၂၇၈၅ | ၂၆၈၅ | ၂၆၉၅ | ၂၇၃၀ | ၂၇၃၀ | ၂၇၃၀ | ၂၉၅၀ | ၃၇၀၀ |
| HSD (50 ppm) | ၂၇၃၀ | ၂၇၈၀ | ၂၇၇၅ | ၂၇၄၀ | ၂၇၇၅ | ၂၈၀၀ | ၂၇၉၅ | ၂၇၆၅ | ၂၈၈၀ | ၂၈၇၀ | ၂၇၇၀ | ၂၇၈၀ | ၂၈၁၅ | ၂၈၁၅ | ၂၈၁၅ | ၃၀၃၅ | ၃၇၃၅ |
| HSD (10 ppm) | ၂၇၃၀ | ၂၇၈၀ | ၂၇၇၅ | ၂၇၄၀ | ၂၇၇၅ | ၂၈၀၀ | ၂၇၉၅ | ၂၇၆၅ | ၂၈၈၀ | ၂၈၇၀ | ၂၇၇၀ | ၂၇၈၀ | ၂၈၁၅ | ၂၈၁၅ | ၂၈၁၅ | ၃၀၃၅ | ၃၇၃၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၄၇ | ၂၁၂၁ |
| 95 Ron | ၂၁၂၂ | ၂၁၉၈ |
| HSD (500 ppm) | ၂၅၃၂ | ၂၆၀၃ |
| HSD (50 ppm) | ၂၆၁၂ | ၂၆၉၄ |
| HSD (10 ppm) | ၂၆၁၂ | ၂၆၉၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## သန့်ရှင်းသာယာသောမြို့၊ ရွာများဖြစ်စေရေး ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များက အားတက်သရောဆောင်ရွက်

**နေပြည်တော် စက်တာဘာ ၂၄**

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများအားလုံးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့၊ ရွာဒေသများ သန့်ရှင်းသာယာလှပရေးကို အားတက်သရော ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အပါအဝင် မြို့နယ် ရှစ်မြို့နယ်တို့၌လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်အပါအဝင် မြို့နယ်သုံးမြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ် အပါအဝင် မြို့နယ် သုံးမြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်အပါအဝင် မြို့နယ်ခြောက်မြို့နယ်တို့၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့အပါအဝင် မြို့နယ် ၁၀ မြို့နယ်တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ခရိုင်များအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်တို့၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်အပါအဝင် မြို့နယ် ၁၂ မြို့နယ်တို့၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိမြို့နယ် ၂၈ မြို့နယ်နှင့် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်တို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်အပါအဝင် မြို့နယ် ၁၁ မြို့နယ်တို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့တို့၌လည်းကောင်း ဘုရား၊ စေတီပုထိုးများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းနှင့် ခြင်ဆေးဖျန်းပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။



ယင်းသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ကျိုက်လတ်၌ ပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူနိုင်ရေး ဆန်များ ဆက်လက်ရောင်းချပေး

**ကျိုက်လတ် စက်တင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်၌ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ဧရာဝတီတိုင်းဒေသကြီး ဒေသကော်မတီ (၅) ဖျာပုံခရိုင်နှင့် ကျိုက်လတ်မြို့နယ်ဆန်စက်လုပ်ငန်းရှင်များအသင်းမှ ပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် ဆန်များ ဝယ်ယူနိုင်ရေးအတွက် အမှတ် (၃) ရပ်ကွက် (၆) ဖြတ်လမ်းရှိ စားသုံးသူရေးရာဦးစီးဌာနရုံး၌ ဆန်များကို ယနေ့ နံနက်ပိုင်းတွင် ဆက်လက် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ (ဓါတ်ပုံ)

အဆိုပါ ပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူနိုင်ရေး ဆန်များ ရောင်းချပေးနေခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းအောင်နှင့် အဖွဲ့ဝင်များက လာရောက်ကြည့်ရှုအားပေးကြသည်။ မြို့နယ် ဆန်စက်လုပ်ငန်းရှင်များက ပြည်သူများ စားဝတ်နေရေးအဆင်ပြေစေရန် ဈေးနှုန်းသက်သာစွာဖြင့် ဆန်များ ဝယ်ယူနိုင်ရေးအတွက် အချွန်ဆန်တစ်ပြည်လျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် လူတစ်ဦးလျှင်ဆန် တစ်ပြည်နှုန်း ရောင်းချပေးလျက်ရှိပြီး စတင်ရောင်းချသည့် ဩဂုတ် ၂၂ ရက်မှ ယနေ့အထိ ဆန်ပြည် ၁၆၅၆၀ ရောင်းချပြီးဖြစ်ကြောင်း သိရသည်။ **ကျိုက်လတ်(ပြန်/ဆက်)**

စက်တင်ဘာလ ၂၇ ရက်နေ့တွင် ကျရောက်မည့် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# ခရီးသွားလုပ်ငန်းဖွံ့ဖြိုးဖို့ ပြန်လည်ကြံဆဆောင်ရွက်စို့

*ဆု (Tourism)*

*(စက်တင်ဘာ ၂၃ ရက်မှအဆက်)*

## ပြန်လည်ဖွင့်လှစ်မှုအခြေအနေများ

ကိုဗစ်-၁၉ ရောဂါထိန်းချုပ်နိုင်ရေး ကာကွယ်ဆေးများထိုးနှံ၍ ရောဂါအတော်အသင့် ထိန်းချုပ်နိုင်လာခြင်းနှင့်အတူ ကမ္ဘာ့ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ခြင်းသည်လည်း တစ်ပါတည်း လိုက်ပါလာခဲ့သည်။ ၂၀၂၁ ခုနှစ် နှောင်းပိုင်းနှင့် ၂၀၂၂ ခုနှစ် နှစ်ဦးပိုင်းတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ ခရီးသွားလုပ်ငန်းကို ပြန်လည်ဖွင့်လှစ်ခဲ့ကြရာ ၂၀၂၂ ခုနှစ် ဩဂုတ်လတွင် နိုင်ငံပေါင်း ၁၃၆ နိုင်ငံမှာ ပြန်လည်ဖွင့်လှစ်နေကြပြီး ဖြစ်ပါသည်။ ထိုသို့ ဖွင့်လှစ်ခဲ့သည့်အတွက် ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ မတ်လအထိ ကမ္ဘာ့ခရီးသွားလုပ်ငန်း၏ ခရီးသည်ဝင်ရောက်မှုမှာ ၁၁၇ သန်း ဝင်ရောက်ခဲ့ပြီး ၂၀၂၁ ခုနှစ်၏ အလားတူကာလတွင် ၄၁ သန်း ဝင်ရောက်ခဲ့သဖြင့် ၂၀၂၁ ခုနှစ်ထက် ၇၆ သန်းခန့် ပိုမိုဝင်ရောက်လာခဲ့ပါသည်။ ဒေသအလိုက် ၂၀၂၁ ခုနှစ် ခရီးသည်ဝင်ရောက်မှုများနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုပါက အာရှပစိဖိတ်ဒေသရှိ ခရီးစဉ်ဒေသများတွင် ၆၄ ရာခိုင်နှုန်း၊ ဥရောပဒေသတွင် ၂၈၀ ရာခိုင်နှုန်း၊ အရှေ့အလယ်ပိုင်းဒေသတွင် ၁၃၂ ရာခိုင်နှုန်း၊ အာဖရိကဒေသတွင် ၉၆ ရာခိုင်နှုန်း၊ အမေရိကဒေသတွင် ၄၃ ရာခိုင်နှုန်း အသီးသီး တိုးတက်လာလျက်ရှိပါသည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီလက ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်-၂၀၂၂ တွင် "A Destination for Every Dream" ဟူသော ခရီးသွားလုပ်ငန်းအမှတ်တံဆိပ်နှင့်အတူ ပြန်လည် ဖွင့်လှစ်ကြောင်း ကြေညာခဲ့ပါသည်။ အိမ်နီးချင်းနိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံသည် ဇူလိုင်လမှစတင်၍ ကာကွယ်ဆေးထိုးနှံပြီးသော ခရီးသွားများအတွက် ဖူးခက်ကမ်းခြေသို့ Quarantine နေထိုင်ရန်မလိုအပ်ဘဲ သွားရောက်လည်ပတ်နိုင်သည့် "Phuket Sandbox" အစီအစဉ်ဖြင့် ခရီးသွားလုပ်ငန်းကို ပြန်လည်စတင်ဖွင့်လှစ်ကာ ဆွဲဆောင်နိုင်ခဲ့ပါသည်။ ၂၀၂၂ ခုနှစ် ဧပြီလ (1st Quarter of 2022) အထိ ထိုင်းနိုင်ငံသို့ လာရောက်လည်ပတ်သည့်ခရီးသွားဧည့်သည် စုစုပေါင်း လေးသိန်းကျော် ဝင်ရောက်ခဲ့ပြီး ထိုင်းနိုင်ငံအနေဖြင့် ၂၀၂၂ ခုနှစ်တွင် "Visit Thailand Year 2022, Amazing New Chapters" ဆောင်ပုဒ်ဖြင့် ခရီးသွားလုပ်ငန်းကို မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။

ကမ္ဘာ့နိုင်ငံအသီးသီးနှင့် အိမ်နီးချင်းနိုင်ငံများ၏ ခရီးသွားလုပ်ငန်းပြန်လည်ဖွင့်လှစ်မှုများနှင့်အတူ မြန်မာနိုင်ငံသည်လည်း ပြည်တွင်းခရီးသွားလုပ်ငန်းသာမက နိုင်ငံတကာခရီးသွားလုပ်ငန်းအနေဖြင့်လည်း နိုင်ငံတကာလေကြောင်းလိုင်းများကို ၂၀၂၂ ခုနှစ် ဧပြီ ၁၇ ရက်မှစ၍ ပြန်လည်ပျံသန်းခွင့်ပြုခဲ့ပြီး မေ ၂၀ ရက်တွင် ကမ္ဘာလှည့်ဗီဇာများ ပြန်လည်ထုတ်ပေး၍ နိုင်ငံတကာခရီးသွားလုပ်ငန်းကို ပြန်လည်ဖွင့်လှစ်ခဲ့ပါသည်။ လက်ရှိတွင် မြန်မာနိုင်ငံသို့ နိုင်ငံတကာလေကြောင်းလိုင်း ၁၄ လိုင်း ပျံသန်းလျက်ရှိပြီး လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်ဝင်ရောက်မှုမှာ ၂၉၆၂၁ ဦး ရှိခဲ့ပါသည်။ အဆိုပါခရီးသွားများအနက် အများဆုံးဝင်ရောက်ခဲ့သည့်နိုင်ငံများမှာ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ကိုရီးယားနိုင်ငံနှင့် ဂျပန်နိုင်ငံတို့ ဖြစ်ကြပါသည်။ ယခုအခါ မြန်မာ့ခရီးသွားလုပ်ငန်းသည် ကိုဗစ်-၁၉ ကပ်ရောဂါ၏ သက်ရောက်မှုများမှ ရုန်းထနိုင်ခဲ့ပြီး အသစ်တစ်ဖန်ပြန်လည်ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်သို့ စတင်ရောက်ရှိနေပြီ ဖြစ်ပါသည်။

## ပြန်လည်ကြံဆ ခရီးသွားကဏ္ဍ

ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်အနေဖြင့် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဖွဲ့စည်းတည်ထောင်မှုဆိုင်ရာ ပဋိညာဉ်ကို အတည်ပြုခဲ့သော ၁၉၇၀ ပြည့်နှစ် စက်တင်ဘာ ၂၇ ရက်နေ့အား ဂုဏ်ပြုသည့်အနေဖြင့် ၁၉၈၀ ပြည့်နှစ်မှစ၍ နှစ်စဉ် စက်တင်ဘာ ၂၇ ရက်တွင် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အဖြစ် နှစ်စဉ်ဆောင်ပုဒ်များသတ်မှတ်၍ ကျင်းပပြုလုပ်ခဲ့ရာ ယခုနှစ်တွင် ကိုဗစ်-၁၉ ကာလအလွန် ခရီးသွားလုပ်ငန်းကောင်းမွန်စွာ ပြန်လည်စတင်နိုင်ရန် ရည်ရွယ်၍ "Rethinking Tourism" ဆောင်ပုဒ်ဖြင့် အဖွဲ့ဝင်နိုင်ငံဖြစ်သော အင်ဒိုနီးရှားနိုင်ငံက အလှည့်ကျအိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည် ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများ အတော်အသင့် ထိန်းချုပ်နိုင်ပြီးချိန်တွင် ကိုဗစ်-၁၉ ကပ်ရောဂါ၏ သက်ရောက်မှုများကို များစွာရင်ဆိုင်ခဲ့ရသည့် ခရီးသွားလုပ်ငန်းအနေဖြင့် ပြန်လည်တွေးတောသုံးသပ်ခြင်း (Rethink)၊ ပြန်လည်ဆောင်ရွက်ခြင်း (React)နှင့် ပိုမိုခံနိုင်ရည်ရှိစေရန် ဆောင်ရွက်ခြင်း (Resilience) စသောလုပ်ငန်းစဉ်များကို အဆင့်ဆင့် ဆောင်ရွက်သွားရမည့်အချိန်ကာလဖြစ်သည့်အလျောက် ယခုနှစ်၏ အထိမ်းအမှတ်ဆောင်ပုဒ်အား " Rethinking Tourism" "ခရီးသွားလုပ်ငန်းဖွံ့ဖြိုးဖို့ ပြန်လည်ကြံဆဆောင်ရွက်စို့" ဟူ၍ သတ်မှတ်ထားပြီး ခရီးသွားလုပ်ငန်းကို ပိုမိုရေရှည်တည်တံ့ခိုင်မြဲသော၊ အလုံးစုံပါဝင်၍ ကြံ့ကြံ့ခံနိုင်သောလုပ်ငန်းကဏ္ဍတစ်ခုအဖြစ် မည်သို့ဆောင်ရွက်ရမည်ကို တွေးတောကြံဆရန် ရည်ရွယ်ပါသည်။

## အခက်အခဲများနှင့် စိန်ခေါ်မှုများစွာ

အထက်တွင်ဖော်ပြထားသော ကမ္ဘာ့ခရီးသွားလုပ်ငန်းကဏ္ဍ၏ ကြိုးပမ်းအားထုတ်မှုများနှင့်အတူ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကပ်ရောဂါဆိုင်ရာ အဟန့်အတားများကို ထည့်သွင်းစဉ်းစား၍ ချမှတ်ထားရှိသည့် ခရီးသွားလုပ်ငန်းဆိုင်ရာဥပဒေများ၊ မူဝါဒများနှင့် လိုအပ်ချက်များကို ပြန်လည်ကြံဆဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ ကိုဗစ်-၁၉ ကပ်ရောဂါ၏ ရိုက်ခတ်မှုများကြောင့် အထိနာခဲ့သော ခရီးသွားလုပ်ငန်းကို ပြန်လည်ကုစားနိုင်ရေး၊ ပြန်လည်ထူထောင်နိုင်ရေးနှင့် ပြန်လည်စတင်နိုင်ရေးအတွက် ကြိုးပမ်းကြရာတွင် အခက်အခဲများနှင့် စိန်ခေါ်မှုများစွာ ကြုံတွေ့နိုင်မည်ဖြစ်သဖြင့် အစိုးရကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍနှင့် ပြည်သူတို့၏ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုနှင့် ကြိုးပမ်းအားထုတ်မှုများသည် ခရီးသွားကဏ္ဍပြန်လည်စတင်နိုင်ရေးအတွက် အဓိကမဏ္ဍိုင်တစ်ခု ဖြစ်ပါသည်။ ကိုဗစ်-၁၉ အလွန်ကာလတွင် ခရီးသွားများ၏ ခရီးသွားလာခြင်းအပေါ် အဓိကအနေဖြင့် ကျန်းမာရေးဆိုင်ရာ ဘေးကင်းလုံခြုံမှုကို အလေးထားမည်ဖြစ်သည့်အတွက် ခရီးသည်များနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံရသော ဟိုတယ်လုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းများတွင် လုပ်ကိုင်ဆောင်ရွက်နေသူများအနေဖြင့် လုပ်ငန်းများ ပြန်လည်ဖွင့်လှစ်သည့်အချိန်တွင် ဝန်ကြီးဌာနက ရေးဆွဲအတည်ပြုထုတ်ပြန်ထားသော "Enchanting Myanmar Health and Safety Protocol" နှင့်အညီ ခရီးသွားဧည့်သည်များအား ဘေးကင်းလုံခြုံစိတ်ချရသော ဝန်ဆောင်မှုများကို ပေးစွမ်းနိုင်ရန်အတွက် အလေ့အကျင့်ကောင်းများ လေ့ကျင့်သင်ကြားပေးရန်လိုအပ်သည်ကို အစိုးရကဏ္ဍမှ သိရှိနားလည်သဖြင့် Reskilling and Upskilling သင်တန်းများကို အွန်လိုင်းစနစ်ဖြင့် ပို့ချခဲ့ပြီး ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ကျဆင်းလာသည့်အပေါ်မူတည်၍ Offline စနစ်ဖြင့် ပို့ချပေးရန် စီစဉ်လျက်ရှိပါသည်။

> **"ကိုဗစ်-၁၉ ကပ်ရောဂါ၏ ရိုက်ခတ်မှုများကြောင့် အထိနာခဲ့သော ခရီးသွားလုပ်ငန်းကို ပြန်လည်ကုစားနိုင်ရေး၊ ပြန်လည်ထူထောင်နိုင်ရေးနှင့် ပြန်လည်စတင်နိုင်ရေးအတွက် ကြိုးပမ်းကြရာတွင် အခက်အခဲများနှင့် စိန်ခေါ်မှုများစွာ ကြုံတွေ့နိုင်မည်ဖြစ်သဖြင့် အစိုးရကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍနှင့် ပြည်သူတို့၏ နီးကပ်စွာပူးပေါင်းဆောင်ရွက်မှုနှင့် ကြိုးပမ်းအားထုတ်မှုများသည် ခရီးသွားကဏ္ဍ ပြန်လည်စတင်နိုင်ရေးအတွက် အဓိကမဏ္ဍိုင်တစ်ခု ဖြစ်ပါသည်"**

## ခရီးစဉ်ဒေသစီမံခန့်ခွဲမှုဆိုင်ရာ အဖွဲ့အစည်းများ

ခရီးသွားလုပ်ငန်းသည် တစ်ခုတည်းသီးသန့် ရပ်တည်၍မရသော လုပ်ငန်းတစ်ခုဖြစ်သကဲ့သို့ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သည့်အခါတွင်လည်း ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ၊ ဟိုတယ်လုပ်ငန်းနှင့် ဧည့်ဝတ်ကျေပွန်ရေးလုပ်ငန်းကဏ္ဍ၊ သယ်ယူပို့ဆောင်ရေး၊ မြို့ရွာနှင့် လမ်းတံတားများ ဖွံ့ဖြိုးတိုးတက်ရေး၊ စည်ပင်သာယာလှပရေး၊ ပညာရေးနှင့် အခြား အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများလည်း အလုံးစုံပါဝင်၍ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်သွားရမည်ဖြစ်သဖြင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် ဆက်စပ်ဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်အပါအဝင် ညီနောင်အသင်းများနှင့်လည်း ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံသည် အံ့ဩဖွယ်ရာယဉ်ကျေးမှုအမွေအနှစ်များ၊ သဘာဝအရင်းအမြစ်များနှင့် ရေမြေတောတောင်အလှအပများ၊ အရောင်အသွေးစုံလင်သော တိုင်းရင်းသားလူမျိုးများ၏ ရိုးရာဓလေ့များ၊ လူနေမှုပုံစံများ စသည့် ခရီးသွားဆွဲဆောင်မှုများ ပေါကြွယ်ဝသည့်နိုင်ငံဖြစ်သည့်အလျောက် အဆိုပါခရီးစဉ်ဒေသစီမံခန့်ခွဲမှုများတွင် ခရီးသွားလုပ်ငန်း၏ ပြောင်းလဲလာသည့်အမူအကျင့်များနှင့် ကိုက်ညီစေရန် ဆောင်ရွက်ရမည်ဖြစ်ပြီး ခရီးစဉ်ဒေသ စီမံခန့်ခွဲမှုဆိုင်ရာ အဖွဲ့အစည်းများ (Destinations Management Organizations– DMOs) သည် အရေးပါသောကဏ္ဍတစ်ရပ်ဖြစ်သဖြင့် DMOs များနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

## အလုံးစုံပါဝင်နိုင်သော ခရီးစဉ်ဒေသတစ်ခု (Tourism For All) ဖြစ်စေရေး

ယခုအချိန်သည် ကိုဗစ်-၁၉ ရောဂါအလွန် ကာလဖြစ်သည်နှင့်အညီ ခရီးသွားများအတွက် သတင်းအချက်အလက်များ လွယ်ကူချောမွေ့စွာ ရှာဖွေရရှိနိုင်ရေးအတွက် ဒစ်ဂျစ်တယ်နည်းပညာကို ချန်လှပ်မထားဘဲ အလေးပေးဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာခရီးသွားလုပ်ငန်းဆိုင်ရာ ဖိုရမ်များ၊ အခမ်းအနားများတွင်လည်း မြန်မာနိုင်ငံ၏ ခရီးသွားပြခန်းများအား ဆက်လက်ပြသသွားရန် ကြိုးပမ်းလျက်ရှိပါသည်။ ထို့ပြင် မြန်မာနိုင်ငံအား အလုံးစုံပါဝင်နိုင်သော ခရီးစဉ်ဒေသတစ်ခု (Tourism For All) ဖြစ်စေရေးအတွက် အဟန့်အတားမဲ့ ခရီးသွားလုပ်ငန်း (Barrier Free Tourism) ကို ပိုမိုအလေးပေးဆောင်ရွက်လျက်ရှိပါသေးသည်။ ထပ်လောင်းအနေဖြင့် ကိုဗစ်-၁၉ အလွန် ခရီးသွားများ၏ အမူအကျင့်များ၊ မျှော်မှန်းချက်များ ပြောင်းလဲလာနိုင်သည်နှင့်အညီ ခရီးသွားများအကြား ရေပန်းစားနိုင်မည့် ခရီးသွားလုပ်ငန်းအမျိုးအစားများကို လေ့လာဆန်းစစ်၍ ဆောင်ရွက်သွားရန်လည်း လိုအပ်ပါသည်။

ဥပမာအနေဖြင့် ခရီးသွားများသည် ကပ်ရောဂါကာလတွင် မိမိတို့နေထိုင်ရာ အရပ်ဒေသတွင် အချိန်ကာလကြာရှည်စွာ နေထိုင်ခဲ့ရသည့်အတွက် အဆိုပါဒေသများမှ လွတ်မြောက်လိုစိတ် စိတ်အားထက်သန်လျက်ရှိရာ ကျေးလက်ဒေသများ၊ သဘာဝ၏ ပင်ကိုအလှတရားများကို ထိတွေ့လိုစိတ်များ ပေါ်ပေါက်လာနိုင်သဖြင့် ကျေးလက်ဒေသများတွင် လူထုအခြေပြုခရီးသွားလုပ်ငန်း (Community Based Tourism – CBT)၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးခြံများတွင် သွားရောက်လေ့လာသည့် စိုက်ပျိုးရေးခရီးသွားလုပ်ငန်း (Agri–Tourism)၊ သဘာဝကို ချစ်မြတ်နိုးသူများအတွက် သဘာဝအခြေခံခရီးသွားလုပ်ငန်း (Ecotourism) စသည်ဖြင့် ပတ်ဝန်းကျင်အပေါ် ထိခိုက်မှုအနည်းဆုံးဖြစ်၍ မြန်မာနိုင်ငံ၏ ရေမြေသဘာဝနှင့် ကိုက်ညီသည့် ခရီးသွားလုပ်ငန်းအမျိုးအစားများကို ဦးစားပေးရွေးချယ်ဆောင်ရွက်သွားမည်ဆိုပါက မြန်မာနိုင်ငံသည် ကမ္ဘာ့ခရီးသွားလုပ်ငန်းတွင် ရေရှည်တည်တံ့ခိုင်မြဲ၍ ပိုမိုခံနိုင်ရည်ရှိသော ခရီးသွားဧည့်သည်များကို လာရောက်လည်ပတ်စေရန် အလွန်ပင်ဆွဲဆောင်နိုင်သည့် ခရီးစဉ်ဒေသတစ်ခု ဖြစ်လာမည်မှာ ဧကန်အမှန်ဖြစ်ပေလိမ့်မည်။ ခရီးသွားလုပ်ငန်းကို ကဏ္ဍစုံ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်၍ ပြည်တွင်းခရီးသွားလုပ်ငန်း၊ ထိုမှတစ်ဆင့် ဒေသတွင်းခရီးသွားလုပ်ငန်းနှင့် နိုင်ငံတကာခရီးသွားလုပ်ငန်းအထိ ပြန်လည်ထိုးဖောက်ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ ဤသို့ဖြင့် ခရီးသွားလုပ်ငန်းပြန်လည်နိုးထ၍ ဖွံ့ဖြိုးတိုးတက်ပြီး မြန်မာနိုင်ငံနှင့် ပြည်သူများ၏ လူမှုအကျိုးစီးပွားကို များစွာအထောက်အကူပြုနိုင်ရန် မျှော်လင့်ရင်း . . .။

**"ခရီးသွားများ၊ ခရီးသွားလုပ်ငန်းများမှသည် ပြည်သူဆီသို့"။**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ PDF အကြမ်းဖက်သမားများက သံဃာတော်နှစ်ပါးအား "သတင်းပေး၊ ဒလန်"ဟုစွပ်စွဲ၍ ဖမ်းဆီးခေါ်ဆောင်

နေပြည်တော် စက်တင်ဘာ ၂၄

**နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်နှင့် ပြည်သူလူထုအကြား စိုးရိမ်ထိတ်လန့်မှုဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ဌာနဆိုင်ရာအဆောက်အဦများ၊ လမ်း တံတားများနှင့် စာသင်ကျောင်းများအား အကြမ်းဖက်ဖောက်ခွဲမှုများပြုလုပ်ခြင်း၊ ပစ်ခတ်တိုက်ခိုက်မှုများပြုလုပ်ခြင်းနှင့် နိုင်ငံ့ဝန်ထမ်းများအား ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည့်အပြင် ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးများ၏ အထွတ်အမြတ်ထားရာ သာသနာပိုင်အဆောက်အဦများ၊ ဘုန်းတော်ကြီးကျောင်းများကိုပါ အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းနှင့် ရဟန်းသံဃာတော်များအား ဖမ်းဆီးခေါ်ဆောင် သတ်ဖြတ်ခြင်းများအား စိတ်နှလုံးညှိုးနွမ်းဖွယ် ရက်စက်စွာ ပြုလုပ်နေကြသည်ကို တွေ့ရှိရသည်။**

ထိုသို့ပြုလုပ်လျက်ရှိရာတွင် စက်တင်ဘာ ၂၃ ရက် မွန်းတည့် ၁၂ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် မောက်ကြိုးကျေးရွာရှိ ရင်းကျောင်းဘုန်းတော်ကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော် ဉူးပုညသီရိ (၃၇)နှစ် (၁၈)ဝါသည် ကျန်းမာရေးမကောင်းသဖြင့် မုံရွာမြို့သို့ ဆေးသွားရောက်ကုသရန်အတွက် အဆိုပါကျေးရွာနေ မောင်ထက်မြတ်နိုင် (၂၀)နှစ် (ဘ) ဦးမင်းဇောထွေးနှင့်အတူ ဘုန်းကြီးကျောင်းပိုင်မော်တော်ယာဉ်ဖြင့် အရာတော်-မုံရွာကားလမ်းအတိုင်း ထွက်ခွာလာခဲ့ရာ ဝက်လက်မြို့နယ် ရွာသာကြီးကျေးရွာ သချိုင်းအနီးအရောက်၌ PDF အကြမ်းဖက်သမား ၃၀ ခန့်က ဆရာတော်စီးနင်းလာသည့် မော်တော်ယာဉ်အား တားဆီးကာ ဆရာတော်အား "သတင်းပေး၊ ဒလန်"ဟု စွပ်စွဲ၍ ဘုန်းကြီးကျောင်းပိုင် မော်တော်ယာဉ်နှင့်အတူ ဖမ်းဆီးခေါ်ဆောင်သွားပြီး မောင်ထက်မြတ်နိုင်အား ပြန်လည်စေလွှတ်ပေးခဲ့ကြောင်း သိရသည်။

အလားတူ ညနေ ၄ နာရီခန့်တွင် ကန့်ဘလူမြို့နယ် အင်္ဂါထောင့်ကျေးရွာ ရွှေအင်းဘုန်းကြီးကျောင်း ကျောင်းထိုင်ဆရာတော် ဉူးသောဘဏ (၅၃)နှစ် ဝါတော်(၃၃)ဝါ (ခမည်းတော်) ဦးဖိုးခွေးသည် ဘုန်းကြီးကျောင်းအတွင်း၌ ဆရာတော်၏အစ်ကို ဖြစ်သူ ဦးညိုမောင်(၇၈)နှစ်နှင့် ဆရာတော်၏ ယာဉ်မောင်း ဦးကျော်ထွန်းဦး(၄၀)နှစ် (ဘ)ဦးဖိုးချစ်တို့နှင့်အတူ ရှိနေစဉ် ဘုန်းကြီးကျောင်းအတွင်းသို့ သေနတ်များ၊ ဓားများ ကိုင်ဆောင်ထားသည့် PDF အကြမ်းဖက်သမား ၆၀ ခန့်က ဝင်ရောက်လာပြီး ဆရာတော် ဉူးသောဘဏ၊ ဦးညိုမောင်နှင့် ဦးကျော်ထွန်းဦးတို့ သုံးဦးအား "သတင်းပေး၊ ဒလန်"ဟုစွပ်စွဲ၍ ဖမ်းဆီးပြီး ဘုန်းကြီးကျောင်းပိုင် ယာဉ်အမှတ်(စိစစ်ဆဲ) KLUGER အမျိုးအစား အနက်ရောင် မော်တော်ယာဉ်ပေါ် တင်ဆောင်၍ ခေါ်ဆောင်သွားကြောင်း သိရသည်။

အကြမ်းဖက်သမားများ၏ အကြောင်းမဲ့ အကြမ်းဖက်သတ်ဖြတ်မှုကြောင့် နိုင်ငံတော်အတွင်း သံဃာတော် ၅၆ ပါးနှင့် သီလရှင်ဆရာကြီး တစ်ပါးတို့ ဘဝနတ်ထံပျံလွန်တော်မူခဲ့ပြီး အထက်ပါဖြစ်စဉ်များမှ PDF အကြမ်းဖက်သမားများ ဖမ်းဆီးခေါ်ဆောင်သွားသည့် သံဃာတော်နှစ်ပါး ပြန်လည်ကယ်တင်နိုင်ရေး နယ်မြေလုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

(၅၈) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးခရိုင် ဝေါမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ဆန်းနှင့် ဝေါမြို့မ စခန်းမှူး ဒုရဲမှူး သစ်လွင်တို့က ဦးဆောင်၍ တပ်ဖွဲ့ဝင်များ၊ တပ်ဖွဲ့ဝင်မိသားစုများနှင့်အတူ စက်တင်ဘာ ၂၄ ရက်က သမိုင်းဝင် ဆုတောင်းပြည့် ကြံ့တူစေတီတော်မြတ် နှင့် ရင်ပြင်တော်ပေါ်၌ စုပေါင်း သန့်ရှင်းရေးဆောင်ရွက်စဉ်။

စိုးမိုး(ပြန်/ဆက်)



## မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ရေငံကျေးရွာအုပ်စု ရွှေပေါ်ကျွန်းကျေးရွာအနီး၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် အမျိုးသမီးတစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ရေငံကျေးရွာအုပ်စု ရွှေပေါ်ကျွန်းကျေးရွာအနီး၌ PDF အမည်ခံ အကြမ်းဖက်သမားများ ရောက်ရှိနေကြောင်း အေးချမ်းစွာနေထိုင်လိုသည့် ပြည်သူများ၏ သတင်းပေးပို့ချက်အရ သိရှိရသည်။

အဆိုပါနေရာသို့ စက်တင်ဘာ ၂၃ ရက် မွန်းလွဲပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးစဉ် ရွှေပေါ်ကျွန်းကျေးရွာ ကိုင်းတောစပ်သို့ အရောက်၌ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အပြန်အလှန်ထိတွေ့မှု ဖြစ်ပွားခဲ့ရာ အကြမ်းဖက်သမားများ ကစဉ့်ကလျားဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး ၎င်းနေရာရှိ တံတားအောက် ရေမြောင်းထဲ၌ PDF အဖွဲ့ဝင် အမျိုးသမီးတစ်ဦး ကျည်ထိမှန်ဒဏ်ရာဖြင့် ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ အမျိုးသမီးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေခံ တပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိကြောင်းနှင့် PDF အမည်ခံအကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးရာနောက်သို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက ထပ်ကြပ်လိုက် ချေမှုန်းလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ကျော့ဖုံးမှ*

သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၈၅၀၀၀၊ ပြည်ပပို့ကုန်ပဲ V7 ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၁၀၀၀၀ ပေါက်ဈေးများဖြင့် ဈေးကောင်းရရှိကာ အရောင်းအဝယ်သွက်နေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

### ကုလားပဲဈေး အမြင့်ဆုံးရရှိ

"မန္တလေးဈေးကွက်ထဲမှာ ကုလားပဲအုပ်စုဝင် ပဲအမျိုးအစားတွေ ဈေးကောင်းရရှိနေပါတယ်။ ပေါ်ဦးပေါ်ဖျား မတ်လအတွင်းက ကုလားပဲဈေးနှုန်းများဟာ ၁၁၅၀၀၀ မှ ၁၂၀၀၀၀ ဈေးတွေနဲ့ စခဲ့ပါတယ်။ ခုချိန်မှာ ကုလားပဲဈေးတွေက အမြင့်ဆုံး ၂၁၀၀၀၀ ဈေးနှုန်းအထိရရှိနေပြီး ဈေးကောင်းရရှိနေပါတယ်။ ကုလားပဲက မြန်မာလူမျိုးတွေရဲ့ အကြိုက်နှစ်သက်ဆုံး ပဲမျိုးအစားဖြစ်တယ်။ စားတဲ့နေရာမှာလည်း အာဟာရဖြစ်တဲ့အပြင် အရသာမှာလည်း ကောင်းမွန်တဲ့အတွက် မြန်မာလူမျိုးတွေဟာ ကုလားပဲကို မျိုးစုံလုပ်စားကြပါတယ်။ အလှူအတန်းတွေမှာလည်း မပါမဖြစ် ကြိုက်နှစ်သက်တဲ့ပဲပါ။ ကုလားပဲကို ပြည်တွင်းစားသုံးမှုအတွက် အများဆုံးစိုက်ပျိုးပါတယ်။ ကုလားပဲက တောင်သူတွေလက်ထဲမှာ မရှိတော့ပါဘူး။ ကုလားပဲက သိုလှောင်သမားလက်ထဲပဲ ရှိတော့တယ်။ V7 ကုလားပဲကို အိန္ဒိယနိုင်ငံသို့ အဆက်မပြတ် တင်ပို့နေရပါတယ်။ ဒီနှစ်အဖို့ ရာသီဥတုကောင်းမွန်ပြီး ပိုးမွှားကြောင့် ပျက်စီးမှုကလည်း ကင်းရှင်းတဲ့အတွက် ကုလားပဲအထွက်နှုန်းကလည်း ကောင်းပါတယ်" ဟု ၎င်းက ရှင်းပြသည်။

### ပြည်တွင်းစားသုံးရန် အများဆုံးစိုက်ပျိုး

မြန်မာထွက်ကုန် သီးနှံကုလားပဲကို မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် အဓိကထား စိုက်ပျိုးကြကြောင်း၊ ယင်းကုလားပဲကို ဆောင်းသီးနှံအဖြစ် တစ်နှစ်လျှင် တစ်ရာသီသာ ပြည်တွင်းစားသုံးရန် အများဆုံးစိုက်ပျိုးကြပြီး လက်ရှိအချိန်တွင် မန္တလေးပဲဈေးကွက်တွင် အဆိုပါ ကုလားပဲများ ပြည်တွင်းပြည်ပဝယ်လိုအားကြောင့် ဈေးကောင်းရရှိနေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



PDF အကြမ်းဖက်သမားများ သေနတ်ပြ ခြိမ်းခြောက်ကာ ရွှေထည်ပစ္စည်းများ လုယက်ယူဆောင်သွားသည့် ပခုက္ကူမြို့ အမှတ်(၁)ရပ်ကွက် မြို့မဈေးအနောက်ဘက်တန်းလမ်းရှိ ရတနာရွှေဆိုင် မှတ်တမ်းဓာတ်ပုံ။

○ *ကျော့ဖုံးမှ*

MNL တွင် ဆက်လက်ကျန်ရစ်ရန် ရုန်းကန်ရတော့မည်ဖြစ်သည်။

နိုင်ငံခြားသား ကစားသမားများအပါအဝင် နှစ်သင်းစလုံး လူစုံအသုံးပြုခဲ့ပြီး မဟာယူနိုက်တက်အသင်းတွင် ကျော်စွာမင်း၊ တိုးဆက်နိုင်၊ မျိုးမင်းဖြိုး၊ ထိုက်ထိုက်အောင်၊ စိုးမင်းနိုင်၊ GFA အသင်းတွင် လှိုင်မျိုးအောင်၊ သန်းတိုးအောင်၊ မောင်မောင်စိုး၊ စောစီးအိုင်တို့ဖြင့် ပွဲထွက်ခဲ့သည်။ နှစ်သင်းစလုံး ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သော်လည်း ပွဲအစ သုံးမိနစ်တွင် GFA အသင်းဂိုးစတင်ရရှိခဲ့သည်။ အီမန်နျူရယ်၏ ဖန်တီးပေးမှုမှတစ်ဆင့် စောစီးအိုင်က ဂိုးစတင်သွင်းယူခဲ့သည်။ ဂိုးပေးလိုက်ရပြီး နောက်ပိုင်းတွင် မဟာယူနိုက်တက်အသင်းက ချေပဂိုးရရန် တောက်လျှောက်ကြိုးပမ်းလာပြီး GFA အသင်းနောက်ခံလူများနှင့် ဂိုးသမားတို့ကာကွယ်ခဲ့ရသည်။ ၄၂ မိနစ်တွင် မဟာယူနိုက်တက်အသင်း ချေပဂိုးပြန်ရခဲ့ပြီး မျိုးမင်းဖြိုး၏ ဖြတ်တင်ဘောကို စိုးမင်းနိုင်က ခေါင်းတိုက် သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး အနိုင်ဂိုးရရန် ကြိုးပမ်းလာပြီး ၇၂ မိနစ်တွင် သန်းတိုးအောင်က GFA အသင်းအတွက် အနိုင်ဂိုးသွင်းယူခဲ့သည်။ မဟာယူနိုက်တက်အသင်းသည် ပထမပိုင်းလောက် ကစားပုံမကောင်းတော့သလို တိုက်စစ်ကစားပုံမှာလည်း အမှားများခဲ့သဖြင့် ချေပဂိုးမရဘဲ အရှုံးဖြင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

ယခုပွဲအပြီးတွင် မဟာယူနိုက်တက်အသင်းက ၁၃ ပွဲကစား ကိုးမှတ်၊ GFA အသင်းက ၁၂ ပွဲကစား ကိုးမှတ် ရရှိထားသည်။

**ရဲရင့်လွင်**

■ *ကျော့ဖုံးမှ*

ရောက်ရှိလာပြီး ဆိုင်အတွင်းဝင်ရောက်ကာ သေနတ်ကိုင်ဆောင်ထားသည့် အကြမ်းဖက်သမားသုံးဦးက ဦးအောင်နိုင်ဦးနှင့် ဆိုင်ဝန်ထမ်းများအား သေနတ်ဖြင့် ခြိမ်းခြောက်၍ ဆိုင်အတွင်း ထိုင်ခိုင်းထားပြီး ကျန်တစ်ဦးက ဆိုင်အတွင်း ရောင်းချရန် ခင်းကျင်းပြသထားသည့် ရွှေထည်ပစ္စည်းမျိုးစုံ အလေးချိန် ၅၀ ကျပ်သားခန့်နှင့် ငွေသိမ်းကောင်တာအတွင်း သိမ်းဆည်းထားရှိသည့် ငွေကျပ် သိန်း ၃၀ ခန့်တို့အား လုယက်ယူဆောင်ကာ အမှတ် (၉) ရပ်ကွက်ဘက်သို့ မောင်းနှင်ထွက်ပြေးသွားခဲ့သည်။

အထက်ပါဖြစ်စဉ်မှ လုယက်မှုကျူးလွန်ခဲ့သည့် PDF အကြမ်းဖက်သမားများအား ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်အများစုကို ထိုင်းနိုင်ငံ ပယ်ဖျက်ပေးတော့မည်



ဘန်ကောက် စက်တင်ဘာ ၂၄

**ထိုင်းနိုင်ငံအာဏာပိုင်များသည် ၂၀၂၀ ပြည့်နှစ် မတ်လနောက်ပိုင်း အရေးပေါ်အခြေအနေထုတ်ပြန်ခြင်း အပါအဝင် လာမည့်အောက်တိုဘာ ၁ ရက်တွင် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်အများစုကို ပယ်ဖျက်ပေးတော့မည်ဖြစ်ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။**

ထိုင်းနိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုနှုန်း မြင့်တက်လာမှုနှင့် အဆိုပါရောဂါကြောင့်ပြင်းထန်သောရောဂါဖြစ်ပွားသူအရေအတွက် ကျဆင်းလာမှုတို့ကို အခြေခံ၍ တာဝန်ရှိသူများက ကိုဗစ်ဆိုင်ရာ ကန့်သတ်ချက်အများစု ပယ်ဖျက်ပေးရေးထုတ်ပြန်ချက်ကို စက်တင်ဘာ ၂၃ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။ နိုင်ငံရပ်ခြားမှ ရောက်ရှိလာသောသူများ အနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံထားသည့် အထောက်အထား သို့မဟုတ် ရောဂါပိုးမရှိကြောင်း စစ်ဆေးထားသည့် စာရွက်စာတမ်းများ ပြသရန် မလိုအပ်ကြောင်း ပြောသည်။

ထို့အပြင် ဂျပန်နိုင်ငံအပါအဝင် နိုင်ငံများနှင့် နယ်မြေများမှ ဗီဇာကင်းလွတ်နေထိုင်ခွင့်ကာလကို ၃၀ ရက်မှ ၄၅ ရက်အထိ တိုးမြှင့်ပေးသွားမည် ဖြစ်ကြောင်းလည်း ပြောသည်။ ထိုင်းနိုင်ငံသည် ကိုဗစ်-၁၉ ကပ်ရောဂါမဖြစ်ပွားမီကာလက နိုင်ငံတွင်းသို့ တစ်နှစ်လျှင် နိုင်ငံခြားခရီးသွားဧည့်သည် သန်း ၄၀ ခန့် လာရောက်လည်ပတ်ကြောင်း သိရသည်။

ကျန်းမာရေးအာဏာပိုင်များသည် လူစုလူဝေး နေရာများတွင် ပါးစပ်နှာခေါင်းစည်းများကို တပ်ဆင်ကြရန် ပြည်သူများကို တိုက်တွန်းထားသည်။

**အင်န်အိတ်ချ်ကေ**

## ယူဂန္ဒာနိုင်ငံ၌ အီဘိုလာရောဂါ ကူးစက်ခံရသူ ၁၁ ဦးအထိ မြင့်တက်လာ

**ကမ်ပါလာ စက်တင်ဘာ ၂၄** - ယူဂန္ဒာနိုင်ငံ၌ အီဘိုလာရောဂါ အတည်ပြုကူးစက်ခံရသူ ၁၁ ဦးအထိ မြင့်တက်လာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက စက်တင်ဘာ ၂၃ ရက်တွင် ပြောသည်။

ယူဂန္ဒာနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း အီဘိုလာရောဂါ ကူးစက်ခံရသူ လေးဦးထပ်မံတွေ့ရှိသည့်အတွက် နိုင်ငံတစ်ဝန်း အဆိုပါ ရောဂါကူးစက်ခံရသူ အရေအတွက် စုစုပေါင်း ၁၁ ဦးအထိ ရှိလာခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက် အရ သိရသည်။

ထို့အပြင် ယူဂန္ဒာနိုင်ငံ၌ ထပ်မံသေဆုံးသူ သုံးဦးရှိသည့်အတွက် အတည်ပြုကူးစက်ခံထားရသူနှင့် သံသယရှိသူလူနာအပါအဝင် သေဆုံးသူ ၁၁ ဦးအထိ ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ အီဘိုလာ ရောဂါဖြစ်ပွားရခြင်း၏ အကြောင်းရင်းကို စုံစမ်းနေဆဲဖြစ်ကြောင်း ကျွမ်းကျင်သူများက ဆိုသည်။ **ဆင်ဟွာ**



## ကနေဒါနိုင်ငံ၌ မျောက်ကျောက်ရောဂါ ကူးစက်ခံရသူ ၁၃၈၉ ဦး စစ်ဆေးတွေ့ရှိ

**အော့တဝါ စက်တင်ဘာ ၂၄** - ကနေဒါနိုင်ငံသည် မျောက်ကျောက်ရောဂါ အတည်ပြုကူးစက်ခံရသူ ၁၃၈၉ ဦးရှိကြောင်း ကနေဒါပြည်သူ့ကျန်းမာရေးအေဂျင်စီ(ပီအိတ်ချ်အေစီ)က စက်တင်ဘာ ၂၃ ရက်တွင် ပြောသည်။

အဆိုပါ အတည်ပြုကူးစက်ခံရသူများတွင် အွန်တာရီယိုပြည်နယ်မှ ၆၆၇ ဦး၊ ကွိဘက်စ်ပြည်နယ်မှ ၅၁၇ ဦး၊ ဗြိတိသျှကိုလံဘီယာမှ ၁၅၈ ဦး၊ အယ်ဘာတာပြည်နယ်မှ ၃၉ ဦး၊ ဆာကက်ချီဝမ်ပြည်နယ်မှ သုံးဦး၊ ယုကွန်ဒေသမှ နှစ်ဦး၊ နိုဗာစကိုတီယာ၊ မာနီတိုဘာနှင့် နယူးဘရွန်းဝစ်ဒေသတို့မှ တစ်ဦးစီတို့ ပါဝင်ကြောင်း ကျန်းမာရေးအေဂျင်စီက ပြောသည်။

အခြားသတင်းတစ်ရပ်တွင် ကနေဒါနိုင်ငံ၌ စက်တင်ဘာ ၁၇ ရက်အထိ တစ်ပတ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၇၃၂၅ ဦး စစ်ဆေးတွေ့ရှိကြောင်း ပီအိတ်ချ်အေစီက ပြောသည်။

**ဆင်ဟွာ**

## ပါကစ္စတန်နိုင်ငံ၌ မိုးရွာသွန်းမှုနှင့်ဆက်စပ်သည့် ဖြစ်စဉ်များကြောင့် သေဆုံးသူ ၁၆၀၀ ကျော်ရှိလာ

**အစ္စလာမ္မာဘတ် စက်တင်ဘာ ၂၄**

ပါကစ္စတန်နိုင်ငံ၌ ဇွန်လလယ်မှ စတင်ကာ မုတ်သုံမိုးရွာသွန်းမှုနှင့် အတူ ရုတ်တရက် ရေကြီးရေလျှံမှု ဖြစ်စဉ်များက လက်ရှိအချိန်အထိ သေဆုံးမှုများ ဖြစ်ပေါ်လျက်ရှိရာ လွန်ခဲ့သော ၂၄ နာရီအတွင်းတွင်လည်း မိုးရွာသွန်းမှုနှင့် ဆက်စပ်သည့် ဖြစ်စဉ်များကြောင့် ၁၀ ဦး ထက်မနည်း သေဆုံးကြောင်း အမျိုးသားဘေးအန္တရာယ်စီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့ (အင်န်ဒီအမ်အေ) က ပြောသည်။



အဆိုပါသေဆုံးသူများထဲတွင် ကလေးငယ် လေးဦးနှင့် အမျိုးသမီး နှစ်ဦး ပါဝင်ကြောင်း၊ ရုတ်တရက် ရေကြီးရေလျှံမှုဒဏ်ကို အပြင်းထန်ဆုံး ထိခိုက်ခံစားရသည့် နိုင်ငံအနောက်တောင်ပိုင်း ဘာလူချီစတန် ပြည်နယ်၌ သေဆုံးသူ ခြောက်ဦး ပါဝင်ပြီး တောင်ပိုင်း ဆင်းဒ်ပြည်နယ်မှ လေးဦး ပါဝင်ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်များကြောင့် ပါကစ္စတန်နိုင်ငံ၌ သေဆုံးသူ စုစုပေါင်း ၁၆၀၆ ဦးခန့်အထိ ရှိလာပြီး ထိခိုက်ဒဏ်ရာရရှိသူ အရေအတွက်လည်း ၁၂၈၆၃ ဦး အထိ ရှိလာပြီဖြစ်ကြောင်း၊ ထို့အပြင် ပါကစ္စတန်နိုင်ငံတစ်ဝန်း အိုးအိမ် ၂၀၁၆၀၂၅ လုံး ထိခိုက်ပျက်စီးမှုဖြစ်ပြီး မွေးမြူရေး တိရစ္ဆာန် ၁၀၆၇၂၄၁ ကောင်လည်း သေဆုံးမှုဖြစ်ပေါ်ခဲ့ကြောင်း အင်န်ဒီအမ်အေက ပြောသည်။

အင်န်ဒီအမ်အေမှ ကယ်ဆယ်ရေးအဖွဲ့များ၊ အခြားအစိုးရအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် ရေဘေးသင့်ဒေသများ၌ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေဆဲ ဖြစ်ကြောင်း သိရသည်။

ပါကစ္စတန်နိုင်ငံ ဝန်ကြီးချုပ် မူဟာမက် ရှက်ဘတ်ဇ် ရှာရစ်ဖ်သည် ရုတ်တရက် ရေကြီးရေလျှံမှု၏ နောက်ဆက်တွဲအကျိုးဆက်များကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် အတွက် နိုင်ငံတကာ၏ ကူညီပံ့ပိုးမှုများကို တောင်းဆိုထားကြောင်း သိရသည်။

**ဆင်ဟွာ**

## ဖိလစ်ပိုင်နိုင်ငံ၌ စက်တင်ဘာ ၂၄ ရက်တွင် ကိုဗစ်-၁၉ ရောဂါထပ်မံကူးစက်ခံရသူ ၂၆၉၁ ဦး တွေ့ရှိ၊ ၂၉ ဦးသေဆုံး

**မနီလာ စက်တင်ဘာ ၂၄**

ဖိလစ်ပိုင်နိုင်ငံ၌ စက်တင်ဘာ ၂၄ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၂၆၉၁ ဦး စစ်ဆေးတွေ့ရှိသည့်အတွက် နိုင်ငံတစ်ဝန်း အဆိုပါ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၃၉၃၄၇၇၈ ဦးအထိ ရှိလာပြီဖြစ်ကြောင်း သိရသည်။



ထို့ကြောင့် ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ဆဲလူနာ ၃၂၃၂၃ ဦး မြင့်တက်လာကြောင်း၊ ကိုဗစ်-၁၉ ရောဂါကြောင့် စက်တင်ဘာ ၂၄ ရက်တွင် သေဆုံးသူ ၂၉ ဦးရှိသည့်အတွက် နိုင်ငံတစ်ဝန်း အဆိုပါရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၆၂၇၅၉ ဦး အထိ ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဌာနက ပြောသည်။

အဆိုပါ ကူးစက်ခံရသူများ အနက် လူဦးရေ ၁၃ သန်းကျော် နေထိုင်သည့် မြို့တော်မနီလာတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၁၃၅၄ ဦး ပါဝင်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ရေကြီးရေလျှံမှုဒဏ် ခါးစည်းခံနေရတဲ့အပြင် သွေးလွန်တုပ်ကွေးရောဂါကူးစက်မှု ပြင်းထန်နေတဲ့ ပါကစ္စတန်

ကောင်းထက်



မိုးခေါင်ခြင်း၊ မြေအောက်ရေတွေ ခန်းခြောက်လာခြင်း၊ မြေဆီလွှာ ခန်းခြောက်လာခြင်းတို့သာမက ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်ခြင်း၊ ရေခဲမြစ်များ အရည်ပျော်ခြင်း၊ အင်အားပြင်းတဲ့ မုန်တိုင်းတွေ၊ လျှင်တွေ ဖြစ်ပေါ်လာခြင်း၊ တောမီးတွေ လောင်ကျွမ်းခြင်း စတဲ့ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဖြစ်စဉ်တွေကြောင့် သဘာဝဘေးအန္တရာယ် ဆိုးကျိုးများစွာကို ဖြစ်ပေါ်စေပါတယ်။

ယခုနှစ်မှာ တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ပါကစ္စတန်နိုင်ငံရဲ့ ဆင်းဒ်ပြည်နယ်၊ ဘာလူချီစတန်ပြည်နယ်၊ ခီဘာပခ်တွန်ကွာပြည်နယ်၊ ဂီလ်ဂစ်ဘယ်တစ်တိန်၊ ပန်ဂျပ်ပြည်နယ် စတဲ့ပြည်နယ်တွေမှာ မိုးသည်းထန်စွာရွာသွန်းမှုနဲ့အတူ ရေကြီးရေလျှံမှုကြောင့် နိုင်ငံလူဦးရေရဲ့ သုံးပုံတစ်ပုံဖြစ်တဲ့ လူဦးရေ ၃၃ သန်းဟာ အတိရေဘေးဒုက္ခရောက်နေကြောင်း နိုင်ငံတကာသတင်းစာမျက်နှာတွေမှာ ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြထားပါတယ်။ ယခုနှစ် ဇွန်လနောက်ပိုင်း ပါကစ္စတန်နိုင်ငံမှာ မိုးရွာသွန်းမှုနဲ့ ဆက်စပ်တဲ့ဖြစ်စဉ်ကြောင့် ကလေးငယ် ၅၅၅ ဦး အပါအဝင် အတည်ပြုသေဆုံးသူ စုစုပေါင်း ၁၆၀၀ ကျော်ရှိလာပြီလို့ သိရပါတယ်။

**စီးပွားရေးဆုံးရှုံးမှု ကန်ဒေါ်လာ ၄၀ ဘီလီယံထက်မနည်းရှိ**

ဒ့ါအပြင် ထိခိုက်ဒဏ်ရာရရှိသူလည်း ၁၂၈၆၃ ဦး အထိ ရှိလာပြီဖြစ်ပါတယ်။ ရေကြီးရေလျှံမှုကြောင့် ပါကစ္စတန်နိုင်ငံမှာရှိတဲ့ လူဦးရေ ၃၀၀၀၀၀ ကျော်ဟာ ယာယီကယ်ဆယ်ရေးစခန်းတွေမှာ ခိုလှုံနေရကြပါတယ်။ စီးပွားရေးဆုံးရှုံးမှုအနေနဲ့ အမေရိကန်ဒေါ်လာ ၄၀ ဘီလီယံထက်မနည်း ရှိတယ်လို့ ပါကစ္စတန်ဘဏ္ဍာရေးဝန်ကြီး မစ်တာအစ်မေးလ်က ပြောပါတယ်။

ဒါဟာ ပါကစ္စတန်နိုင်ငံမှာ ၂၀၁၀ ပြည့်နှစ်နောက်ပိုင်းနဲ့ ကမ္ဘာတစ်ဝန်းမှာတော့ ၂၀၁၇ ခုနှစ်နောက်ပိုင်း လူသေဆုံးမှုအများဆုံးနဲ့ ထိခိုက်မှုအများဆုံး ရေဘေးကြုံတွေ့မှုဖြစ်တယ်လို့ နိုင်ငံတကာသတင်းတွေမှာ ဖော်ပြထားပါတယ်။ ၂၀၁၀ ပြည့်နှစ်က ပါကစ္စတန်နိုင်ငံမှာ ရေကြီးရေလျှံမှုကြောင့် လူပေါင်း ၂၀၀၀ နီးပါး သေဆုံးမှုဖြစ်ခဲ့တယ်လို့ အချက်အလက်တွေအရ သိရပါတယ်။

ပါကစ္စတန်နိုင်ငံမှာ ရေကြီးမှုကြောင့် နိုင်ငံရဲ့ နယ်မြေ သုံးပုံတစ်ပုံဟာလည်း ရေအောက်ကျရောက်ခဲ့ပြီး ရေတွေကို ဖောက်ထုတ်လို့ရမယ့် ခြောက်သွေ့တဲ့ မြေနေရာ မရှိကြောင်းနဲ့ ရေဘေးရဲ့ ဆိုးကျိုးဟာ ခန့်မှန်းလို့ မရနိုင်လောက်အောင် ကြီးမားလှပါတယ်လို့ ရာသီဥတုဝန်ကြီး ရယ်ရီရေးမန်းက ပြောပါတယ်။ ရေကြီးမှုကြောင့် ကောက်ပဲသီးနှံစိုက်ကေများစွာလည်း ပျက်စီးမှုဖြစ်ပေါ်ခဲ့သလို အိုးအိမ်များစွာဟာလည်း ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့ပါတယ်။

ကယ်ဆယ်ရေးလုပ်ငန်းတွေ လုပ်ဆောင်နေဆဲဖြစ်ပေမယ့် ရေကြီးမှုက အချို့နေရာတွေမှာ ရှစ်ပေအထိ မြင့်တက်ပြီး အဲဒီထက် ဆက်လက်မြင့်တက်လာနိုင်တယ်လို့ ဆိုပါတယ်။ ကလေးငါးယောက်မိခင် နာဂျီမာနဲ့ ၎င်းရဲ့ခင်ပွန်းတို့ ရေတက်လာပြီးနောက် ပေအနည်းငယ်အကွာက သစ်ပင်အောက်မှာ နေထိုင်ခဲ့ရတယ်လို့ ဆိုပါတယ်။ နောက်ပြီး ရွက်ဖျင်တဲလည်း မရှိကြောင်း၊ ဒီသစ်ပင်တစ်ပင်သာရှိကြောင်း၊ ရေကြီးမှုကနေ လုံခြုံဘေးလွတ်ရာကို ပြေးရင်းလွှားရင်း မိုးထဲရေထဲမှာ တစ်ညလုံး အချိန်ကုန်ခဲ့ရကြောင်း၊ နောက်ဆုံးမှာတော့ ကယ်ဆယ်ရေးစခန်းတစ်ခုကို ရောက်ရှိခဲ့ကြောင်း ပြောပါတယ်။

ကယ်ဆယ်ရေးစခန်းတစ်ခုရှိကလေးရှစ်ယောက်မိခင် မာယွန်အက်ဘာ့စ်က ၎င်းအနေနဲ့ နောက်ထပ် မီးဖွားဖို့ရက် နီးလာပြီဖြစ်ကြောင်း၊ တစ်ခါတစ်ရံ ရက်အနည်းငယ်ကြာအောင် ထမင်းမစားရကြောင်း၊ ထမင်းမစားရတဲ့အတွက် ၎င်းရဲ့ ကျန်းမာရေးကို စိတ်မပူဘဲ မီးဖွားတော့မယ့်ကလေးအတွက် စိတ်ပူကြောင်း ပြောပါတယ်။ နောက်ပြီး ဆေးရုံဆေးခန်းသွားပြဖို့အတွက်လည်း ငွေရေးကြေးရေးအခက်အခဲရှိကြောင်းနဲ့ ၎င်းနေထိုင်မကောင်းဖြစ်ပါက ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိအောင် ဖြစ်နေကြောင်း ဆက်ပြောပါတယ်။

**ရေဘေးကယ်ဆယ်ရေးရန်ပုံငွေအတွက် တစ်လစာ လှူဒါန်းသွားမယ်**

ဝန်ကြီးချုပ် ရှိဘတ်ဇ်ရှာရစ်ဖ်သည် နိုင်ငံအတွင်း ထိုကဲ့သို့ ရေကြီးရေလျှံမှု ဖြစ်ပွားပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းတွေ လုပ်ကိုင်ဆောင်ရွက်ဖို့ ဆုံးဖြတ်ထားသူဖြစ်ပြီး နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းတွေကလည်း ပါကစ္စတန်နိုင်ငံကို ဒေါ်လာ သန်း ၅၀၀ ထောက်ပံ့လှူဒါန်းဖို့ ကတိပြုထားတယ်လို့ ဆိုပါတယ်။ ဒ့ါအပြင် တပ်မတော်အရာရှိများ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များနဲ့ လွှတ်တော်အမတ်များကလည်း ရေဘေးကယ်ဆယ်ရေးရန်ပုံငွေအတွက် တစ်လစာ လှူဒါန်းသွားမယ်လို့ ဆိုပါတယ်။

ကမ္ဘာ့ဘဏ်က ရေဘေးကူညီကယ်ဆယ်ရေးအတွက် ပါကစ္စတန်နိုင်ငံသို့ အမေရိကန်ဒေါ်လာ သန်း ၃၇၀ ခွဲဝေချထားပေးထားတယ်လို့ ဆိုပါတယ်။ ဒ့ါအပြင် Apple အမှုဆောင်အရာရှိချုပ်ဖြစ်သူ တင်ကွတ်ခ်သည် ရေဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေး ဆောင်ရွက်နိုင်ရန်အတွက် ကယ်ဆယ်ရေးပစ္စည်းတွေ လှူဒါန်းသွားမယ်လို့လည်း ပြောကြားထားပါတယ်။ Google ကလည်း ပါကစ္စတန်နိုင်ငံရှိ ရေဘေးသင့်ပြည်သူများအတွက် အမေရိကန်ဒေါ်လာ ၀ ဒသမ ၅ သန်း လှူဒါန်းသွားမယ်လို့ ထုတ်ပြန်ကြေညာထားပါတယ်။

ဒ့ါအပြင် ပါကစ္စတန်နိုင်ငံရဲ့ အကြီးမားဆုံး တယ်လီကွန်းနဲ့ အင်တာနက်ဝန်ဆောင်မှုပေးသူ PTCL Group ကလည်း ရေဘေးကြုံတွေ့နေတဲ့ ဒုက္ခသည်တွေအတွက် ပါကစ္စတန်ရူပီး ၁ ဒသမ ၇၅ ဘီလီယံကို ထောက်ပံ့ကူညီပေးသွားမယ်လို့ ထုတ်ပြန်ကြေညာထားပါတယ်။ ဒ့ါအပြင် အမေရိကန်၊ တရုတ်၊ ဗြိတိန်၊ ကနေဒါ၊ တောင်ကိုရီးယား စတဲ့ကမ္ဘာ့နိုင်ငံတွေနဲ့ ကုလသမဂ္ဂ၊ ဒဗလျူအိတ်ချ်အို စတဲ့ အဖွဲ့အစည်းအသီးသီးကလည်း ပါကစ္စတန် ရေဘေးသင့်ဒေသများကို ကူညီထောက်ပံ့မှုများ ပေးလျက်ရှိပါတယ်။

ဒ့ါအပြင် ပါကစ္စတန်နိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှုကလည်း သိသိသာသာ မြင့်တက်လာတာနဲ့အမျှ ယခုလ လက်ရှိအချိန်အထိ နိုင်ငံတောင်ပိုင်း ဆင်းဒ်ပြည်နယ်၌ အဲဒီရောဂါကြောင့် သေဆုံးသူ ၂၇ ဦး ရှိကြောင်း ပြည်နယ်ကျန်းမာရေးဌာနရဲ့ ထုတ်ပြန်ချက်အရ သိရပါတယ်။

**ဆင်းဒ်ပြည်နယ်မှာ သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၆၁၆၃ ဦးအထိရှိလာ**

သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူအားလုံးဟာ ဆင်းဒ်ပြည်နယ်ရဲ့ အကြီးဆုံးမြို့တော် ကရာချိမှဖြစ်ပြီး စက်တင်ဘာလမှာ သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ခံရသူအရေအတွက် စုစုပေါင်း ၃၅၉၄ ဦးရှိကြောင်းနဲ့ ယခုနှစ် အဆိုပါပြည်နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၆၁၆၃ ဦးအထိ ရှိလာပြီဖြစ်ကြောင်း မကြာသေးမီက ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

ဒ့ါအပြင် နိုင်ငံအနောက်မြောက်ပိုင်း ခီဘာပတ်ခ်တွန်ကွာပြည်နယ်၌ စက်တင်ဘာလမှာ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ စုစုပေါင်း ၅၂၆၄ ဦးအထိ ရှိလာပြီဖြစ်ကြောင်း သိရပါတယ်။ ပန်ဂျပ်ပြည်နယ်မှာလည်း သွေးလွန်တုပ်ကွေးဖြစ်ပွားသူ စုစုပေါင်း ၃၆၄၅ ဦးအထိ ရှိလာပြီဖြစ်ပါတယ်။

ပါကစ္စတန်နိုင်ငံတစ်ဝန်းရှိ ဆေးရုံများမှာ သွေးလွန်တုပ်ကွေးဖြစ်ပွားသူဦးရေ သိသိသာသာ မြင့်တက်လျက်ရှိတဲ့အတွက် ဖိအားတွေနဲ့ ရင်ဆိုင်ရလျက်ရှိပြီး ကရာချိမြို့မှ ကိုဗစ်-၁၉ ရောဂါကုသဆောင်အချို့ကို သွေးလွန်တုပ်ကွေးရောဂါကုသဆောင်အဖြစ် ပြောင်းလဲထားရကြောင်း ဒေသတွင်း မီဒီယာတွေရဲ့ ပြောကြားချက်အရ သိရပါတယ်။ ။



ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ်တွင် သွေးလွန်တုပ်ကွေးရောဂါ ခံစားနေရသည့် လူနာတစ်ဦး ဆေးကုသမှုခံယူနေစဉ်။

# နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ရေး အရှိန်မြှင့်တင်ဆောင်ရွက်

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကူးစက်ပြန့်ပွားမှုသည် ပြည်တွင်းကူးစက်မှုများ ပိုမိုများပြားလာလျက်ရှိရာ အမြို့မြို့အနယ်နယ်၌ ကြိုတင်ကာကွယ်ရေးအစီအမံများ အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး ပြည်သူတစ်ရပ်လုံးအနေဖြင့်လည်း ရောဂါကူးစက်မှု မဖြစ်ပွားရေးအတွက် ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်လျက်ရှိပါသည်။ မြို့နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေး ဆောင်ရွက်မှုများကို ဖော်ပြလိုက်ပါသည်။

## မင်းဘူး(စကု)မြို့နယ်၌ တတိယနှင့် စတုတ္ထအကြိမ် ကိုဗစ်ထပ်ဆောင်းကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေး

မင်းဘူး စက်တင်ဘာ ၂၄

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ တတိယအကြိမ်နှင့် စတုတ္ထအကြိမ် ကိုဗစ်-၁၉ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးခြင်းများကို မင်းဘူးမြို့ မင်းပူး ဦးဩဘာသခန်းမနှင့် စကုမြို့ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းရုံးတို့တွင် နေ့စဉ် ထိုးနှံပေးလျက်ရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးမှ သိရသည်။

ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာတွင် မြို့နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ ဈေးသူ၊ ဈေးသားများ၊ အလုပ်သမားများနှင့် ကုမ္ပဏီဝန်ထမ်းများအား တတိယအကြိမ်နှင့် စတုတ္ထအကြိမ် ထပ်ဆောင်းကာကွယ်ဆေးများကို ကျန်းမာရေးဝန်ထမ်းများက စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များမှအပ ကျန်ရက်များတွင် နေ့စဉ် ထိုးနှံပေးလျက်ရှိရာ ယနေ့အထိ ကိုဗစ်ကာကွယ်ဆေး ထိုးနှံပြီးသူပေါင်း တစ်သိန်းကျော်ရှိပြီး ဆေးထိုးရန်ကျန်ရှိနေသူများကိုလည်း မြို့ပေါ်နေ ပြည်သူများအား မင်းပူး ဦးဩဘာသခန်းမ၊ စကုမြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးနှင့် မြို့နှင့်အလှမ်းဝေးသည့် ကျေးရွာနေ ပြည်သူများအား မိုဘိုင်းစနစ်ဖြင့် ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင်ထံမှ သိရသည်။

ဇေယျာထက်(မင်းဘူး)





## တောင်ဥက္ကလာပမြို့နယ်၌ ပြည်သူများအား ကိုဗစ်- ၁၉ ကာကွယ်ဆေး ဆက်လက်ထိုးနှံပေး

တောင်ဥက္ကလာပ စက်တင်ဘာ ၂၄

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများကို ထိန်းချုပ်နိုင်ရေးအတွက် အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ အကြိမ်ပြည့်နှင့် ထပ်ဆောင်း(Booster)ထိုးနှံပေးခြင်းကို အမှတ် (၆)ရပ်ကွက်၊ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုကူညီရေးအသင်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက ကာကွယ်ဆေးထိုးနှံရန်လာရောက်ကြသူများ အဆင်ပြေချောမွေ့စွာ ဆေးထိုးနှံနိုင်ရန် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ စိုးဝဏ္ဏထွန်း(ပြန်/ဆက်)

# မြို့နယ်များ၌ ကိုဗစ်- ၁၉ ကာကွယ်ရေးအတွက် နှာခေါင်းစည်းကမ်ပိန်းများ ဆက်လက်ပြုလုပ်

## ရန်ကင်း

ရန်ကင်းမြို့နယ်၌ ကိုဗစ်- ၁၉ ရောဂါ ကြိုတင်တားဆီးကာကွယ်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်နိုင်ရေးအတွက် ရန်ကင်းမြို့နယ် အမှတ်(၁၅)ရပ်ကွက် မြို့မဈေး၌ နှာခေါင်းစည်းတပ်ဆင်ရန် အသိပညာပေး၍ နှာခေါင်းစည်းများ ဖြန့်ဝေပေးသည့် နှာခေါင်းစည်းကမ်ပိန်းနှင့် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို စက်တင်ဘာ ၂၃ ရက်က ဆောင်ရွက်သည်။ ရန်ကင်းမြို့နယ်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆောင်၍ စစ်ကြောင်းကြီးများ ပူးပေါင်းကာ ပြည်သူ့အကျိုးပြု ကျန်းမာရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အိရွှေစင်(ပြန်/ဆက်)



## မအူပင်

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ ကိုဗစ်- ၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို တားဆီးကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ကျန်းမာရေးအသိပညာပေးခြင်းအနေဖြင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းကို စက်တင်ဘာ ၂၄ ရက်က လူစည်ကားရာ နေရာများဖြစ်သည့် ရေလဲလမ်း လမ်းဆုံထိပ်နှင့် (၃)လမ်း မြို့ရှောင်လမ်းထိပ်တို့၌ ဆောင်ရွက်သည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတိုးတိုးဝင်း၏ ဦးဆောင်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ပြန်/ဆက်ဦးစီးဌာန၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့နှင့် ကိုဗစ်- ၁၉ ရောဂါ ထိန်းချုပ်ရေးနှင့်အရေးပေါ် တုံ့ပြန်ရေးကော်မတီဝင်များက ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရေး အသိပညာပေး ပြောကြားပြီး နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့ခြင်းဖြစ်သည်။

ခရိုင်(ပြန်/ဆက်)



## ကျိုင်းတုံ

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့၌ ကိုဗစ်- ၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းကို စက်တင်ဘာ ၂၃ ရက်က ကျိုင်းတုံမြို့ ယန်းခမ်းဈေးရှေ့၌ တာဝန်ရှိသူများက ဆောင်ရွက်ခဲ့သည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ ကြက်ခြေနီတပ်ဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးဌာန ဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်း များက ကျိုင်းတုံမြို့ ယန်းခမ်းဈေးရှေ့၌ ဈေးဝယ်လာရောက်



သူများနှင့် အပြင်ထွက်သွားလာသူများအား ကိုဗစ်- ၁၉ ရောဂါကြိုတင်ကာကွယ်ရေး နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့ပြီး စနစ်တကျ တပ်ဆင်ရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို တိကျစွာ လိုက်နာကြရန် အသိပညာပေးပြောကြားခြင်းများ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ အလားတူ ကျိုင်းတုံမြို့နယ်အတွင်း လူစည်ကားရာနေရာများ၊ ဈေးများတွင် အပြင်ထွက်သွားလာသူများအား နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းနှင့် အသိပညာပေးနှိုးဆော်ခြင်းများကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ကျော်စိန်သန်း(ပြန်/ဆက်)

## မောက်မယ်

ရှမ်းပြည်နယ်တောင်ပိုင်းမောက်မယ်မြို့နယ် ကိုဗစ်- ၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ ပူးပေါင်းပြီး လူသွားလူလာများပြားသည့် ဈေးတန်းရပ်ကွက် ဗိုလ်ချုပ်လမ်းမကြီး မြို့နယ်ပြည်သူ့ဆေးရုံရှေ့၌ နှာခေါင်းစည်းတပ်ဆင်သွားလာရေး အသိပညာပေးသည့် နှာခေါင်းစည်းကမ်ပိန်း လှုပ်ရှားမှုကို စက်တင်ဘာ ၂၄ ရက်က ဆောင်ရွက်သည်။



ပြည်သူများအနေဖြင့် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များ၊ လမ်းညွှန်ချက်များကို လိုက်နာကြရန်၊ နေအိမ်မှ ပြင်ပသို့ထွက်ခွာသည့်အခါတိုင်း နှာခေါင်းစည်း စနစ်တကျတပ်ဆင်ကြရန် အသိပညာပေး၍ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့ခြင်းဖြစ်သည်။

စိုင်းမျိုးသန့်(မောက်မယ်)

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၈၀ တွေ့ရှိ

## ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ နှစ်ဦးရှိ

(၂၄-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်းကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၃-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၄-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၂,၆၆၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၈၀) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၃) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၉၉၆,၄၄၁) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၂၀,၁၂၄) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၅၂) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၆,၆၅၈) ဦးရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ (၂) ဦးရှိပါသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၄၅၅) ဦး ရှိပါသည်။

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၁၉-၉-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း (၁၃၈) ဦးရှိရာ ၎င်းတို့အနက် (၉၇) ဦး (၇၀ ရာခိုင်နှုန်း) မှာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည့်နာတာရှည်ရောဂါ အခံတစ်ခုခုရှိသူများဖြစ်ကြပါသည်။ အဆိုပါ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့် နာတာရှည်ရောဂါ ရောဂါအခံရှိသူများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရသေဆုံးသူများ၏ (၇၉.၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးလုံးဝ ထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများဖြစ်ကြပြီး (၁၈.၆) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားရှိသူများနှင့် (၂) ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

### ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့် ရောဂါအခံရှိသူများ၏ ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ

| ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့်ရောဂါအခံရှိသူများ၏ | | |
|---|---|---|
| ၇၉.၄ ရာခိုင်နှုန်းသည် | ၁၈.၆ ရာခိုင်နှုန်းသည် | ၂ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်းမရှိ သူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများ ဖြစ်ကြပါသည်။ |

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူများအတွင်း နာတာရှည်ရောဂါ ရောဂါအခံရှိသူများ၏ ကာကွယ်ဆေးထိုးနှံမှုအခြေအနေကို လေ့လာသုံးသပ်ချက်အရ အဆိုပါပုဂ္ဂိုလ်များအနက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားသူများနှင့် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများတွင် ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးမှုကို သိသာစွာလျော့ချနိုင်ကြောင်းကို တွေ့ရှိရသည်ဖြစ်ရာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည်တို့ကဲ့သို့သော နာတာရှည်ရောဂါ အခံတစ်ခုခုရှိသူ ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို စနစ်တကျတပ်ဆင်ခြင်းတို့အပြင် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို မပျက်မကွက်ဆောင်ရွက်ကြပါရန် အသိ ပေးနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန




## တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ



**နေပြည်တော် စက်တင်ဘာ ၂၄**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၆၃၀၀၊ ရခိုင်ပြည်နယ်အတွင်းရှိ (ယာပုံ) မြို့နယ် သုံးမြို့နယ်၌ ဒေသခံပြည်သူ ၇၆၄ ဦးနှင့် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင် ခုနစ်ခရိုင်တို့၌ ဒေသခံပြည်သူ ၄၄၀၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ နှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၁၂၃ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်တို့၌ ကျောင်းသား ကျောင်းသူ ၈၁၁၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် နှာခေါင်းစည်းများကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်ငါးမြို့နယ်၊ ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်သုံးမြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်းရှိ မြို့နယ်သုံးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ခရိုင်များအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့၊ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်နှင့် မလှိုင်မြို့တို့မှ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ဌာနဆိုင်ရာဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့များနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်ပြီးသွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများအား ဒေသခံပြည်သူများလက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ အကြိမ်(၂၀)မြောက် သတင်းစာရှင်းလင်းပွဲ

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ အကြိမ် (၂၀) မြောက် သတင်းစာရှင်းလင်းပွဲကို စက်တင်ဘာ ၂၀ ရက် မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး၊ ဌာနဆိုင်ရာမှ ပြောရေးဆိုခွင့်ရှိသူများနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။**

*(ယမန်နေ့မှအဆက်)*



နောင်တော်လေး
Myanmar National Post



ဦးဇော်မင်းဦး
တဲ့ပြောမီဒီယာ



ဦးဇော်မင်းနိုင်
Myanmar Public Press



ဦးဝင်းနိုင်
ခေတ်ပုံရိပ်ဂျာနယ်

**Myanmar National Post မှ အယ်ဒီတာချုပ် နောင်တော်လေး** က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေအသစ်နှင့်ပတ်သက်၍ ယခင်ဥပဒေအတိုင်း ပြည်သူများကို မူကြမ်းအနေဖြင့်ချပြရန် အစီအစဉ်ရှိ၊ မရှိနှင့် တချို့သောနိုင်ငံရေးအင်အားစုများအနေဖြင့်လည်း ဥပဒေအသစ်ကို စောင့်ဆိုင်းနေရသည်ဖြစ်သည့်အတွက် ကာလအားဖြင့် မည်မျှကြာမည်ကိုသိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး** က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေအသစ်နှင့် နည်းဥပဒေအသစ်တို့ကို ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ ပြောကြားလိုသည်မှာ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေနှင့် နည်းဥပဒေများသည် ယခင်ကတည်းက ပြဋ္ဌာန်းထားရှိပြီးဖြစ်ကြောင်း၊ ယင်းတို့ကို ယခင်ပြီးခဲ့သည့် ရွေးကောက်ပွဲအတွေ့အကြုံများအပေါ်တွင်မူတည်၍ လည်းကောင်း၊ နိုင်ငံရေးပါတီများ စစ်ဆေးတွေ့ရှိချက်များအပေါ် မူတည်ပြီးလည်းကောင်း၊ ပိုမိုပြည့်စုံကောင်းမွန်စေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် နိုင်ငံရေးပါတီတည်ထောင်သည့်ကိစ္စ၊ နိုင်ငံရေးပါတီများ အင်အားစုဖွဲ့ခြင်းနှင့် ရန်ပုံငွေစာရင်းထားရှိသည့်ကိစ္စ၊ နိုင်ငံရေးပါတီရုံးခန်းများတည်ထောင်သည့်ကိစ္စ၊ နိုင်ငံရေးပါတီလုပ်ငန်းများဆောင်ရွက်သည့်ကိစ္စများတွင် ပိုမိုကောင်းမွန်စေရန်အတွက် လိုအပ်သည်များ ဖြည့်စွက်ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ယင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဥပဒေရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ စိစစ်မှုများဖြင့် အဆင့်ဆင့်လုပ်ဆောင်၍ ဥပဒေပြုရေးလုပ်ငန်းစဉ်များအား ဆက်လက် စိစစ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ နိုင်ငံရေးပါတီများထံ သီးခြားအကြံပြုချက်တောင်းခံရန်မရှိကြောင်း၊ ဥပဒေပြုရေးလုပ်ငန်းစဉ်များအတိုင်း စနစ်တကျစိစစ်ပြီး ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဖြေကြားသည်။

**တဲ့ပြောမီဒီယာမှ အယ်ဒီတာချုပ် ဦးဇော်မင်းဦး** က ၂၀၁၀ ရွေးကောက်ပွဲအပြီး သမ္မတကြီး ဦးသိန်းစိန်က နိုင်ငံတော်သမ္မတတာဝန် ထမ်းဆောင်ခဲ့ကြောင်း၊ အလားတူ ၂၀၁၅ ရွေးကောက်ပွဲအပြီးတွင် သမ္မတ ဦးထင်ကျော်က နိုင်ငံတော်သမ္မတ တာဝန်ယူခဲ့ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံတော်သမ္မတသော်လည်းကောင်း၊ ဒုတိယသမ္မတသော်လည်းကောင်း တစ်ဦးတစ်ယောက် အနားယူခဲ့လျှင် ရက်ပေါင်း ၃၀ အတွင်း လစ်လပ်သည့်နေရာအား ပြန်လည်ရွေးချယ်ရမည်ဟုပါရှိကြောင်း၊ ထိုသို့ဆိုလျှင် သမ္မတနေရာအား ဒုတိယသမ္မတ(၁) ဦးမြင့်ဆွေမှ ခေတ္တတာဝန်ထမ်းဆောင်ပြီး ဒုတိယသမ္မတ(၂)မှ ဒုတိယသမ္မတ(၁) နေရာအား ထမ်းဆောင်ရကြောင်း၊ ထို့ကြောင့်လစ်လပ်သွားသည်မှာ ဒုတိယသမ္မတ(၂)နေရာဖြစ်ကြောင်း၊ အမှန်တကယ်ရွေးချယ်ရာတွင် ဒုတိယသမ္မတများအားလုံးအထဲမှ မဲပေးသည့်စနစ်ဖြင့် ရွေးချယ်ခဲ့ကြောင်း၊ ဒုတိယသမ္မတ(၁)ဖြစ်သည့် ဦးမြင့်ဆွေသည် ဒုတိယသမ္မတ (၂)ဖြစ်သွားခဲ့ပါက ပြောစရာဖြစ်လာနိုင်ကြောင်း၊ ထို့ကြောင့် ယခုလာမည့် ရွေးကောက်ပွဲအပြီးတွင် ယင်းကိစ္စများနှင့် ပတ်သက်ပြီး ပြန်လည်ပြင်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုကြောင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တိုင်းရင်းသားရေးရာဝန်ကြီး/ လူမျိုးစုကိုယ်စားလှယ်များရှိကြောင်း၊ ဥပမာ ကရင်ပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးစု ကိုယ်စားလှယ် ဗမာတိုင်းရင်းသားဝန်ကြီး ဦးတေဇထွဋ်လှိုင်ထွေးသည် ၂၀၁၈ ခုနှစ်တွင် အကြောင်းအမျိုးမျိုးကြောင့် အနားယူနုတ်ထွက်ခဲ့ကြောင်း၊ သမ္မတနှင့် ဒုတိယသမ္မတများအား ရက်ပေါင်း ၃၀ အတွင်း ပြန်လည်ရွေးချယ်ရမည်ဟု အခြေခံဥပဒေတွင် ဆိုထားကြောင်း၊ တိုင်းရင်းသားရေးရာဝန်ကြီးများအား ပြန်လည်ရွေးချယ်ရန် ကာလ အကန့်အသတ်မရှိခြင်းကြောင့် အဆိုပါ ကရင်ပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်မှာ နှစ်နှစ်ခွဲကျော်ကြာအထိ မရှိခဲ့ကြောင်း၊ ထို့ကြောင့် ကရင်ပြည်နယ် ဗမာတိုင်းရင်းသားများအနေဖြင့် များစွာနစ်နာခဲ့ရကြောင်း၊ ကရင်ပြည်နယ် ဗမာတိုင်းရင်းသားရေးရာဝန်ကြီး လစ်လပ်သွားသည်ဆိုပါက ပြည်နယ်အစိုးရဝန်ကြီးချုပ်မှ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ အဖွဲ့ခွဲထံ ဗမာတိုင်းရင်းသားရေးရာဝန်ကြီး လစ်လပ်သွားကြောင်း အကြောင်းကြားရမည်ဖြစ်ကြောင်း၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်မှ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ အကြောင်းကြားတင်ပြရမည်ဖြစ်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် လစ်လပ်သွားသည့် ဗမာတိုင်းရင်းသားရေးရာဝန်ကြီးနေရာအား မည်သည့်ကာလတွင် ပြန်လည်ရွေးချယ်ပေးမည်ဆိုသည့် သတ်မှတ်ချက်အား ထွက်ရှိလာမည့် ဥပဒေအသစ်တွင် ဖြည့်စွက်ပေးမည့် အစီအစဉ် ရှိ/မရှိ သိလိုကြောင်း မေးမြန်းသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦးက သတင်းထောက်ကြီးမေးသည့် မေးခွန်းနှင့်ပတ်သက်၍ အပိုင်းနှစ်ပိုင်းခွဲခြားပြီး ဖြေကြားလိုကြောင်း၊ ပထမအပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ အစားထိုးရွေးချယ်တင်မြှောက်သည့်ကိစ္စဖြစ်ပြီး ဒုတိယအပိုင်းသည် တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ် တိုင်းရင်းသားရေးရာဝန်ကြီး အစားထိုးရွေးချယ်တင်မြှောက်ခြင်းကိစ္စတို့ဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းကိစ္စနှင့်ပတ်သက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၃) ပုဒ်မ ၇၃ တွင် တိတိကျကျ ရှင်းရှင်းလင်းလင်းဖော်ပြထားကြောင်း၊ ဒုတိယသမ္မတများသည် အစုအဖွဲ့သုံးခုဖြစ်ပြီး တပ်မတော်သားအစုအဖွဲ့၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အစုအဖွဲ့၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့များမှ ဒုတိယသမ္မတတစ်ယောက်စီ ရွေးချယ်တင်မြှောက်ရခြင်းဖြစ်ကြောင်း၊ ၎င်းတို့အထဲမှ ပြည်ထောင်စုလွှတ်တော်တွင် သမ္မတနေရာအား ရွေးချယ်တင်မြှောက်ရခြင်းဖြစ်ကြောင်း၊ လစ်လပ်သွားသည့်နေရာများအတွက် မည်သို့လုပ်ဆောင်ရမည်ကို ပြဋ္ဌာန်းချက် တိတိကျကျ ပြည့်ပြည့်စုံစုံကို ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၃) ပုဒ်မ ၇၃ တွင် ပါရှိပြီးဖြစ်ကြောင်း၊ ဒုတိယအချက်အနေဖြင့် တိုင်းရင်းသားရေးရာဝန်ကြီးသည် တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တွင် ပါဝင်သည့်ကိုယ်စားလှယ်ဖြစ်ကြောင်း၊ ယင်းလွှတ်တော်ကိုယ်စားလှယ်နေရာလစ်လပ်သွားပါက သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်ရွေးကောက်ပွဲဥပဒေတွင် ပါပြီးဖြစ်ကြောင်း၊ လွှတ်တော်တွင် တစ်စုံတစ်ရာသောအကြောင်းကြောင့် လွှတ်တော်ကိုယ်စားလှယ်နေရာလစ်လပ်သွားခဲ့ပါက ဥပဒေနှင့်အညီ အစားထိုး ရွေးကောက်တင်မြှောက်ရမည်ဆိုသည့် ပြဋ္ဌာန်းချက်ပါရှိပြီး ဖြစ်ကြောင်း၊ သို့သော်လွှတ်တော်၏ ပထမငါးနှစ်သက်တမ်းတွင် ပထမတစ်နှစ်နှင့် ပဉ္စမနှစ်တို့တွင် ဆောင်ရွက်ခြင်းမပြုရဟု ဥပဒေတွင် ပါရှိကြောင်း၊ ထို့ကြောင့် ဒုတိယနှစ်၊ တတိယနှစ်နှင့် စတုတ္ထနှစ်များတွင် ဆောင်ရွက်ရမည့် အနေအထားမျိုးဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် လစ်လပ်သည့်စာရင်းများအား သက်ဆိုင်ရာလွှတ်တော်များနှင့် ကော်မရှင်အဖွဲ့ခွဲများမှလည်း မိမိတို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့သို့ပေးပို့ကြောင်း၊ ထို့ကြောင့် မိမိတို့ကော်မရှင်အနေဖြင့် ယင်းစာရင်းများကို ရရှိကြောင်း၊ ယင်းစာရင်းများကိုစုစည်းပြီး သင့်လျော်သည့်အချိန်တွင် ကြားဖြတ်ရွေးကောက်ပွဲကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယင်းနည်းဖြင့်သာ ရွေးကောက်တင်မြှောက်ရမည်ဖြစ်ကြောင်း၊ မီဒီယာကြီးပြောသကဲ့သို့ အချိန်ကာလတစ်ခု စောင့်ဆိုင်းရခြင်း၊ ချက်ချင်းရွေးကောက်တင်မြှောက်ခြင်း မပြုခြင်းတို့ကြောင့် နစ်နာမှုများရှိသည်ဟု ပြောခြင်းလည်း ရှိပါကြောင်း၊ ယင်းအခြေအနေပေါ်မူတည်ပြီး ဥပဒေနှင့်အညီ လိုအပ်သလို အစားထိုးရွေးကောက်တင်မြှောက်ခြင်းကို ကြားဖြတ်ရွေးကောက်ပွဲများနှင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လက်ရှိတွင် ယင်းကိစ္စများနှင့်ပတ်သက်၍ ဆောင်ရွက်ရန်မရှိကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၈ ပုဒ်မခွဲ (က)အရ လွှတ်တော်သက်တမ်းများ ကုန်ဆုံးသည့်အခါ အလိုအလျောက်ဖျက်သိမ်းပြီးဖြစ်သည့်အတွက် ဤကာလတွင်လွှတ်တော်လည်း ဖျက်သိမ်းပြီးဖြစ်သည့်အတွက် ဆောင်ရွက်ရန်မရှိကြောင်း ဖြေကြားသည်။

**Myanmar Public Press မှ အယ်ဒီတာချုပ် ဦးဇော်မင်းနိုင်** က လာမည့် ရွေးကောက်ပွဲတွင် မဲမသမာမှုမဖြစ်စေရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နေဖြင့် မည်သို့ကြိုတင် ဆောင်ရွက်ထားသည်ကို သိလိုကြောင်းနှင့် ပြည်သူလူထုအကြား PR စနစ်ကို နားလည်စေရန် မည်သို့ဆောင်ရွက်သွားမည်ကို သိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး** က ပြီးခဲ့သည့် ၂၀၂၀ ရွေးကောက်ပွဲတွင် မဲမသမာမှုနှင့်ပတ်သက်၍ မဲစာရင်းများဖောင်းပွမှုရှိကြောင်း၊ မဲနှစ်ကြိမ်ပေးခြင်း၊ ကိုယ်စားမဲပေးခြင်း၊ အယောင်ဆောင်မဲပေးခြင်း၊ အသက် ၁၈ နှစ်မပြည့်ဘဲ မဲပေးခြင်း စသည့်မဲမသမာမှုဖြစ်စဉ်များ ဖြစ်ပွားခဲ့ကြောင်း၊ ထို့ကြောင့် နောက်နောင်ကျင်းပမည့် ရွေးကောက်ပွဲတွင် ယင်းကိစ္စများနှင့် အခြေခံမဲစာရင်း မှန်ကန်ရေးအတွက် ဥပဒေထဲတွင် မဲစာရင်းပြုစုခြင်းနှင့် မဲစာရင်းစိစစ်ခြင်း အပိုင်းတို့ကို စနစ်တကျရေးဆွဲ၍ ပြင်ဆင်ထားကြောင်း၊ မှားယွင်းစွာ မဲဆွယ်စည်းရုံးလျှင်လည်း ရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်နိုင်သည့်အတွက် မဲဆွယ်စည်းရုံးခြင်း အခန်းဆိုပြီး အခန်းတစ်ခန်းထည့်သွင်းထားကြောင်း၊ သို့မှသာ မဲဆွယ်စည်းရုံးရာတွင်လည်း စနစ်တကျဖြစ်မည်ဖြစ်ကြောင်း၊ အလားတူ မဲပေးရာတွင်လည်း စနစ်တကျရှိစေရေးအတွက် မည်သို့မဲပေးမည်၊ မည်သို့မဲရေတွက်မည်ဆိုသည့် အပိုင်းများကိုလည်း ပြင်ဆင်ဖြည့်စွက် ပြဋ္ဌာန်းထားကြောင်း၊

*စာမျက်နှာ ၁၇ သို့*

**“ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှု၊ ပြစ်ဒဏ်၊ မဲမသမာမှုများနှင့်ပတ်သက်၍ အရေးယူသည့်အစီအစဉ်များတွင် အကြီး / အသေး၊ အလေး / အပေါ့အပေါ် မူတည်၍ ထိုက်သင့်သည့်ပြစ်ဒဏ်များ ချမှတ်ရန် ဆောင်ရွက်ထားကြောင်း၊ ယင်းသို့ ဆောင်ရွက်ခြင်းကြောင့် မဲရုံများတွင် ဖြစ်ပေါ်နိုင်သည့် မဲမသမာမှုဖြစ်စဉ်များကို လျှော့ချနိုင်ရန် ဥပဒေမူဘောင်အရ လိုအပ်သည်များကို ဆောင်ရွက်ထားကြောင်း”**

*စာမျက်နှာ ၁၆ မှ*

ယင်းတို့အပြင် ရွေးကောက်ပွဲဆိုင်ရာပြစ်မှု၊ ပြစ်ဒဏ်၊ မဲမသမာမှုများနှင့်ပတ်သက်၍ အရေးယူသည့် အစီအစဉ်များတွင် အကြီး/ အသေး၊ အလေး/ အပေါ့အပေါ်မူတည်၍ ထိုက်သင့်သည့် ပြစ်ဒဏ်များ ချမှတ်ရန် ဆောင်ရွက်ထားကြောင်း၊ ယင်းသို့ဆောင်ရွက်ခြင်းကြောင့် မဲရုံများတွင် ဖြစ်ပေါ်နိုင်သည့် မဲမသမာမှု ဖြစ်စဉ်များကို လျှော့ချနိုင်ရန် ဥပဒေမူဘောင်အရ လိုအပ်သည်များကို ဆောင်ရွက်ထားကြောင်း။

ယင်းသို့ဆောင်ရွက်ရာတွင် သတင်းထောက်ကြီးမေးသကဲ့သို့ ပြောင်းလဲကျင့်သုံးမည့် PR စနစ်နှင့် လိုက်လျောညီထွေ ဖြစ်စေရန်အတွက်ပါ အားလုံးထည့်သွင်းပြင်ဆင်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံတော်မှ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို သွားခြင်းကြောင့်ယင်းစနစ်ကို ကောင်းစွာဖော်ဆောင်နိုင်မည့် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများကို ပြဋ္ဌာန်းပြီး မဲမသမာမှုများ မဖြစ်စေရေးအတွက် ဆောင်ရွက်ထားရှိကြောင်း၊ PR စနစ်နှင့် ပတ်သက်ပြီး မိမိအနေဖြင့် အစောပိုင်းတွင်လည်း တင်ပြထားပြီးဖြစ်ကြောင်း၊ ယင်း PR စနစ်နှင့် ပတ်သက်ပြီး မဲဆန္ဒရှင်များအား အသိပညာပေးခြင်းနှင့်ပတ်သက်၍ နိုင်ငံတော်ပိုင်မီဒီယာများ၊ သတင်းစာများတွင် ဆောင်းပါးများဖော်ပြထားရှိကြောင်း၊ အလားတူ Talk Show များကိုလည်း TV အစီအစဉ်များတွင် ထည့်သွင်းပြသလျက်ရှိကြောင်း၊ ရွေးကောက်ပွဲနှင့်ပတ်သက်၍တင်ပြထားသည့်စာအုပ်များကိုထုတ်ဝေဖြန့်ချိလျက်ရှိကြောင်း၊ ထို့အတူ မဲရုံသရုပ်ပြအစီအစဉ်များနှင့်ပတ်သက်၍လည်း ရိုက်ကူးနေကြောင်း၊ အလားတူ ယင်းကိစ္စနှင့်ပတ်သက်သည့် တေးသီချင်းများ၊ တေးသရုပ်ဖော်များကိုလည်း စီစဉ်ဆောင်ရွက်နေကြောင်း၊ ပြည်သူလူထုကို PR စနစ်နှင့်ပတ်သက်၍ ရွေးကောက်ပွဲကာလနီးပါက မီဒီယာများမှတစ်ဆင့် ပိုမိုကျယ်ကျယ်ပြန့်ပြန့် သိရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

**ခေတ်ပုံရိပ်ဂျာနယ်မှသတင်းထောက် ဦးဝင်းနိုင်** က PR စနစ်နှင့်ပတ်သက်၍ ပြည်သူလူထု နားလည်စေရန် ပြည်ထောင်စုရွေးကောက်ပွဲအနေဖြင့် အသိပညာပေးမှုများပြုလုပ်သွားရန် အစီအစဉ် ရှိ/မရှိ သိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး** က အချိုးကျကိုယ်စားပြု PR စနစ်ကို ကျင့်သုံးပြီး လာမည့်ရွေးကောက်ပွဲကို ကျင်းပပြုလုပ်မည် ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် မဲပေးသည့်လုပ်ငန်းစဉ်တွင် PR နှင့် FPTP စနစ်သည် များစွာကွာခြားမှုမရှိကြောင်း၊ ရရှိသည့်မဲရလဒ်များကို အချိုးကျကိုယ်စားလှယ်တွက်ချက်၍ ရလဒ်ထုတ်ပြန်သည့်အခါမှသာ FPTP နှင့် PR စနစ်တို့ ကွာခြားမှုရှိမည်ဖြစ်ကြောင်း၊ PR နှင့် ပတ်သက်သည့် ဆောင်းပါး ၃၈ ပုဒ်ခန့်ကို နိုင်ငံပိုင်သတင်းစာများတွင် ရေးသားဖော်ပြထားကြောင်း၊ ထို့အတူ PR စနစ်နှင့်ပတ်သက်သည့် စကားဝိုင်းအစီအစဉ်များကိုလည်း ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြီးဖြစ်သလို ရွေးကောက်ပွဲအသိပညာပေးဆိုင်ရာနှင့် ပတ်သက်သည့် ထုတ်ဝေပြီး စာအုပ်လေးအုပ်တွင်လည်း PR နှင့်ပတ်သက်သည့် စာအုပ်သုံးအုပ်ပါရှိကြောင်း၊ ယင်းတို့ကို လေ့လာခြင်းအားဖြင့် သိရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ အတည်ပြုထုတ်ပြန်ပြီးပါက ယခုထက်ပိုပြီးအချက်အလက် ခိုင်ခိုင်မာမာ ကျယ်ကျယ်ပြန့်ပြန့်နှင့် မဲဆန္ဒရှင်များကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

**မြန်မာသံတော်ဆင့်ဂျာနယ်မှ အယ်ဒီတာ ဦးကိုကိုကြီး** က စက်တင်ဘာ ၁၅ ရက်နေ့တွင်



ဦးကိုကိုကြီး
မြန်မာသံတော်ဆင့်ဂျာနယ်



ဦးဝင်းဦး
NHP သတင်းဌာန



ဒေါ်ဆွေဇင်ဦး
Cohesion News



ဒေါ်ခိုင်စံပယ်ဦး
လူထုရင်ဖွင့်သံဂျာနယ်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ အနေဖြင့် နေပြည်တော်ပြည်ထောင်စုနယ်မြေရှိ မဲဆန္ဒရှင်စာရင်းများစိစစ်ခြင်း၊ မဲရုံလျာထားမှုများနှင့်ပတ်သက်၍ အစည်းအဝေးပြုလုပ်ခြင်း သတင်းများကို တွေ့မြင်ရကြောင်း၊ နေပြည်တော်တွင်ရှိသည့် ဝန်ထမ်းအိမ်ရာများ၊ သပြေဆောင်၊ သဇင်ဆောင်တို့တွင် နေသူများသည် ပုံစံ-၆၆ မပေါက်ခြင်းများပါကြောင်း၊ ၂၀၂၀ ရွေးကောက်ပွဲတွင် နေပြည်တော်ရှိ ဝန်ထမ်းများကို မဲပေးနိုင်ရေးအတွက် လွယ်ကူစွာ ဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရကြောင်း၊ နေပြည်တော်တွင်ရှိသည့် ဝန်ထမ်းများသည် ၎င်းတို့နေထိုင်ခဲ့သော ဒေသတွင်ရှိသည့် မဲဆန္ဒရှင်စာရင်းများတွင် ပါဝင်ပတ်သက်နေခြင်းကြောင့် မဲစာရင်းများ နှစ်နေရာထပ်နေကြောင်း၊ နေပြည်တော်တွင် မဲထည့်ခြင်းကြောင့် သက်ဆိုင်ရာမြို့နယ်၊ ရပ်/ကျေးမဲဆန္ဒနယ်မြေများ၌ လာရောက်မဲထည့်ခြင်းမရှိသည့် မဲဆန္ဒရှင်များကိုယ်စား NLD မှ ခန့်ထားသည့် ရပ်/ကျေးမဲရုံတာဝန်ရှိသူများက ၎င်းတို့အစီအစဉ်ဖြင့် မဲထည့်ခြင်းများကြောင့် မဲစာရင်းထပ်ခြင်းများ ရှိခဲ့သည်ဟု သိရကြောင်း၊ ယင်းဖြစ်စဉ်များကဲ့သို့ ထပ်မံမဖြစ်ပွားစေရန် လာမည့်ရွေးကောက်ပွဲတွင် မည်သို့ပြင်ဆင်ထားသည်ကို သိလိုကြောင်းနှင့် နေပြည်တော်တွင်ရှိသည့် သဇင်ဆောင်၊ သပြေဆောင်တို့မှ ဝန်ထမ်းများ၊ အိမ်ရာများတွင်ရှိသည့် ဝန်ထမ်းများ ဆန္ဒမဲပေးနိုင်ရေးအတွက် မည်သို့စီစဉ်ထားသည်ကို သိရှိလိုကြောင်းမေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး** က ယင်းကိစ္စနှင့်ပတ်သက်၍ နှစ်ပိုင်းခွဲ၍ဖြေကြားလိုကြောင်း၊ တစ်ပိုင်းမှာ ပုံစံ-၆၆/၆ မရှိသည့် ဝန်ထမ်းများမဲပေးရေးကိစ္စဖြစ်ပြီး နောက်တစ်ပိုင်းမှာ မဲစာရင်းမထပ်စေရေး မည်သို့လုပ်ဆောင်မည်ဆိုသည့် အပိုင်းများပင်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် ၂၀၂၀ အထွေထွေရွေးကောက်ပွဲကိစ္စကို ပြန်လည်တင်ပြလိုကြောင်း၊ အဆိုပါ ရွေးကောက်ပွဲ မဲစာရင်းများတွင် မှတ်ပုံတင်မရှိသည့် လူဦးရေမှာ လေးသန်းကျော်ရှိကြောင်း၊ မဲစာရင်း နှစ်ကြိမ်၊ သုံးကြိမ်ထပ်နေပြီး တိုင်းဒေသကြီး/ ပြည်နယ်/ မြို့နယ်အလိုက် Cross Check အရ ထပ်နေသူများ၊ အသက် ၁၀၀ ကျော်ရှိသူများ၊ အသက် ၁၈ နှစ်မပြည့်သူများအပါအဝင် စုစုပေါင်း ၁၁ ဒသမ ၀၃ သန်းခန့် ရှိသဖြင့် မဲဆန္ဒရှင်စုစုပေါင်း၏ ၂၉ ဒသမ ၅၄ ရာခိုင်နှုန်းဖြစ်ကြောင်း၊ ထို့ကြောင့် လာမည့်ရွေးကောက်ပွဲတွင် မဲစာရင်းများ ပြည့်စုံမှန်ကန်မှုနှင့် မဲဆန္ဒရှင်စာရင်းများ မထပ်စေရန် အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ယင်းသို့ဆောင်ရွက်ရာတွင် ဥပဒေကြောင်းအရ ဆောင်ရွက်ရခြင်းများရှိကြောင်း၊ မဲစာရင်းပြုစုရာတွင် မှတ်ပုံတင်၊ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရစသည်ဖြင့် အသိအမှတ်ပြုကတ်တစ်ခုခု ရှိမှသာ မဲပေးခွင့်ရရှိမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာမဲဆန္ဒနယ်တွင် နေထိုင်ကြောင်း သက်သေအထောက်အထားဖြစ်သည့် ပုံစံ-၆၆/၆ ရှိသူများကိုသာ မဲစာရင်းတွင်ပြုစုထားကြောင်း၊ အဆိုပါ ပုံစံ-၆၆/၆ မပါရှိသူများကို ဥပဒေနှင့်အညီ စာရင်းပြုစုနိုင်ရေး ဝန်ကြီးဌာန နှစ်ခုနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် မှတ်ပုံတင်ရှိရမည်၊ ပုံစံ-၆၆/၆ ရှိမှသာ မဲစာရင်းတွင်ပါပြီး မဲပေးခွင့်ရမည်ဖြစ်ကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်ပြီး ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများကိုလည်း အကြောင်းကြားထားပြီးဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့်လည်း ပြည်သူများအားလုံး လိုက်နာရမည့် ဥပဒေဖြစ်သောကြောင့် အခြားမဲဆန္ဒရှင်များနည်းတူ လိုက်နာရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများကို အကြောင်းကြားပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

မဲစာရင်းများမထပ်စေရန် မြေပြင်လူဦးရေစာရင်းကောက်ခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာန လူဦးရေစာရင်းများကို တိုက်ဆိုင်စစ်ဆေးပြီး ဥပဒေနှင့်ညီသည့် လူဦးရေစာရင်းကို ကနဦးမဲဆန္ဒရှင်စာရင်းများ စိစစ်ခြင်းစနစ် (Initial Voter List Scrutinizer-IVLS Software) တွေ့ရှိချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများသို့ပေးပြီး ပြန်လည်စိစစ်၍ Feedback ပြန်ပေးသည်များနှင့် Update လုပ်ပြီး ပြည့်စုံမှန်ကန်သည့်စာရင်းများ ရရှိစေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ကနဦးမဲဆန္ဒရှင်စာရင်းများ စိစစ်ခြင်းစနစ် (Initial Voter List Scrutinizer-IVLS Software) ၏ စစ်ဆေးခြင်းလုပ်ငန်းများကို ပြီးခဲ့သည့် ဩဂုတ်လအတွင်း လုပ်ဆောင်ပြီးဖြစ်ကာ ယခုစက်တင်ဘာလမှစ၍ Update လုပ်နေကြောင်း၊ အလားတူရရှိသည့် မဲစာရင်းများကိုအခြေခံပြီး မဲရုံများစုဖွဲ့ခြင်း၊ မဲရုံသုံးပစ္စည်းများတွက်ချက်ခြင်းကို ပြည်ထောင်စုနယ်မြေတွင် စတင်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် သတင်းထောက်ကြီးမေးသည့်မေးခွန်းကို ဖြေကြားရမည်ဆိုပါက မဲစာရင်းတွင်ပါရှိသည့် မဲပေးခွင့်ဥပဒေပြဋ္ဌာန်းချက် ထွက်ရှိလာမည်ဖြစ်ကြောင်း၊ မဲစာရင်းမထပ်စေရေး စနစ်တကျတင်ပြပါအတိုင်း ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားသည်။

ဆက်လက်ပြီး **မြန်မာသံတော်ဆင့်ဂျာနယ်မှ အယ်ဒီတာ ဦးကိုကိုကြီး** က နေပြည်တော် သုခတော်ဝင်အိမ်ရာတွင် ရွှေ့ပြောင်းလာသည့် ဝန်ထမ်းအများစုနေထိုင်ကြောင်း၊ အဆိုပါဝန်ထမ်းများကို မြေပြင်စာရင်းကောက်ခံခြင်းများမရှိသေးဟု သိရကြောင်း၊ ထိုသူများမဲပေးနိုင်ရန် မည်သို့စီစဉ်ထားသည်ကိုသိလိုကြောင်း ထပ်မံမေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး** က မိမိတို့အနေဖြင့် ရှေ့ပြေးစီမံချက်ဖြင့် စာရင်းကောက်ရာတွင် ဦးစွာဆောင်ရွက်နေသည်မှာ ရပ်ကွက်များ၊ မြို့နယ်အလိုက် ပြည်သူလူထုများကို စာရင်းများကောက်နေကြောင်း၊ ဒုတိယအဆင့်အနေဖြင့် နိုင်ငံ့ဝန်ထမ်းများ၊ တပ်မတော်သားများ၊ ယင်းအပိုင်းသည် Second Phase အနေဖြင့် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ အဆိုပါအဖွဲ့အစည်းများသည် စုစုစည်းစည်းနှင့် အင်အားစနစ် တည်တည်ငြိမ်ငြိမ်ရှိသည့် အဖွဲ့အစည်းများဖြစ်ကြောင်း၊ ယင်းလုပ်ငန်းစဉ်များကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့မဆောင်ရွက်မီ ဥပဒေကြောင်းအရ ပြည့်စုံအောင် ကြိုတင်ညှိနှိုင်းဆောင်ရွက်ထားရှိခြင်းဖြစ်ကြောင်း ဖြေကြားသည်။

**NHP သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဝင်းဦး** က ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး လုံခြုံရေးအင်အားများကို ပြီးခဲ့သည့် NLD အစိုးရလက်ထက် ၂၀၂၀ အထွေထွေ ရွေးကောက်ပွဲတွင် UEC မှ မဲရုံများကို စောင့်ကြပ်ရန်အတွက် ဖွဲ့စည်းလိုက်ကြောင်း၊ CDM လှုပ်ရှားမှုများမှ ကယားပြည်နယ်တွင် ရဲတပ်ဖွဲ့ဝင်များ CDM လုပ်ကြသည်ကို သတင်းတက်လာသည်ကို တွေ့ရကြောင်း၊ မိမိတို့လေ့လာကြည့်လိုက်သည့်အချိန် UEC မှ ရွေးကောက်ပွဲအတွက် ယာယီခန့်ထားသည့် မဲရုံလုံခြုံရေးရဲအင်အားများဖြစ်နေကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ယင်းကိစ္စများကို ကျယ်ကျယ်ပြန့်ပြန့် သတင်းထုတ်ပြန်ခြင်းမျိုး မတွေ့ခဲ့ရကြောင်း၊ ရွေးကောက်ပွဲကာလတွင် မဲရုံလုံခြုံရေးအင်အားများကို UEC နှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့ပေါင်းစပ်ပြီး ဆောင်ရွက်သည့်နေရာတွင် ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ယူနီဖောင်းဘက်တံဆိပ်တို့ကအစ မည်သည့်သတ်မှတ်ချက်များ၊ သက်တမ်းကာလမည်မျှရှိသည်၊ သက်တမ်းကာလပြီးသွားလျှင် ယူနီဖောင်းများမည်ကဲ့သို့ ပြန်၍သိမ်းသည်ကို သိလိုကြောင်းနှင့် လာမည့်ရွေးကောက်ပွဲတွင် ယင်းသို့လုံခြုံရေးအတွက် ခန့်ထားရန် အစီအစဉ်ရှိ/မရှိနှင့် တာဝန်ပေးဆောင်ရွက်ရန်ရှိပါက မည်သို့ကန့်သတ်ချက်များဖြင့် ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့်ပတ်သက်၍ သိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး** က ရွေးကောက်ပွဲလုံခြုံရေးနှင့်ပတ်သက်၍ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် လုံခြုံရေးနှင့်ပတ်သက်သည့် ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနတို့နှင့် အနီးကပ် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရကြောင်း၊ ရွေးကောက်ပွဲနှင့် ပတ်သက်ပြီး ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေးစီမံခန့်ခွဲမှုကော်မတီအား ပြည်ထဲရေး ဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီအဆင့်ဆင့်ကို ပြည်ထဲရေးဝန်ကြီးဌာနက စနစ်တကျဖွဲ့စည်းကြောင်း၊ စနစ်တကျဖွဲ့စည်းပြီး ၎င်းတို့က အနီးကပ်ဆောင်ရွက်ကြကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ယခင်က သာမန်အားဖြင့် မဲရုံပေါင်းလေးသောင်းကျော်ရှိကြောင်း၊ အဆိုပါမဲရုံများတွင် တာဝန်ထမ်းဆောင်ရန် အထူးရဲများကို စုစည်းလေ့ကျင့်ပြီး ခန့်ထားဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းကို ၂၀၁၅ ရွေးကောက်ပွဲနှင့် ၂၀၂၀ ရွေးကောက်ပွဲများတွင် ဆောင်ရွက်ခဲ့ကြောင်း၊ နောင်ကျင်းပမည့် ရွေးကောက်ပွဲတွင်လည်း ရွေးကောက်ပွဲကျင်းပမည့်ကာလ သတ်မှတ်ပြီး နောက်ပိုင်းမှသာ

*စာမျက်နှာ ၁၈ သို့*

*စာမျက်နှာ ၁၇ မှ*

ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်သည့်အခါတွင် တစ်လခန့် အချိန်ယူပြီး လူအင်အားစုစည်းခြင်း၊ လုံခြုံရေးဆိုင်ရာအချက်အလက်များ သင်တန်းပေးခြင်း၊ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်ပတ်သက်၍ သိသင့်သိထိုက်သည်များ လုပ်ဆောင်ပေးခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ သိမှတ်ဖွယ်ရာများကို တာဝန်ထမ်းဆောင်ရာတွင် အဆင်ပြေမှုရှိစေရန်အတွက် လေ့ကျင့်သင်ကြားပေးပြီးမှ ခန့်အပ်ခြင်းဖြစ်ကြောင်း၊ သာမန်အားဖြင့် တစ်လခန့်သာ လစာပေး၍ ခန့်အပ်ဆောင်ရွက်ကြောင်း၊ မိမိသိရသလောက်ပြောရလျှင် ထိုခန့်ထားသည့်သူများအထဲမှ ရဲတပ်ဖွဲ့အရည်အချင်းနှင့် ကိုက်ညီသည့်သူများအနေဖြင့် သင်တန်းပေးပြီး ရဲတပ်ဖွဲ့အဖြစ် ခန့်အပ်ပေးသည်များလည်းရှိကြောင်း၊ ယင်းလုပ်ငန်းစဉ်များကို ယခင် နှစ်ကြိမ်ဆောင်ရွက်ခဲ့ကြောင်း၊ ယခုကျင်းပမည့် ရွေးကောက်ပွဲတွင် အလားတူနည်းလမ်းဖြင့်သော် လည်းကောင်း၊ ထိုထက်ပိုမိုကောင်းမွန်သည့် နည်းလမ်းဖြင့်သော်လည်းကောင်း၊ သက်ဆိုင်ရာ ပြည်ထဲရေးဝန်ကြီးဌာနဖြင့်ညှိနှိုင်း၍ ဆောင်ရွက်သွားရန် စီစဉ်ထားကြောင်း၊ ရဲတပ်ဖွဲ့ဝင်ခန့်အပ်ခြင်းကို ပြည်ထဲရေးဝန်ကြီးဌာနက ခန့်အပ်ခြင်း၊ ယူနီဖောင်းထောက်ပံ့ခြင်း၊ လစာပေးအပ်ခြင်း စသည်တို့ကို ဆောင်ရွက်ပြီး ယင်းကိစ္စနှင့်ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာနက သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**ဆက်လက်၍ NHP သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဝင်းဦး** က မေးလိုသည်မှာ အကယ်၍ ယူနီဖောင်းဝတ်ဆင်ပြီး တလွဲသုံးမည်ဆိုပါက ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် မည်သို့သောအရေးယူမှုမျိုးလုပ်နိုင်မည်ကိုသိလိုကြောင်း ထပ်မံမေးမြန်းသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ **ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး** က ယခင်က အရန်ရဲ/အထူးရဲခန့်အပ်ခြင်းကို ၁၉၄၅ ခုနှစ် ရဲအက်ဥပဒေဖြင့် ခန့်အပ်ကြောင်း၊ ယခုလက်ရှိတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဥပဒေပြဋ္ဌာန်းပြီးဖြစ်ကြောင်း၊ ယင်းဥပဒေတွင်လည်း အရန်ရဲခန့်အပ်ခြင်းပါဝင်ကြောင်း၊ အရန်ရဲခန့်အပ်ရာတွင် တာဝန်ထမ်းဆောင်သည့်ကာလတွင် ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေကို လိုက်နာရမည်ဆိုသည့်အချက် ထည့်သွင်းထားကြောင်း၊ အရန်ရဲတာဝန်ထမ်းဆောင်နေစဉ်ကာလတွင် စည်းကမ်းဖောက်ဖျက်ပါက သန္ဓေတပ်ဖွဲ့ဝင်များကဲ့သို့ ရဲစည်းကမ်းဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း၊ အခြားတည်ဆဲဥပဒေများကို ချိုးဖောက်ပါက သက်ဆိုင်ရာ တည်ဆဲဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း ဖြည့်စွက်ဖြေကြားသည်။

**Cohesion News မှ သတင်းထောက် ဒေါ်ဆွေဇင်ဦး**က အကြမ်းဖက်လမ်းစဉ်ကို ပြန်လည်အသက်သွင်းခဲ့သည့် NLD ပါတီကို နိုင်ငံရေးပါတီများအထဲမှ ပယ်ဖျက်ခြင်းမပြုသေးသည်ကို တွေ့ရကြောင်း၊ လက်နက်ကိုင်လမ်းစဉ်ကိုစွန့်လွှတ် နိုင်ငံ့အရေးကိုရှေးရှုပြီး ပါတီနိုင်ငံရေးလုပ်ခဲ့သည့် နှင်းဆီပါတီကို NLD ခေတ်က မတရားအသင်းအဖြစ် ကြေညာခဲ့သည့်အပေါ် ပြန်လည်ပယ်ဖျက်ပေးသင့်သည်ဟု UEC အနေဖြင့် ထင်မြင်ပါသလား၊ မည်သို့ယူဆချက်များပေးလိုပါသလဲ၊ NLD ပါတီနှင့် နှင်းဆီပါတီ မည်သည့်ပါတီကပိုပြီး ဥပဒေနှင့်မညီသည်ကို UEC ၏အမြင်ကို သိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး** က ယင်းကိစ္စနှင့်ပတ်သက်၍ အပိုင်းနှစ်ပိုင်းခွဲပြီး ဖြေကြားလိုကြောင်း၊ NLD ပါတီနှင့် UDP ပါတီတို့နှင့်ပတ်သက်၍ နှစ်ပိုင်းနှိုင်းယှဉ်ပြောကြားလိုကြောင်း၊ NLD ပါတီနှင့်ပတ်သက်၍ ယခင်သတင်းစာရှင်းလင်းပွဲများတွင်လည်း ဖြေကြားထားပြီးဖြစ်ကြောင်း၊ ယင်းပါတီစစ်ဆေးမှုများနှင့်ပတ်သက်၍ စိစစ်အတည်ပြုရန် ကျန်ရှိနေသေးသည့် လုပ်ငန်းစဉ်များ ရှိနေသေးကြောင်း၊ ထို့ကြောင့် ဥပဒေအရဆောင်ရွက်ရန် လက်ရှိအခြေအနေတွင် ဆုံးဖြတ်ဆောင်ရွက်နိုင်ခြင်း မရှိသေးကြောင်း၊ စစ်ဆေးပြီးမှသာ စနစ်တကျဆုံးဖြတ်ဆောင်ရွက်သွားမည်ဟုသာပြောကြားလိုကြောင်း၊ UDP ပါတီ (နှင်းဆီပါတီ) သည် ပြီးခဲ့သည့် ရွေးကောက်ပွဲကော်မရှင်လက်ထက်တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ(၁၂)နှင့် အလားတူနည်းဥပဒေ ၁၅ (ခ၊ ဂ၊ စ)တို့နှင့် ငြိစွန်းကြောင်း၊ ယင်းနည်းဥပဒေများသည်လည်း ရပ်တည်ပိုင်ခွင့်မရှိသည့် ဥပဒေများဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံရေးပါတီမှပယ်ဖျက်ကြောင်းကို ၁၇-၁၀-၂၀၂၀ ရက်တွင် နိုင်ငံရေးပါတီအဖြစ်မှ ပယ်ဖျက်ခဲ့ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့ကြောင်း၊ သတင်းထောက်ကြီး မေးသည့်ကိစ္စနှင့်ပတ်သက်ပြီး မိမိအနေဖြင့် လေ့လာသုံးသပ်ကြည့်ရာတွင် ယင်းပါတီအား မတရားအသင်းအဖြစ် ကြေညာသည့်ကိစ္စနှင့်ပတ်သက်၍ မိမိတို့ထုတ်ပြန်သည့် ဥပဒေပုဒ်မများအထဲတွင် မတရားအသင်းအဖြစ် ကြေညာထားခြင်းမတွေ့ရကြောင်း၊ အလားတူ ပြည်ထဲရေးဝန်ကြီးဌာန၏ သက်ဆိုင်ရာ အထောက်အထားများကို လေ့လာကြည့်ရာတွင်လည်း UDP ပါတီအား မတရားအသင်းအဖြစ်ကြေညာထားခြင်းမရှိကြောင်း စိစစ်တွေ့ရှိရကြောင်း ဖြေကြားသည်။

> **“မဲဆန္ဒရှင်များအား မဲပေးသည့်ကိစ္စနှင့် ပတ်သက်၍ မေးမြန်းရာတွင် မည်သူ့အားမဲပေးသလဲ မေးမြန်းရိုက်ကူးထုတ်လွှင့်ရာတွင် အထက်တွင် ပြောကြားခဲ့သည့် မဲရုံနှင့်ကိုက် ၅၀၀ အတွင်း ဖြစ်ခြင်းကြောင့် ယင်းကိစ္စများကို ရိုက်ကူးထုတ်လုပ်ခြင်းအားဖြင့် မဲဆွယ်စည်းရုံးခြင်းဆိုသည့် ကိစ္စများနှင့် ငြိစွန်းနိုင်ခြင်းရှိကြောင်း၊ ထို့ကြောင့် ထိုသို့ ထိလွယ်ရှလွယ်သည့်ကိစ္စများနှင့်ပတ်သက်၍ ယခင် ရွေးကောက်ပွဲများတွင် ခွင့်မပြုခဲ့ကြောင်း”**

**ဆက်လက်၍ Cohesion News မှ သတင်းထောက် ဒေါ်ဆွေဇင်ဦး** က NLD ပါတီအနေဖြင့် အစစ်ဆေးခံမည်၊ ပါတီပြန်လည်ဖွဲ့မည်ဟု UEC ထင်မြင်ထားပါသလား၊ မျှော်လင့်ထားပါသလားဟု ထပ်မံမေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး** က အဆိုပါ ပါတီအနေဖြင့် CEC တချို့ဖမ်းဆီးထိန်းသိမ်းခံထားရသကဲ့သို့ တချို့အမှုရင်ဆိုင်နေရကြောင်း၊ အချို့ ထွက်ပြေးတိမ်းရှောင်နေခြင်း၊ အချို့မှာ ဆက်သွယ်၍မရဖြစ်နေကြောင်း၊ ထို့ကြောင့်တာဝန်ခံဖြေရှင်းမည့်ကိစ္စများအား မိမိတို့အနေဖြင့် ဆောင်ရွက်နေမှုများရှိသော်လည်း စစ်ဆေးရေးလုပ်ငန်းစဉ်များ မပြီးစီးသေးသဖြင့် ဆောင်ရွက်နိုင်ခြင်း မရှိသေးသည်ဟု လတ်တလောဖြေကြားလိုကြောင်း ဖြေကြားသည်။

**Cohesion News မှ သတင်းထောက် ဒေါ်ဆွေဇင်ဦး** က အဆိုပါ NLD ပါတီအနေဖြင့် လာရောက်အစစ်ဆေးခံမည်ဆိုပါက ဥပဒေနှင့်မငြိစွန်းသည့်ကိစ္စများရှိလိမ့်မည်ဟု UEC အနေဖြင့် ထင်ပါသလားဟု ထပ်မံမေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး** က ယင်းကိစ္စနှင့်ပတ်သက်၍ ကြိုတင်ပြီး မခန့်မှန်းလိုကြောင်း၊ သို့သော်လည်း မိမိတို့အနေဖြင့် စိစစ်ရာတွင် အသေးစိတ် စနစ်တကျစိစစ်မည်ဆိုပါက အဖြစ်မှန်ပေါ်ပေါက်အောင် စိစစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

**လူထုရင်ဖွင့်သံဂျာနယ်မှ အယ်ဒီတာ ဒေါ်ခိုင်စံပယ်ဦး** က ပြီးခဲ့သည့် ရွေးကောက်ပွဲတွင် မဲရုံများကြိုတင်ပြင်ဆင်သည့်အချိန်ကာလအတွင်း မိမိတို့အနေဖြင့် ရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများကို ယင်းနယ်မြေအတွင်းရှိ စာရင်းရှိ မဲဆန္ဒရှင်အရေအတွက်၊ မဲရုံအရေအတွက်၊ ကိုဗစ်ကာလဖြစ်ခြင်းကြောင့် မဲပေးရန် စီမံဆောင်ရွက်ထားသည့်အခြေအနေများနှင့်ပတ်သက်၍ မေးခွန်းများမေးမြန်းခဲ့ကြောင်း၊ ထိုသို့သော အခြေခံမေးခွန်းများ မေးမြန်းရာတွင် ပြန်လည်ဖြေကြားခြင်းမရှိဘဲ ရန်သူသဖွယ် မောင်းထုတ်ခြင်းခံခဲ့ရကြောင်း၊ ထို့ကြောင့် လာမည့်ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲဥပဒေများ၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ စည်းမျဉ်းစည်းကမ်းများ၊ လျှို့ဝှက်မဲပေးခြင်း၏ စည်းမျဉ်းများကိုလိုက်နာပြီး မေးမြန်းသည့် မီဒီယာ၏မေးမြန်းမှုများကို လွတ်လပ်ခွင့်ပေးရန်အစီအစဉ်ရှိ/မရှိ သိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး** က မိမိတို့အနေဖြင့် ရွေးကောက်ပွဲ၏ပွင့်လင်းမြင်သာမှုနှင့် အများယုံကြည်လက်ခံမှုရအောင် ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများကို ပြီးခဲ့သည့် ရွေးကောက်ပွဲအဆက်ဆက်တွင် ခွင့်ပြုခဲ့သည်များရှိကြောင်း၊ ထို့ကြောင့် သတ်မှတ်ထားသည့် လုပ်ငန်းစဉ်၊ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ စိစစ်ခွင့်ပြုပေးခြင်းရှိကြောင်း၊ သတင်းထောက်ကြီး မေးမြန်းသည့်ကိစ္စနှင့်ပတ်သက်ပြီး အပိုင်းနှစ်ပိုင်းခွဲ၍ဖြေကြားလိုကြောင်း၊ မဲရုံဖွင့်လှစ်သည့် နံနက် ၆ နာရီမှ ညနေ ၄ နာရီအတွင်း မဲပေးခြင်းလုပ်ငန်းများကို စနစ်တကျ ကြီးကြပ်ဆောင်ရွက်ရကြောင်း၊ ယင်းလုပ်ငန်းစဉ်များပြီးပါက မဲရေတွက်ခြင်းလုပ်ငန်းများ ဆက်လက်လုပ်ဆောင်ရကြောင်း၊ ထိုအချိန်များတွင် မဲရုံတာဝန်ခံများအနေဖြင့် မေးခွန်းများမေးမြန်းခြင်းကို ဖြေကြားရန်အခက်အခဲရှိနိုင်ကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများတွင် ပြဋ္ဌာန်းထားသည်များရှိကြောင်း၊ ပုဒ်မ ၆၁/၆၂ တွင် မည်သူမဆို ရွေးကောက်ပွဲကျင်းပသည့် မဲရုံအတွင်းတွင် သော်လည်းကောင်း၊ မဲရုံနှင့်ကိုက် ၅၀၀ အတွင်းတွင် သော်လည်းကောင်း လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးကို မဲပေးရန်သော်လည်းကောင်း၊ မဲမပေးရန် သော်လည်းကောင်း၊ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးရန် သော်လည်းကောင်း၊ ဆန္ဒမဲမပေးရန် သော်လည်းကောင်း၊ တိုက်တွန်း သွေးဆောင်လျှင် သော်လည်းကောင်း၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့များကို လုပ်ငန်းအနှောင့်အယှက်ဖြစ်စေသည့်လုပ်ရပ်များ ဆောင်ရွက်ပါက ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုမြောက်သည်ဟု ဥပဒေတွင်ပါရှိခြင်းကြောင့် ယင်းကိစ္စများသည် မြေပြင်တွင် ဆောင်ရွက်ရာ၌ အခက်အခဲရှိနိုင်ကြောင်း။

မဲဆန္ဒရှင်များအား မဲပေးသည့်ကိစ္စနှင့် ပတ်သက်၍ မေးမြန်းရာတွင် မည်သူ့အားမဲပေးသလဲ မေးမြန်းရိုက်ကူးထုတ်လွှင့်ရာတွင် အထက်တွင် ပြောကြားခဲ့သည့် မဲရုံနှင့်ကိုက် ၅၀၀ အတွင်း ဖြစ်ခြင်းကြောင့် ယင်းကိစ္စများကို ရိုက်ကူးထုတ်လုပ်ခြင်းအားဖြင့် မဲဆွယ်စည်းရုံးခြင်းဆိုသည့် ကိစ္စများနှင့် ငြိစွန်းနိုင်ခြင်းရှိကြောင်း၊ ထို့ကြောင့် ထိုသို့ ထိလွယ်ရှလွယ်သည့် ကိစ္စများနှင့်ပတ်သက်၍ ယခင် ရွေးကောက်ပွဲများတွင် ခွင့်မပြုခဲ့ကြောင်း၊ သို့သော်လည်း သက်ဆိုင်ရာ ရပ်/ကျေး ကော်မရှင်များအနေဖြင့် မဲရုံ၊ မဲစာရင်း၊ မဲပေးနိုင်သည့် အရေအတွက်တို့နှင့်ပတ်သက်၍ ကြော်ငြာဘုတ်တွင် ကပ်ထားပြီးဖြစ်ကြောင်း၊ ထိုသို့ အခြေခံအချက်အလက်များဖြင့် မဲရုံတွင် အေးချမ်းတည်ငြိမ်စွာ မဲပေးနိုင်မှုရှိ/မရှိ လေ့လာသုံးသပ်ပြီး ရိုက်ကူးတင်ဆက်မှုများလည်း ရှိခဲ့ကြောင်း၊ ထိုသို့ နှစ်ဖက်အဆင်ပြေစေရန် သတ်မှတ်ထားသည့် လုပ်ငန်းစဉ်များနှင့်အညီ သတင်းရယူခွင့်ရရှိအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

*(ဆက်လက်ဖော်ပြပါမည်)*

## သာပေါင်းမြို့နယ်၌ ပုသိမ်ခရိုင် စိုက်တိုးမြှင့်ကော်မတီဥက္ကဋ္ဌအဖွဲ့နှင့် ကျေးရွာအုပ်စုခုနစ်စုမှ တောင်သူများ တွေ့ဆုံ

**သာပေါင်း စက်တင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ် ငှက်ပျောတောကျေးရွာအုပ်စု ကုလားဝဲကျေးရွာ သစ္စာမဏ္ဍိုင် ဘုန်းတော်ကြီးကျောင်း၌ ပုသိမ်ခရိုင် စိုက်တိုးမြှင့်ကော်မတီအဖွဲ့ ဥက္ကဋ္ဌနှင့် ကျေးရွာအုပ်စုခုနစ်အုပ်စုမှ ဒေသခံတောင်သူများ စက်တင်ဘာ ၂၂ ရက်က တွေ့ဆုံခဲ့ကြသည်။

ခရိုင်စိုက်တိုးမြှင့်ကော်မတီဥက္ကဋ္ဌ ဦးလင်းကိုကို၊ အဖွဲ့ဝင် ဦးနေဝင်း (ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန)၊ အဖွဲ့ဝင် ဦးဝင်းစိုး (ခရိုင်စိုက်ပျိုးရေး)၊ မြို့နယ်စိုက်တိုးမြှင့်ကော်မတီဥက္ကဋ္ဌ ဦးမင်းဇော်ထိုက်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးကျော်တိုးတို့က ကျေးရွာအုပ်စုခုနစ်အုပ်စုမှ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူ ၁၀၆ ဦးတို့နှင့် တွေ့ဆုံ၍ နေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ကျေးရွာများအရောက်ကွင်းဆင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

**မျိုးဇော်သိန်း (ပြန်/ဆက်)**



(၅၈) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ချင်းပြည်နယ် ဖလမ်းခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီးမိုးနိုင် ဦးစီးသည့် ရဲတပ်ဖွဲ့ဝင် အင်အား ၅၀ က စက်တင်ဘာ ၂၄ ရက်တွင် ဖလမ်းမြို့ အထက-၃ ကျောင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးစဉ်။

နန္ဒကျော်စွာ

# ကယားပြည်နယ်အစိုးရအဖွဲ့မှ ယာယီတိုက်ပွဲရှောင်ပြည်သူများအား အခြေခံစားကုန်များ ထောက်ပံ့ပေးအပ်

လွိုင်ကော် စက်တင်ဘာ ၂၄




ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့နယ် အတွင်းရှိ ယာယီတိုက်ပွဲရှောင် ပြည်သူများ နေထိုင်သည့် ဥတ္တရာရုံ ဘုန်းတော်ကြီးကျောင်းနှင့် လွိုင်ကော် ကက်သလစ် သာသနာ၊ ဇဝ်ဂေလိ စေတမန်၊ ဗဟိုသင်တန်းကျောင်း တို့သို့ သွားရောက်၍ ယာယီတိုက်ပွဲရှောင် ပြည်သူများအား အခြေခံ စားကုန်များဖြစ်သည့် ဆန်၊ ဆီနှင့် ကြက်ဥများ ထောက်ပံ့ပေးအပ်သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဥတ္တရာရုံ ဘုန်းတော်ကြီးကျောင်း၊ဆရာတော် ဘဒ္ဒန္တ ဇိနေဘာသအား ဖူးမြော် ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဥတ္တရာရုံ ဘုန်းတော်ကြီးကျောင်းနှင့် လွိုင်ကော်ကက်သလစ် သာသနာ၊ ဇဝ်ဂေလိစေတမန်မူကြို၊ ဗဟိုသင်တန်းကျောင်းတို့၌ နေထိုင်ကြသော ယာယီတိုက်ပွဲရှောင် ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံကာ မိမိတို့၏ နေရပ်တွင် ပြန်လည်နေထိုင်နိုင်ရေး၊လတ်တလောစားသောက်ရေး ကိစ္စများ အဆင်ပြေစေရေး၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်စေရေး၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံနိုင်ရေး အတွက် ပြည်နယ်အစိုးရအဖွဲ့က ပံ့ပိုးကူညီ ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြား၍ အားပေးစကား ပြောကြားပြီး အိမ်ထောင်စု လူဦးရေအလိုက် အခြေခံ စားကုန်များဖြစ်သော ဆန်၊ ဆီနှင့်ကြက်ဥများ ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

(အပေါ်ပုံ)

ကိုဇင်(လွိုင်ကော်)

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၄ - ၉ - ၂၀၂၂

| ရွှေ | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် ၁၉၆၅၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် ၁၉၆၁၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၆၇၁ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၆၆၇ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၇၃၀ ကျပ် | ၂၇၇၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၈၁၅ ကျပ် | ၂၈၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၂၄၀ ကျပ် | ၂၂၉၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၃၂၀ ကျပ် | ၂၃၇၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၀၄၈ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၄၇၄ . ၃ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၆ . ၀၆၇ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၄၆၅ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၅၈ . ၆၇ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၉၄ . ၉၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၁၅ . ၉၃၆ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၅၀၀ | ၉၅၀၀ | ၁၂၈၈ | ၁၂၀၂၄၆၀၀ |
| MTSH | ၃၅၅၀ | ၃၅၅၀ | ၉၇၈၃ | ၃၄၇၂၉၆၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၀၀၀၀ | ၂၀၀၀၀ | ၆၇ | ၁၃၄၀၀၀၀ |
| TMH | ၂၈၀၀ | ၂၈၅၀ | ၅၁၀ | ၁၄၂၈၅၀၀ |
| EFR | ၂၇၀၀ | ၂၇၀၀ | ၂၅၃ | ၆၈၃၁၀၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm


## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၅-၉-၂၀၂၂ တနင်္ဂနွေနေ့

MRTV HD

၀၆:၀၀ တောင်တန်းသာသနာပြုဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(မင်္ဂလသုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၀ သတင်းသမားပြောတဲ့သတင်းစကား
၀၉:၂၀ (၇)ကြိမ်မြောက် အရှေ့မြောက်ပွားစီးပွားရေးဖိုရမ် အပေါ်လေ့လာသုံးသပ်ခြင်း(အပိုင်း-၁)
၁၀:၀၀ 'တူယှဉ်နွဲ့ပျော်ဂီတပွဲတော် Season-2' တေးသီချင်းဆိုပြိုင်ပွဲ ထုတ်လွှင့်မှု (အုပ်စု-၁)(ပွဲစဉ်-၄)
၁၁:၀၀ အသိပညာနှင့်အမှန်တရား
၁၁:၃၀ MRTV National News
၁၄:၀၀ မြန်မာ့ဂန္ထဝင်ရုပ်ရှင် 'ပန်းပန်လျက်ပါ' (ကောလိပ်ဂျင်နေဝင်း၊ မြတ်လေး၊ ကြည်ကြည်ထွေး)
၁၆:၃၅ 'တိုင်းခင်' ပုံရှမ်းတိုင်းရင်းသားတို့၏ ဝတ်စားဆင်ယင်ထုံးဖွဲ့ပုံ
၁၆:၄၅ Sports Diary
၁၇:၁၅ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
၁၇:၃၀ ရာဇဝင်ထဲကသမိုင်းအနုပညာ
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၀ သုတဝေဖြာသီရိဂေဟာ
၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အတိတ်ဒါးဒါး အချစ်ချိုချို' (အပိုင်း-၁၁)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ (၇)ကြိမ်မြောက် အရှေ့မြောက်ပွားစီးပွားရေးဖိုရမ် အပေါ်လေ့လာသုံးသပ်ခြင်း(အပိုင်း-၂)
၂၁:၂၀ ကြွေလည်းဝေမြဲတမ်းတဆဲ
၂၁:၃၀ ဆေးရောင်စုံရုပ်ရှင် 'ငယ်ချစ်ရှိနှင့်သူငယ်ပယ်' (ကျော်ရဲအောင်၊ မိုမိုမြင့်အောင်)

mitv

07:02 Evergreen Classic: Myat Hsu Mon (Hnin Yee Thant, Hnin Hnin Htoo, Shwe Yee Win, Sein Lei Lei, Nan Sandy)
07:05 Myanmar Marionette
07:33 Myanmar Traditional Instruments (MYANMA DRUM)
08:01 News
08:29 Myanmar Traditional Cart Business
08:50 Ecotourism: Shameka Taw Ya Monastery and Dolphin Community Lodge
09:01 Myanmar Traditional Food: Mohinga
09:21 Today Myanmar
09:57 Kid's Home
10:27 Global Partnership for Brighter Future: Poland Pavilion at Expo 2020 Dubai
10:35 Ancient Historical Kakku Pagoda
09:44 Wushu Kids & Their Limit (Ep-3)

MRTV NRC

အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀) စားချင်စရာဝဉဟင်းအရသာ
ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀) ရင်သားကင်ဆာအကြောင်းသိကောင်းစရာ
ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀) တောင်ပေါ်ဒေသချောင်းကလေးမှ
မွန် (၀၉:၀၀ မှ ၁၁:၀၀) မွန်ရိုးရာခေါက်မုန့်ပြုလုပ်နည်း
ရခိုင် (၁၁:၀၀ မှ ၁၃:၀၀) ထုက္ကန့်သိမ် ပုထိုးတော်ကြီး
ရှမ်း (၁၃:၀၀ မှ ၁၅:၀၀) ခမ်းနားထည်ဝါအင်းသားတို့ရဲ့ ရှေးလက်ရာ
ဝ (၁၅:၀၀ မှ ၁၇:၀၀) မာလာငါးပေါင်းပြုလုပ်နည်း
ကချင် (၁၇:၀၀ မှ ၁၉:၀၀) ဝဉ်စိုက်ကြမယ်
ကယား (၁၉:၀၀ မှ ၂၁:၀၀) စားချင်စဖွယ် တို့ရိုးရာဟင်း
ပအိုဝ်း (၂၁:၀၀ မှ ၂၂:၀၀) သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၉)
အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀) ကရင့်ရိုးရာ စောင်းတူရိယာ

MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၄၅ News Desk
၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
၀၉:၁၅ Weekly Selected News
၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၁:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၆:၀၀ သတင်းမှန်ကဏ္ဍ
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)

MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အရိပ်တကြည့်ကြည့်'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၁)
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အင်ဒိုနီးရှားနိုင်ငံ)
၁၁:၃၀ အတွေးအမြင် (အပိုင်း-၁)

MRTV FARMERS'

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၅၀ သုတဝေစည်တောင်သူဆီ
၀၇:၁၀ ချိုချဉ်ဖန်ခါးစုံလင်လုပ်တဲ့ကော်ဖီသီးနှံအလု
၀၇:၃၅ မွေးမြူရေးရာအဖြာဖြာ
၀၈:၀၀ စက်မှုလယ်ယာစနစ်ကိုဦးတည် မြို့သစ်မြို့နယ်ကကိုရုံတောင်ကျေးရွာဆီ
၀၈:၅၀ ကျန်းမာရေးအတွက်ရည်ရွယ် ဓာတုကင်းလွတ်သီးနှံစိုက်ပျိုးမယ်
၀၉:၅၀ မြေကျောက်သရက်တို့ရှင်သန်ရာမြေ

MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/Weekly Sports Info Sports Diary/Weekly MNL Review
၀၇:၄၅ အားကစားလောကထဲကသူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ဆောင်းသီးနှံအတွက် အောက်တိုဘာတစ်လစာ ချေးငွေထုတ်ချေးမည်

**မန္တလေး စက်တင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲအနေဖြင့် တိုင်းဒေသကြီးအတွင်းမှ တောင်သူများအား ဆောင်းသီးနှံအတွက် အောက်တိုဘာတစ်လစာအဖြစ် ငွေကျပ်သိန်း ၄၀၀၀ ကျော် ထုတ်ချေးမည်ဖြစ်ကြောင်း ယင်းဘဏ်ခွဲမှ တိုင်းဒေသကြီး မန်နေဂျာ ဦးစိုးကိုကိုဝင်းက ပြောသည်။

မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ခွဲများမှ စိုက်ပျိုးတောင်သူများအား ရာသီအလိုက် သီးနှံစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးခြင်းဖြင့် တောင်သူများအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုပေးလျက်ရှိသည်။

"ဆောင်းသီးနှံချေးငွေအနေနဲ့ အောက်တိုဘာလဆန်းထဲမှာ ချေးပေးဖို့ လျာထားတာဖြစ်ပြီး ဒုတိယပတ်ထဲမှာ ချေးငွေထုတ်ချေးနိုင်မှာပါ။ အောက်တိုဘာတစ်လစာအတွက်ဆိုပေမယ့် ဒီထက်မက ချေးငွေထုတ်ပေးဖို့ ရှိပါတယ်။ လောလောဆယ် ပထမဆုံးတစ်လစာ ထုတ်ချေးလိုက်တဲ့အခါ အဆင်ပြေမလားဆိုပြီး ခန့်မှန်းလျာထားခြင်းဖြစ်ပါတယ်" ဟု ၎င်းကပြောသည်။

အဆိုပါချေးငွေမှာ စပါးသီးနှံနှင့် အခြားသီးနှံအတွက် ငွေကျပ်သိန်း ၂၀၀၀ နှင့် အထူးနေကြာစိုက်ပျိုးရန်အတွက် ငွေကျပ် ၂၂၄၁ သိန်းဖြစ်ပြီး ချေးငွေများကို အောက်တိုဘာလဒုတိယပတ်တွင် ထုတ်ချေးနိုင်မှမည်ဖြစ်ကာ လိုအပ်ချက်ရှိလာပါက ဆက်လက်လျာထားပြီး ချေးငွေထုတ်ချေးပေးမည်ဖြစ်ကြောင်း သိရသည်။

"စိုက်ပျိုးတောင်သူတွေကို နှစ်စဉ် မိုး၊ ဆောင်း၊ မိုးကြိုချေးငွေ ချေးပေးဖို့လျာထားပြီး စပါးအတွက် တစ်ဧက ကျပ်တစ်သိန်းခွဲနဲ့ အခြားသီးနှံတွေကိုတော့ တစ်ဧက ကျပ်တစ်သိန်းနှုန်းနဲ့ ထုတ်ချေးပါတယ်။ အတိုးနှုန်းကလည်း ၅ ရာခိုင်နှုန်းဖြစ်ပြီး သက်သာတဲ့နှုန်းထားပါ"ဟု ဆက်လက်ပြောကြားသည်။

၂၀၂၂ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေအဖြစ် မန္တလေးတိုင်းဒေသကြီးအတွင်း ၂၃ မြို့နယ်ရှိ တောင်သူများအား ငွေကျပ်သန်း ၅၀၀၀၀ ကျော် ထုတ်ချေးရန် လျာထားခဲ့ရာ ယနေ့အထိ မိုးရာသီသီးနှံချေးငွေကျပ် ၃၉၇၅၁ ဒသမ ၆ သန်း ထုတ်ချေးထားပြီး စက်တင်ဘာ ၃၀ ရက်အထိ ထုတ်ချေးမည်ဖြစ်ကြောင်း၊ ထိုသို့ စိုက်ပျိုးတောင်သူများအား ချေးငွေထုတ်ချေးပေးခြင်းကြောင့် စိုက်ပျိုးရေးလုပ်ငန်းတွင် ထိရောက်မှုရှိကာ အချိန်မီစိုက်ပျိုးနိုင်ခြင်းဖြင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ **မောင်အေးချမ်း**



မန္တလေးတိုင်းဒေသကြီးမှ စပါးစိုက်ပျိုးနေသည့် တောင်သူများ။

# မိုးရေချိန်နည်းပါးခြင်းကြောင့် ရေတင်စိုက်ပျိုးရသဖြင့် စိုက်ပျိုးစရိတ် ပိုမိုကုန်ကျနေ

**မြန်အောင် စက်တင်ဘာ ၂၄**

ယခုနှစ် မိုးရာသီအတွင်း မိုးရေချိန်နည်းပါးခြင်းကြောင့် ရေတင်စိုက်ပျိုးရသဖြင့် စိုက်ပျိုးစရိတ် ယခင်ကထက် ပိုမိုကုန်ကျနေကြောင်း ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင်မှ တောင်သူများက ပြောသည်။

"ကျွန်တော် အဓိကစိုက်ပျိုးတာကတော့ စပါး၊ မတ်ပဲနဲ့ ပဲတီစိမ်းပါ။ စပါးကိုတော့ စုစုပေါင်း ဧက ၂၀ စိုက်ပျိုးထားပါတယ်။ ကျွန်တော်က မျိုးထုတ်တောင်သူဆိုတော့ အဓိကအားဖြင့် စပါးသုံးမျိုးကို မျိုးထုတ်ပါတယ်။ ဆင်းသုခ၊ ရက် ၉၀ နဲ့ ရတနာတိုးပါ။ အရင်နှစ်တွေကတော့ မိုးရေချိန်များတဲ့အတွက် ရေမပေးရပါဘူး။ အခုနှစ်မှာတော့ မိုးရေသိပ်မရတဲ့အတွက် ရေတင်ပြီး စိုက်ပျိုးရပါတယ်။ ရေက တစ်ပတ်တစ်ခါလောက်တင်ရပါတယ်။ ဆီဖိုးတွေတော့ ကုန်ပါတယ်ခင်ဗျာ" ဟု မြန်အောင်ခရိုင် အင်္ဂပူမြို့နယ်မှ စပါးစိုက်တောင်သူ ဦးမြင့်နိုင်က ပြောသည်။

ယခုနှစ် မိုးစပါးစိုက်ပျိုးရာတွင် တစ်ဧက စိုက်ပျိုးစရိတ် ပျမ်းမျှအနေဖြင့် ငွေကျပ် လေးသိန်းဝန်းကျင် ကုန်ကျကြောင်း သိရသည်။

" စိုက်စရိတ်က အရင်နှစ်ကထက် ပိုများပါတယ်။ အရင်နှစ်က ပုလဲတစ်အိတ်မှ သုံးသောင်းကျပ်လောက်ပဲ။ ဒီနှစ်က ပုလဲတစ်အိတ်ကို တစ်သိန်းခွဲလောက်နဲ့ ဝယ်ရပါတယ်။ အရင်က ဆီ တစ်ဂါလန်မှ ငွေကျပ် ၅၀၀၀/ ၆၀၀၀၊ အခုက ငွေကျပ် ၁၂၀၀၀/ ၁၃၀၀၀ လောက် ရှိပါတယ်"ဟု ၎င်းက ဆက်ပြောသည်။

မိုးရေချိန်နည်းပါးခြင်း၊ သွင်းအားစုစရိတ် မြေဆီ မြေဩဇာဈေးနှုန်းများ အဆမတန်မြင့်တက်နေခြင်း၊ စက်သုံးဆီဈေးနှုန်းများ မြင့်တက်နေခြင်းတို့ကြောင့် စိုက်ပျိုးတောင်သူအများစု အခက်အခဲကြုံတွေ့နေရကြောင်း သိရသည်။ **နန်းထက်ထက်ချစ်**



# မြင်းမူမြို့နယ်၌ ကုန်ကျစရိတ်သက်သာသည့် သဘာဝသစ်စိမ်းမြေဩဇာပြုလုပ်သုံးစွဲမှု တွင်ကျယ်လာ

**မြင်းမူ စက်တင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ လမုပ်ကိုင်ကြရာတွင် ဓာတ်မြေဩဇာဈေးကြီးမြင့်လာကာ ကုန်ကျစရိတ်များ ပိုမိုများပြားလာသောကြောင့် စိုက်ပျိုးရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုများနှင့်အညီ သဘာဝသစ်စိမ်းမြေဩဇာများကို လက်တွေ့ပြုလုပ်သုံးစွဲမှုမှာ တွင်ကျယ်လာကြောင်း ဒေသခံတောင်သူများထံမှသိရသည်။

တောင်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် အရေအသွေးပြည့်ဝသည့် သီးနှံများ ရရှိရေး၊ အထွက်နှုန်းပိုမိုရေး၊ ဓာတ်မြေဩဇာကဲ့သို့သော စိုက်ပျိုးရေးသွင်းအားစုစရိတ်များကို လျှော့ချသုံးစွဲခြင်းဖြင့် ကုန်ကျစရိတ်ကို ပိုမိုသက်သာလာစေခြင်း စသည့် အကျိုးကျေးဇူးများရရှိနိုင်ရန် ယခုကဲ့သို့ တောင်သူနည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူထံက သိရသည်။

သစ်ရွက်စိမ်းမြေဩဇာတွင် မြေဆီလွှာ၏ ဂုဏ်သတ္တိကို တိုးတက်စေပြီး အကျိုးကျေးဇူးအနေဖြင့် ဓာတ်မြေဩဇာသုံးစွဲမှုကို လျှော့ချနိုင်ခြင်း၊ ပတ်ဝန်းကျင်ရှိ ရေနှင့် မြေဆီလွှာတို့တွင် ပါဝင်လျက်ရှိသည့် ဓာတုအဆိပ်များကို လျော့ကျစေပြီး မြေဆီလွှာ၏ ချဉ်ငန်ဓာတ်များကို ထိန်းညှိပေးနိုင်ခြင်း စသည်အကျိုးပြုမှုများ ရရှိနိုင်ကြောင်း သိရသည်။

**အောင်စိုးဖေ(မြင်းမူ)**

# ပြည်မြို့နယ်၌ ယခုနှစ် ဆောင်းနေကြာ ဧက ၁၀၀၀ ကျော် စိုက်ပျိုးနိုင်ရန် မျိုးစေ့များ စတင်ဖြန့်ဖြူးပေး

**ပြည် စက်တင်ဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်၌ ယခုနှစ် ဆောင်းရာသီတွင် ဆီထွက်သီးနှံနေကြာဧက ၁၀၀၀ ကျော် စိုက်ပျိုးရန် ရည်မှန်းလျာထားဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် သန့်စင်ပြီး နေကြာမျိုးစေ့များကို စက်တင်ဘာ ၂၂ ရက်မှ စတင်၍ ဆောင်းနေကြာစိုက်တောင်သူများထံ ဖြန့်ဖြူးပေးနေပြီဖြစ်ကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပြည်မြို့နယ်၌ ဆောင်းနေကြာ လျာထားဧက ၁၀၀၀ ကျော် စိုက်ပျိုးရာတွင် ဆင်းရွှေကြာ(၂)မျိုးစေ့များဖြင့် စိုက်ပျိုးမည်ဖြစ်ပြီး အထူးအနေဖြင့် ဆင်းရွှေကြာ(၁)မျိုးဖြင့် ၂၈ ဧက သီးသန့် စိုက်ပျိုးမည်ဖြစ်သည်။ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက စက်တင်ဘာ ၂၂ တွင် ဒေသတွင်း ဆောင်းနေကြာစိုက် တောင်သူများထံ ဧက ၆၀၀ ကျော်စာ နေကြာမျိုးစေ့များ စတင်ဖြန့်ဖြူးပေးနေပြီဖြစ်ကြောင်း၊ ယင်းသို့ ဖြန့်ဖြူးပေးရာတွင် ယခုနှစ်မိုးရာသီက ဆင်းရွှေကြာ(၂)မျိုးဖြင့် မြို့နယ်အတွင်း တောင်သူများစိုက်ပျိုးခဲ့သော မိုးနေကြာဧက ၁၆၀ မှ မျိုးများကို ကာလပေါက်ဈေး တစ်တင်းလျှင် ငွေကျပ်သုံးသောင်းခွဲ/လေးသောင်းနှုန်းဖြင့် ပြန်လည်ဝယ်ယူပြီး စိုက်ပျိုးရေးဦးစီးဌာနနှင့် နေကြာမျိုးစေ့ထုတ် တောင်သူများ ပူးပေါင်း၍ စုပေါင်းထုတ်လုပ်ထားသော မျိုးသန့်စင်ပြီး ဆင်းရွှေကြာ(၂) နေကြာမျိုးစေ့များကို ပြန်လည်ဖြန့်ဖြူးပေးခြင်းဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးအောင်ဆန်းဝင်းကပြောသည်။

ပြည်မြို့နယ်၌ ဒေသတွင်း စားသုံးဆီဖူလုံရေးနှင့် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် သွင်းအားစုများ အပါအဝင် မျိုးကောင်းမျိုးသန့်များ ရရှိစိုက်ပျိုးနိုင်ရေး၊ ရာသီအလိုက် စိုက်ပျိုးသီးနှံများ လျာထားချက် ပြည့်မီကျော်လွန်စိုက်ပျိုးနိုင်ရေးနှင့်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရေးတို့အတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအပါအဝင် သက်ဆိုင်ရာကဏ္ဍအလိုက် ဌာနဆိုင်ရာများ ပူးပေါင်း၍ မြို့နယ်အတွင်း ကျေးရွာများတွင် စိုက်ပျိုးရေး၊ မွေးမြူရေး နည်းပညာပေးသင်တန်းများနှင့် အသိပညာပေးဆွေးနွေးပွဲများ ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ကိုဆက်(ပြန်/ဆက်)**

# ကြို့ပင်ကောက်၌ နေကြာစိုက်တောင်သူများအား နေကြာမျိုးစေ့များနှင့် ဓာတ်မြေဩဇာများ ရောင်းချပေး

**ကြို့ပင်ကောက် စက်တင်ဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့ ယခုနှစ်ဆောင်းသီးနှံစိုက်ရာသီတွင် ဆီထွက်သီးနှံနေကြာ ၃၆၄၁ ဧက စိုက်ပျိုးရန် လျာထားဆောင်ရွက်မည်ဖြစ်သောကြောင့် နေကြာမျိုးစေ့များကို စက်တင်ဘာ ၂၂ ရက်မှစ၍ တောင်သူများထံ ဖြန့်ဖြူးရောင်းချပေးနေပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆောင်းသီးနှံနေကြာ သီးသန့်စိုက်ဧက ၁၅၀ နှင့် ဆောင်းသီးနှံပဲခင်းများတွင် သီးညှပ်စိုက်ဧက ၃၄၉၁ ဧက စိုက်ပျိုးရန် လျာထားရာ တောင်သူများအား တစ်ဧကလျှင် နေကြာမျိုးစေ့တစ်အိတ်နှင့် ဓာတ်မြေဩဇာ အိတ်တစ်ဝက်တို့ကို ရောင်းချ ပေးလျက်ရှိကြောင်း၊ ယနေ့အထိ နေကြာမျိုးစေ့အိတ် ၉၀၀ ရောင်းချပြီးကြောင်း၊ နေကြာစိုက်ပျိုးမည့် တောင်သူများကိုလည်း စိုက်ပျိုးချိန်တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သက်ဆိုင်ရာနယ်မြေတာဝန်ခံ ဝန်ထမ်းများက စိုက်ပျိုးရေးနည်းပညာများ၊ ပိုးမွှားကာကွယ်ရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်ဌေးက ပြောသည်။ **ဇေယျာထွန်း(ကြို့ပင်ကောက်)**



# ထောပတ်ပင်စိုက်ပျိုးရာတွင် မြေအမျိုးအစားကို စနစ်တကျရွေးချယ်စိုက်ပျိုးရန် လိုအပ်

**ညောင်ရွှေ စက်တင်ဘာ ၂၄**

ထောပတ်ပင် စိုက်ပျိုးရာတွင် မြေအမျိုးအစားကို စနစ်တကျ ရွေးချယ်စိုက်ပျိုးရန် လိုအပ်ကြောင်း စိုက်ပျိုးရေးကျွမ်းကျင်သူများက ပြောသည်။

"ထောပတ်ပင်တွေကို စိုက်ပျိုးလာခဲ့တာတော့ အနှစ် ၃၀ ကျော်ပါပြီ။ အခုနောက်ပိုင်း ၁၅ နှစ်အတွင်းမှာ စိုက်ပျိုးမှု ပိုများလာပါတယ်။ စုစုပေါင်း ထောပတ်အပင်ရေ ၃၀၀၀ ဝန်းကျင်လောက် စိုက်ပျိုးထားပါတယ်။ ထောပတ်ပင်စိုက်မယ်ဆိုရင် စိုက်ပျိုးမယ့် မြေအမျိုးအစားကို သေချာကြည့်ရှုရမယ်။ ထောပတ်စိုက်ဖို့ သင့်တော်တဲ့မြေ ဟုတ်မဟုတ်ပေ့ါ။ နောက်ပြီး မျိုးကောင်းမျိုးသန့်ရရှိဖို့ ရွေးချယ်တတ်ရမယ်။ ပြီးရင်တော့ ရာသီဥတုအခြေအနေကို ကြည့်ရမယ်။ ထောပတ်ပင်က မြေဝါပြီး ရေဝပ်တဲ့/ စေးကပ်နေတဲ့ မြေမျိုးကို မကြိုက်တတ်ဘူး။ ဈေးကွက်ပိုင်း ပိုမိုတိုးတက်ဖို့အတွက်တော့ အဘက်ဘက်က ကူညီစောင့်ရှောက်ပိုင်းဝန်းပံ့ပိုးပေးမှုတွေ လိုအပ်နေပါတယ်"ဟု ရှမ်းပြည်နယ်တောင်ပိုင်း၊ ညောင်ရွှေမြို့နယ် နမ့်လီသပြေကုန်းရွာမှ ဦးခွန်ဇော်ထွန်းက ပြောသည်။

ထောပတ်မျိုးပင် ရွေးချယ်ရာတွင်လည်း အမြစ်ခေါက်မှုမရှိစေရန်၊ ပျိုးအိတ်အရွယ်အစား မှန်ကန်စေရန် အထူးဂရုပြုဝယ်ယူသင့်ပြီး ရာသီဥတုအခြေအနေပေါ် မူတည်စိုက်ပျိုးသင့်ကြောင်း သိရသည်။

"ထောပတ်ပင် စတင်စိုက်ပျိုးမယ်ဆိုရင် ရာသီဥတုအပေါ်လည်း မူတည်တယ်။ မိုးများရင်များသလိုပေ့ါ။ အများအားဖြင့်တော့ မြေကြီးအစိုဓာတ်(စိုထိုင်းဆ) များတဲ့ ဇွန်လ၊ ဇူလိုင်လတွေမှာ စိုက်ပျိုးကြတယ်။ ပိုးသတ်ဆေး၊ မှိုသတ်ဆေးကတော့ သုံးတာနည်းပါတယ်။ အပင်အခြေအနေပေါ် မူတည်ပြီး တစ်နှစ်ကို တစ်ကြိမ်၊ နှစ်ကြိမ်လောက်ပဲ သုံးဖြစ်ပါတယ်။ အပင်ငယ်စဉ်မှာဆို ရွက်စားပိုးလေးတွေအတွက် ရွက်စားပိုးသတ်ဆေး နည်းနည်းပါးပါးလောက်ပဲ သုံးတယ်။ မြေဩဇာကျွေးရတာလည်း နည်းပါတယ်။ အပင်ကြားထဲက မြက်ကလေးတွေ နှုတ်ပေးပြီးတဲ့အခါ မြက်နုလေးတွေကို အပင်ခြေရင်းမှာ ပြန်ပြီးပုံ မြေကြီးနဲ့ပြန်အုပ်ဖုံးပေးပြီး မြေကြီးအစိုဓာတ်ထိန်းပေးတယ်။ မြေဩဇာသုံးတဲ့အခါတော့ အပင်သေးတဲ့အခါ ၂၄/ ၇/ ၇ မြေဩဇာကို သုံးတယ်။ နည်းနည်း သီးပွင့်လာတဲ့အချိန်မှာတော့ ၁၅ ပတ်လည်ရယ် ၁၉/ ၅/ ၂၀ ရယ်ကို အပင်အခြေအနေပေါ် မူတည်ပြီး သုံးစွဲပေးပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

ကိုင်းကူးကိုင်းဆက်စနစ်ဖြင့် စိုက်ပျိုးမည်ဆိုပါက စိုက်ပျိုးပြီး နှစ်နှစ်အတွင်း အသီးစတင်သီးနိုင်ပြီး အစေ့ပေါက်ပင်မှ စိုက်ပျိုးမည်ဆိုပါက စိုက်ပျိုးပြီး သုံးနှစ်အတွင်း အသီးစတင်သီးကြောင်း သိရသည်။

အရည်အသွေးကောင်းမွန်သည့် စီးပွားဖြစ် အသီးများ ဖြစ်ထွန်းလာရန်မှု စတင်စိုက်ပျိုးသည့်နှစ်မှ ငါးနှစ်နှင့်အထက် အချိန်ပေး စိုက်ပျိုးပြုစုရန် လိုအပ်ကြောင်း သိရသည်။


**နန်းထက်ထက်ချစ်**

# ပင်းတယမြို့နယ်မှ ငရုတ်ပွစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး ဈေးကောင်းရရန် တောင်သူများမျှော်လင့်နေ

**ပင်းတယ စက်တင်ဘာ ၂၄**

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်၌ ငရုတ်ပွသီးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး စိုက်ပျိုးကုန်ကျစရိတ် မြင့်ခဲ့ခြင်းကြောင့် တောင်သူများအနေဖြင့် စတင်ရောင်းချချိန်တွင် ဈေးကောင်းရရန် မျှော်လင့်နေကြကြောင်း သိရသည်။

ယခု စက်တင်ဘာလအတွင်း စတင်ခူးဆွတ်ရောင်းချနေပြီဖြစ်သော ငရုတ်ပွသီးများမှာ အရွယ်အစား အလွန်ကောင်းမွန်ပြီး သီးနှံအရွယ်အစားအလိုက် တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀ မှ ၂၅၀၀ ခန့်အထိ ရောင်းချရကြောင်း၊ စိုက်ပျိုးစဉ်က ငရုတ်ပွစိုက်ခင်း



တစ်ဧကလျှင် စိုက်ပျိုးစရိတ်အနေဖြင့် အာမိုမြေဩဇာတစ်အိတ်လျှင် ငွေကျပ် ၁၈၀၀၀၀ ပေးဝယ်၍ မြေဩဇာသုံးအိတ်နှုန်း၊ နွားချေးခြောက် ယာဉ်တစ်စီးလျှင် ငွေကျပ် ငါးသိန်းနှုန်း ဝယ်ယူရင်းနှီးရပြီး အပင်ရှင်သန်ရန်၊ သီးနှံအောင်မြင်ဖြစ်ထွန်းစေရေးအတွက် တောင်သူငှားရမ်းခအပါ စိုက်ပျိုးစရိတ် ငွေကျပ် ၁၀ သိန်းကျော်ခန့် ကုန်ကျခဲ့ကြောင်း၊ ထို့ကြောင့် ပြန်ရောင်းချိန်တွင် ဈေးကောင်း ရရှိရန် မျှော်လင့်ကြောင်း ငရုတ်ပွစိုက်ပျိုးသည့် တောင်သူတစ်ဦးက ပြောသည်။

ပင်းတယမြို့နယ်မှ တောင်သူများသည် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်၍ လက်ဖက်၊ ဂျုံ၊ ပဲပုပ်၊ ခရမ်းချဉ်သီး၊ ခရမ်းသီး၊ ပန်းဂေါ်ဖီ၊ ပန်းမုန်လာ၊ ဆီနေကြာ၊ မြေပဲ၊ ပြောင်း၊ ထောပတ်၊ အာလူး၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီတို့ကို တောင်ယာနှင့် လယ်ယာများတွင် စီးပွားဖြစ်စိုက်ပျိုးပြီး ရရှိလာသည့် ရာသီအလိုက်သီးနှံများကို အောင်ပန်းမြို့ပွဲရုံများမှတစ်ဆင့် မြန်မာနိုင်ငံ မြို့ကြီးများသို့ ဖြန့်ဝေရောင်းချကြကြောင်း သိရသည်။

**အောင်ကိုဦး (ပြန်/ဆက်)**

# မင်းဘူး(စကု)မြို့နယ်၌ ဆိုလာစနစ် ရေသွင်းစိုက်ပျိုးခြင်းဖြင့် အဆင့်မြင့်လယ်ယာမြေဖော်ဆောင်

**မင်းဘူး စက်တင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် ကိုင်းတောလေးကျေးရွာ၌ ဆိုလာစနစ် ရေသွင်းစိုက်ပျိုးခြင်းဖြင့် အဆင့်မြင့် လယ်ယာမြေဖော် ဆောင်ရွက်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ထိုကဲ့သို့ အဆင့်မြင့်လယ်ယာမြေ ဖော်ဆောင်စိုက်ပျိုးခြင်းကို မင်းဘူး(စကု)မြို့နယ် ကိုင်းတောလေးအရှေ့ဘက်ကွင်း၊ ကွင်းအမှတ် (၁၂၈၄) ဒေါ်သန်းသန်းဌေး၏ လယ်ယာမြေ ၁၃ ဒသမ ၇၃ ဧကပေါ်တွင် စတင်လုပ်ဆောင် စိုက်ပျိုးလျက်ရှိပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ခွင့်ပြုငွေ ၆၀ ဒသမ ၅ သန်းဖြင့် အောင်ဇေကုမ္ပဏီက တာဝန်ယူကာ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်၍ ၇ ဒသမ ၆ ကီလိုဝပ် ဆိုလာစနစ်ဖြင့် ပေ ၄၀၀ မြေအောက်ရေတွင်းနှစ်တွင်း တူးဖော်ကာ စက်တင်ဘာ ၈ ရက်မှ စတင်ဆောက်လုပ်လျက်ရှိရာ နိုဝင်ဘာ ၁၅ ရက်တွင် လုပ်ငန်းများအားလုံး ပြီးစီးမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကိုကိုထံမှ သိရသည်။

**ဇေယျာထက်(မင်းဘူး)**



# မင်းကင်းမြို့တွင် ဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းနည်း ပညာပေးသင်တန်းဖွင့်

**မင်းကင်း စက်တင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်၌ ပိုးသတ်ဆေးဥပဒေ၊ ပိုးသတ်ဆေး စနစ်တကျသုံးစွဲခြင်းနှင့် ဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းနည်း ပညာပေးသင်တန်းကို စက်တင်ဘာ ၂၃ ရက်က စိုက်ပျိုးရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ဖွင့်လှစ်သည်။

သင်တန်းတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရန်နိုင်ထွန်းက အမှာစကားပြောကြားပြီး မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မို့မို့က ပိုးသတ်ဆေးဥပဒေ၊ ပိုးသတ်ဆေးစနစ်တကျသုံးစွဲခြင်း၊ ဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းနည်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ဟင်းသီးဟင်းရွက်မျိုးစေ့များ၊ သဘာဝအားဆေး၊ သဘာဝပိုးသတ်ဆေးများ၊ သီးနှံစုံပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်းစာအုပ်များကို တောင်သူများထံ ထောက်ပံ့ပေးအပ်ခဲ့သည်။ သင်တန်းသို့ မြို့နယ်အတွင်းမှ စိုက်ပျိုးရေးတောင်သူများ တက်ရောက်ခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**



# ကျောက်ဆည်မြို့နယ်၌ နေကြာသီးနှံ ၂၆၈၇ ဧက စိုက်ပျိုးပြီးစီးပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**ကျောက်ဆည် စက်တင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ဒေသတွင်း စားသုံးဆီဖူလုံပိုလျှံရေးအတွက် ၂၀၂၂-၂၀၂၃ ခုနှစ် မိုးရာသီတွင် နေကြာမျိုးစေ့ထုတ်စိုက်ဧက ၂၀၀ အပါအဝင် နေကြာသီးနှံ ၃၁၉၇ ဧက စိုက်ပျိုးရန် လျာထားသည့်အနက် စက်တင်ဘာလတတိယပတ်အထိ ၂၆၈၇ ဧက စိုက်ပျိုးပြီးစီးပြီး စိုက်ခင်းများမှာလည်း အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် နေကြာသီးနှံများအောင်မြင်စေရေးအတွက် တောင်သူများအား ဒေသနှင့် ကိုက်ညီပြီး အောင်မြင်ဖြစ်ထွန်းသည့် မျိုးစေ့များဖြန့်ဖြူးပေးလျက်ရှိကြောင်းနှင့် မျိုးစေ့ဖူလုံပိုလျှံရေးအတွက် တောင်သူများနှင့် ပူးပေါင်း မျိုးစေ့ထုတ် စိုက်ခင်း ၂၀၀ ဧက စိုက်ပျိုးထားကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# ပြည်မြို့နယ်မှ မိုးစပါးဧက ၁၀၀ စံပြစိုက်ခင်း အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**ပြည် စက်တင်ဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ငါးရွာကျေးရွာအုပ်စု၌ ယခုနှစ်မိုးရာသီတွင် စိုက်ပျိုးထားရှိသော တစ်ဧက တင်း ၁၀၀ ထွက်ရှိရေး ဧက ၁၀၀ စံပြကွက် မိုးစပါးစိုက်ခင်းမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ကျွန်တော်တို့ ဒီနှစ် ဧက ၁၀၀ မိုးစပါးစံပြကွက်စိုက်ပျိုးရာမှာ ပြည်ထောင်စုဘတ်ဂျက်နဲ့ တောင်သူတွေအတွက် မျိုးစေ့နဲ့ ဓာတ်မြေဩဇာတွေ ထောက်ပံ့ပေးပြီး တစ်ဧက တင်း ၁၀၀ ထွက်ရှိရေး၊ ပိုးမွှားကင်းစင်ရေးနဲ့ စိုက်ခင်းအောင်မြင်ဖြစ်ထွန်းရေးအတွက် လိုအပ်တဲ့ စိုက်ပျိုးရေးနည်းပညာနဲ့ တောင်သူအသိပညာပေးလုပ်ငန်းတွေကို ကျွန်တော်တို့ စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းတွေက တောင်သူတွေနဲ့ အတူ ကွင်းထဲထိအရောက် ပံ့ပိုးကူညီ ဆောင်ရွက်ပေးနေပါတယ်။ လက်ရှိအနေအထားမှာ စိုက်ခင်းအောင်မြင်ဖြစ်ထွန်းနေတာ အားရစရာကောင်းပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးအောင်ဆန်းဝင်းက ပြောသည်။

ပြည်မြို့နယ်၌ အဆိုပါ ဧက ၁၀၀ စံပြစိုက်ခင်းအပါအဝင် ယခုနှစ် မိုးစပါးလျာထားဧက ၇၄၆၄၀ ကို ကျော်လွန်၍ စုစုပေါင်း ၇၄၆၄၂ ဧကအထိ စိုက်ပျိုးထားနိုင်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကိုရီးယားအိုးပင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်သို့ ဗြိတိန်တင်းနစ်မယ် ရာဒူကာနူ တက်လှမ်း

ကိုရီးယားအိုးပင်းအမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် နာမည်ကြီး ဗြိတိန်တင်းနစ်မယ် အမ်မာ ရာဒူကာနူသည် ကမ္ဘာ့အဆင့် ၅၁ ရှိ ပိုလန်တင်းနစ်မယ် မက်ဂ်ဒါ လီနက်တီနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး အနိုင်ရရှိခဲ့သောကြောင့် အဆိုပါ ပြိုင်ပွဲ ဆီမီးဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် ရာဒူကာနူသည် ပြိုင်ဘက်ကို ၆-၂၊ ၆-၂ ဖြင့် အနိုင်ရရှိကာ နောက်တစ်ဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ ရာဒူကာနူ၏ ယခုအနိုင်ပွဲသည် ၂၀၂၁ ခုနှစ်က ယူအက်စ်အိုးပင်းပြိုင်ပွဲပြီးနောက် ပထမဆုံးအကြိမ် သုံးပွဲဆက်နိုင်ပွဲဖြစ်သည်။

ထို့ကြောင့် ရာဒူကာနူသည် ကိုရီးယားအိုးပင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် အန်ဒိုရာတင်းနစ်မယ် ဂျီမီနက်ဇ် ကာဆင့်ဆီဗာကို ၆-၂၊ ၆-၁ ဖြင့် အနိုင်ရရှိခဲ့သည့် လတ်ဗီးယားနာမည်ကြီး တင်းနစ်မယ် အော့စတာပင်နာကိုနှင့် ယှဉ်ပြိုင်ကစားသွားရမည် ဖြစ်သည်။

ရာဒူကာနူနှင့်အတူ ပြိုင်ဘက်ကို အနိုင်ယူကာ ကိုရီးယားအိုးပင်းဆီမီးဖိုင်နယ်သို့ ဂျာမနီ တင်းနစ်မယ် မာရီယာနှင့် အဲလက်စ်ဇန်ဒရိုဗာတို့ တက်ရောက်နိုင်ခဲ့သည်။




## ပက်ချန်မိုရာကော့နှင့် တာဝမ်ချိုင်တို့ ဖယ်သာဝိတ်မွေထိုင်းကမ္ဘာ့ချန်ပီယံလုပွဲ ထိုးသတ်မည်

ဝမ်းချန်ပီယံရှစ် ၁၆၁ မှ ဖယ်သာဝိတ်တန်း မွေထိုင်းကမ္ဘာ့ချန်ပီယံလုပွဲအဖြစ် လာမည့် စက်တင်ဘာ ၂၉ ရက်တွင် စင်ကာပူနိုင်ငံ၌ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြတော့မည် ဖြစ်သည်။

အဆိုပါ ဖယ်သာဝိတ်တန်း မွေထိုင်းကမ္ဘာ့ချန်ပီယံလုပွဲတွင် ဖယ်သာဝိတ်တန်းမွေထိုင်း ကမ္ဘာ့ချန်ပီယံဆုကို လေးကြိမ်ဆွတ်ခူးရရှိထားသည့် ပက်ချန်မိုရာကော့က ၎င်း၏ ခါးပတ်ကာကွယ်ပွဲအတွက် အားပါပြင်းထန်သော လက်သီးထိုးချက်များကြောင့် နာမည်ကြီးသည့် တာဝမ်ချိုင်နှင့် ထိုးသတ်သွားရမည် ဖြစ်သည်။ ထို့အပြင် ဟဲဗီးဝိတ်ကစ်ဘောက်ဆင်ကမ္ဘာ့ဂရန်းပရီဆီမီးဖိုင်နယ်ပွဲစဉ်တွင် ယူကရိန်းနိုင်ငံသား ရိုမန် ကိုင်လီအာနှင့် ဘရာဇီး နိုင်ငံသား ဂူတို အင်အိုဆန့်တီ၊ အီရန်နိုင်ငံသား အဇစ်ပူအာနှင့် ဘရာဇီးနိုင်ငံသား ဘရူနို ချဗက်စ်တို့ ထိုးသတ်သွားမည်ဖြစ်သည်။



■ မိုးဇက် - စုစည်းသည်

ယခုတစ်ပတ်မှာတော့ လိဂ်ပွဲစဉ်တွေကို ရပ်နားထားကာ နေးရှင်းလိဂ်ပွဲစဉ်တွေကို ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ နယ်သာလန်နဲ့ ဘယ်လ်ဂျီယံ၊ ဒိန်းမတ်နဲ့ ပြင်သစ်၊ အင်္ဂလန်နဲ့ ဂျာမနီ၊ ဟန်ဂေရီနဲ့ အီတလီအသင်းတို့ တွေ့ဆုံနေတာကြောင့် စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။




### နယ်သာလန် VS ဘယ်လ်ဂျီယံ

**နယ်သာလန်နဲ့ ဘယ်လ်ဂျီယံတို့ နောက်ဆုံးနှစ်ကြိမ် တွေ့ဆုံမှု**

| ၂၅-၉-၂၀၂၂ | တနင်္ဂနွေနေ့ | | နံနက် ၁း၁၅ | |
|---|---|---|---|---|
| ၄-၆-၂၂ | နေးရှင်းလိဂ် | ဘယ်လ်ဂျီယံ | ၁-၄ | **နယ်သာလန်** |
| ၁၇-၁၀-၁၈ | ခြေစမ်းပွဲ | ဘယ်လ်ဂျီယံ | ၁-၁ | နယ်သာလန် |

နောက်တစ်ဆင့်တက်ရောက်ရေး အဆုံးအဖြတ်ပွဲစဉ် ဖြစ်တဲ့ အလျောက် ပြိုင်ဆိုင်မှုပြင်းထန်လာမှာ သေချာပါတယ်။ ယခုပွဲစဉ်မှာ တစ်မှတ်ရရင် နယ်သာလန်အသင်း နောက်တစ်ဆင့် တက်ရောက်နိုင်မှာဖြစ်ပေမယ့် ဘယ်လ်ဂျီယံအသင်း နိုင်ပွဲရရင် နောက်တစ်ဆင့်တက်ရောက်နိုင်ရေးပွဲအဖြေ ပြောင်းလဲသွားနိုင်တယ်။

### ဒိန်းမတ် VS ပြင်သစ်

**ဒိန်းမတ်နဲ့ ပြင်သစ်တို့ နောက်ဆုံးနှစ်ကြိမ် တွေ့ဆုံမှု**

| ၂၅-၉-၂၀၂၂ | တနင်္ဂနွေနေ့ | | နံနက် ၁း၁၅ | |
|---|---|---|---|---|
| ၄-၆-၂၂ | နေးရှင်းလိဂ် | ပြင်သစ် | ၁-၂ | **ဒိန်း** |
| ၂၆-၅-၁၉ | ကမ္ဘာ့ဖလား | ဒိန်းမတ် | ၀-၀ | ပြင်သစ် |

ယခုပွဲစဉ်မတိုင်မီ ဒိန်းမတ်အသင်းရော ပြင်သစ်အသင်းပါ နေးရှင်းလိဂ်ပွဲစဉ် (၅) ကို ယှဉ်ပြိုင်ကစားထားရာမှာ ပြင်သစ်က နိုင်ပြီး ဒိန်းမတ်အသင်းက ရှုံးနိမ့်ထားတယ်။ သို့ပေမယ့် နောက်တစ်ဆင့်တက်ရောက်နိုင်ခြေနည်းပါးတဲ့ ပြင်သစ်ကို ရပ်တည်မှုအရ မဖြစ်မနေနိုင်ပွဲရရှိဖို့ လိုအပ်နေတဲ့ ဒိန်းမတ် အနိုင်ယူသွားနိုင်မလား။

### အင်္ဂလန် VS ဂျာမနီ

**အင်္ဂလန်နဲ့ ဂျာမနီတို့ နောက်ဆုံးနှစ်ကြိမ် တွေ့ဆုံမှု**

| ၂၆-၉-၂၀၂၂ | တနင်္လာနေ့ | | နံနက် ၁း၁၅ | |
|---|---|---|---|---|
| ၈-၆-၂၂ | နေးရှင်းလိဂ် | ဂျာမနီ | ၁-၁ | အင်္ဂလန် |
| ၂၉-၆-၂၁ | ဥရောပချန်ပီယံရှစ် | **အင်္ဂလန်** | ၂-၀ | ဂျာမနီ |

ယခုပွဲစဉ်က အုပ်စုနောက်ဆုံးပွဲစဉ်ဖြစ်ပြီး အင်္ဂလန်အသင်းရော ဂျာမနီအသင်းပါ နောက်တစ်ဆင့်တက်ရောက်ရေး မျှော်လင့်ချက်နည်းပါးသွားပြီဖြစ်ပေမယ့် ဂုဏ်သိက္ခာပိုင်းအရ နှစ်သင်းစလုံး အနိုင်ရရှိရေးအာရုံစိုက်လာမှာပါ။ ပွဲစဉ် (၅) ပြီးတဲ့အထိ နိုင်ပွဲ မရရှိသေးတဲ့ အင်္ဂလန်အသင်း ဂျာမနီကို ခက်ခက်ခဲခဲကစားရမယ်။

### ဟန်ဂေရီ VS အီတလီ

**ဟန်ဂေရီနဲ့ အီတလီတို့ နောက်ဆုံးနှစ်ကြိမ် တွေ့ဆုံမှု**

| ၂၆-၉-၂၀၂၂ | တနင်္လာနေ့ | | နံနက် ၁း၁၅ | |
|---|---|---|---|---|
| ၈-၆-၂၂ | နေးရှင်းလိဂ် | **အီတလီ** | ၂-၁ | ဟန်ဂေရီ |
| ၂၃-၈-၀၇ | ခြေစမ်းပွဲ | **ဟန်ဂေရီ** | ၃-၁ | အီတလီ |

ယခုပွဲစဉ်က နှစ်သင်းစလုံးအတွက် အရေးပါတဲ့ပွဲစဉ်ဖြစ်ပြီး အနိုင်ရရှိတဲ့အသင်းအနေနဲ့ နောက်တစ်ဆင့်ကို တက်ရောက်နိုင်မှာ ဖြစ်ပါတယ်။ ဟန်ဂေရီအသင်းက သရေတစ်မှတ် ရလျှင်ပင် နောက်တစ်ဆင့်တက်ရောက်နိုင်မှာ ဖြစ်ပေမယ့် အီတလီအသင်းရဲ့ ရှန်းအားကြောင့် အခက်တွေ့ဖွယ်ရှိတယ်။

## နေးရှင်းလိဂ်ပွဲစဉ် (၅) တွင် ဂိုးသွင်းယူပြီး ပြင်သစ်၏ အသက်ကြီးဆုံးဂိုးသွင်းယူသူအဖြစ် ဂျီရုဒ်မှတ်တမ်းဝင်

စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းက နေးရှင်းလိဂ်ပွဲစဉ် (၅) မှ ပြင်သစ်က သြစတြီးယားအသင်းကို နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့သောပွဲစဉ်တွင် အသင်းအတွက် တစ်ဂိုးသွင်းယူနိုင်ခဲ့သည့် ပြင်သစ်တိုက်စစ်မှူး ဂျီရုဒ်သည် ပြင်သစ်အသင်းသမိုင်းတစ်လျှောက်တွင် အသက်အကြီးဆုံး ဂိုးသွင်းယူသူအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ဂျီရုဒ်သည် အသက် ၃၅ နှစ်နှင့် ၃၅၇ ရက်ရှိပြီး ၁၉၅၉ ခုနှစ် ဒီဇင်ဘာလတွင် စံချိန်တင်ထားခဲ့သော ရော်ဂျာ မာ့ချ်၏ အသက်ထက် ရက် ၇၀ ပိုကြီးကာ စံချိန်မှတ်တမ်းသစ်စိုက်ထူနိုင်ခဲ့ခြင်း ဖြစ်သည်။ ထို့အပြင် ဂျီရုဒ်သည် ပြင်သစ်အသင်း၏ ဂိုးအများဆုံးသွင်းယူထားသူ ဟင်နရီ၏ စံချိန်မှတ်တမ်းကိုလည်း လိုက်မီရန် ဂိုးအနည်းငယ်သာ လိုအပ်တော့ကြောင်း သိရသည်။



# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ တစ်ရက်လျှင် ဘုရားဖူး ၇၀၀ မှ ၁၀၀၀ ခန့်ဝင်ရောက်လျက်ရှိ



**ညောင်ဦး စက်တင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုဇုန်သို့ ယခုတစ်ပတ်အတွင်း မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးလာရောက်သူ များပြားလာနေကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန(ပုဂံရုံးခွဲ)မှ သိရသည်။

ဘုရားဖူးလာသူများသည် ဟဲဟိုး၊ တကောင်း၊ တောင်ကြီး၊ ဟိုပုံး၊ နတ်မောက်၊ မကွေး၊ ပဲခူး၊ ပခုက္ကူ၊ ကျောက်ပန်းတောင်း၊ ရန်ကုန်၊ မန္တလေး၊ နေပြည်တော် စသည့် မြို့များမှဖြစ်ပြီး ပုဂံ-ညောင်ဦးသို့ လာရောက်ဘုရားဖူးရင်း ကျောက်ပန်းတောင်းမြို့နယ်ရှိ ပုပ္ပားတောင်ကလပ်သို့လည်း တစ်ဆက်တစ်စပ်တည်း ဝင်ရောက်ကြကြောင်း၊ ပုဂံဒေသမှ သမိုင်းဝင် အထင်ကရ ဘုရားများဖြစ်သည့် တုရင်တောင်စွယ်တော်မြတ်စေတီ၊ ဓမ္မရံကြီး၊ စူဠာမဏိ၊ ရွှေဆံတော်၊ ထီးလိုမင်းလို၊ ရွှေစည်းခုံ၊ မနူဟာ၊ အာနန္ဒာ၊ ဗူးဘုရား၊ အလိုတော်ပြည့်၊ ကျောက်ဂူဥမင်၊ ပြာသဒ်ကြီးဘုရား၊ သဗ္ဗညုဘုရားနှင့် ကန်တော့ပလ္လင်ဘုရားများသို့ လာရောက်ဖူးမြော်သူ ၇၀၀ မှ ၁၀၀၀ အထိ လာရောက်ကြကြောင်း၊ စနေ၊ တနင်္ဂနွေရက်များတွင် ၁၀၀၀ ကျော် လာရောက်ဖူးမြော်ကြကြောင်း ညောင်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ သိရသည်။

မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးပြည်သူများသည် သမိုင်းအထင်ကရ ဘုရားများအပြင် ရှေးဟောင်းယဉ်ကျေးမှုဇုန်ရှိ သာသနိကအဆောက်အအုံ၊ စေတီပုထိုး၊ ဘုရားများရှိ နံရံဆေးရေး ပန်းချီများကိုလည်း စိတ်ဝင်စားမှုမြင့်တက်လာကြောင်း၊ ယခုရက်ပိုင်းကဲ့သို့ ဘုရားဖူးများ ပုံမှန်လာရောက်ပါက ဈေးဆိုင်များ၊ မြင်းလှည်း အငှားလိုက်သမားများ၊ လျှပ်စစ်စက်ဘီး ငှားစားသူများ၊ တုတ်တုတ်ခေါ် သုံးဘီးအငှားသမားများ၊ ဗူးဘုရားမြစ်ဆိပ်မှ စက်လှေအငှားလိုက်သူများ ပြန်လည်အဆင်ပြေလာနိုင်ကြောင်း စက်လှေအငှားလိုက်သည့် ဒေသခံ ဦးမောင်စိုးက ပြောသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသသို့ ဘုရားဖူးမြော်ခွင့်ကို မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ စတင်ကူးစက်ချိန်မှစ၍ ပိတ်ထားခဲ့ပြီးနောက် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်မှ စတင်ပြီး ဂေါပကအဖွဲ့ထားရှိသည့် ဘုရား ၁၉ ဆူအပါအဝင်ပုဂံရှေးဟောင်းယဉ်ကျေးမှုဇုန်ရှိ ဘုရား၊ စေတီ၊ ပုထိုး၊သာသနိကအဆောက်အအုံများ၌ ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်များနှင့်အညီ ပြန်လည်ဖူးမြော်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

**ဝင်းထိန် (ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီး၌ ပြည်တွင်း/ပြည်ပ ခရီးသွားလုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်ထားရှိ

**ပဲခူး စက်တင်ဘာ ၂၄**

မကြာမီ ပွင့်လင်းရာသီရောက်ရှိလာတော့မည်ဖြစ်၍ ပြည်တွင်း/ ပြည်ပ ခရီးသွားလုပ်ငန်းများအတွက် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ထားရန် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပဲခူးမြို့ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၂၃ ရက်က ပြုလုပ်သည့် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တက်ရောက်ခဲ့သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သော (၇)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်၏ အကျိုးသက်ရောက်မှုကြောင့် ယခင်လာရောက်လည်ပတ်နေသည့် အခြားနိုင်ငံခြားသားများအပြင် ရုရှားနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ၊ ခရီးသွားများ လာရောက်လည်ပတ်ကြတော့မည်ဖြစ်ကြောင်း၊ မကြာမီ မိုးရာသီကုန်ဆုံးပြီး ပွင့်လင်းရာသီ ရောက်ရှိလာတော့မည်ဖြစ်၍ ပြည်တွင်း/ ပြည်ပ ခရီးသွားဧည့်သည်များ စိတ်ဝင်စားသည့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ၊ အဖိုးမဖြတ်နိုင်သော သမိုင်းဝင်နေရာများ၊ စိမ်းလန်းစိုပြည်သည့် သဘာဝတောတောင်ရေမြေအလှအပများကို အသုံးချပြီး ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေး ဦးတည်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။(ယာပုံ)

ထို့ပြင် စက်တင်ဘာ ၂၇ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့၏ ဆောင်ပုဒ်ဖြစ်သည့် " ခရီးသွားလုပ်ငန်းဖွံ့ဖြိုးဖို့ ပြန်လည်ကြံဆဆောင်ရွက်စို့" ဆိုသည့်အတိုင်း ကိုဗစ်-၁၉ ရောဂါကြောင့် ရပ်တန့်လုနီးပါးဖြစ်ခဲ့ရသော ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်အောင် စိတ်ကူးသစ်များဖြင့် ကြိုတင်ကြံဆဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအဖွဲ့အနေဖြင့် ရှေးဟောင်းအဆောက်အအုံ၊ ကျုံး၊ မြို့ရိုးများကို ပြန်လည်အဆင့်မြှင့်တင်၍ ခရီးသွားနေရာသစ်များ ဖော်ထုတ်ခြင်း၊ ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ



အပန်းဖြေနေရာများ တည်ဆောက်ခြင်းနှင့်အတူ မြို့ပြသန့်ရှင်းသာယာလှပစေရေးကိုလည်း ကြိုးစားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ခရီးသွားဧည့်သည်များ၏ လုံခြုံရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ စိတ်ကျေနပ်မှုရရှိရေးနှင့် ခရီးသွားလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းဆွေးနွေးအကြံပြုပေးစေလိုကြောင်းလည်း တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှူးက ဟိုတယ်လုပ်ငန်းလိုင်စင်အသစ် လျှောက်ထားလာမှုတစ်ခု၊ ခရီးသွားဧည့်လမ်းညွှန်သက်တမ်းတိုးခြင်းလေးခု၊ ဟိုတယ်လုပ်ငန်းလိုင်စင်သက်တမ်းတိုးခြင်း ၁၀ ခုတို့ကို ရှင်းလင်း တင်ပြပြီး ကော်မတီအဖွဲ့ဝင်များက အကြံပြုဆွေးနွေး၍တိုင်းဒေသကြီးဝန်ကြီးချုပ်က ဥပဒေ၊ နည်းဥပဒေနှင့်အညီ ဆောင်ရွက်ပေးခဲ့သည်။ **တင်စိုး(ပဲခူး)**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code "1111" ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**"အဂတိလိုက်စားမှုတားဆီးဖို့ "1111" ကို ဖြေကြားစို့"**

**"ဝန်ဆောင်မှုများ ကောင်းစေရေး "1111" ကို ဖြေကြားပေး"**

**"အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့"**

# ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား မိုးရာသီတံခွန်စိုက် မြန်မာ့ရိုးရာဝိုင်းဖွဲ့ခြင်းလုံးခတ်ပြိုင်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၄**

၂၀၂၂ ခုနှစ် ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား မိုးရာသီတံခွန်စိုက် မြန်မာ့ရိုးရာ ဝိုင်းဖွဲ့ခြင်းလုံးခတ်ပြိုင်ပွဲဖွင့်ပွဲကို ယနေ့ နံနက်က ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသက်လွင်က ပြိုင်ပွဲကျင်းပရခြင်း ရှင်းလင်းပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အုပ်ချုပ်၊ နည်းပြများနှင့် အားကာစားသမားများအား လိုက်လံနှုတ်ဆက်ကြပြီး ပထမနေ့ပြိုင်ပွဲများကို ကြည့်ရှုအားပေးသည်။



"ဒီပွဲကို အားကစားနှင့် ကာယပညာဦးစီးဌာနနဲ့ ပူးပေါင်းပြီးတော့ ကျင်းပတာပါ။ မိုးရာသီဖလားပွဲ တင်မဟုတ်ပါဘူး။ နှစ်စဉ်အလိုက်ပြက္ခဒိန်နဲ့ ပြိုင်ပွဲကျင်းပရတဲ့အစီအစဉ်ကို မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်ကဦးဆောင်ပြီး ကျင်းပရတဲ့အစီအစဉ်တွေလည်းရှိပါတယ်။ မြန်မာနိုင်ငံရိုးရာ ခြင်းလုံးအဖွဲ့ချုပ်က လေးပေါက်၊ ခြောက်ပေါက်၊ ရှစ်ပေါက်၊ ဆယ်ပေါက်တံခွန်စိုက်ပြိုင်ပွဲတွေကို ကျင်းပပေးပါတယ်။ ဒီနေ့ ပြိုင်ပွဲမှာ လေးပေါက်၊ ခြောက်ပေါက်၊ တံခွန်စိုက်၊ ဆယ်ပေါက်တန်း ဆိုပြီးတော့ စီစဉ်ထားတာပါ။ အကြောင်းအမျိုးမျိုးကြောင့် မိန်းကလေး အားကစားသမားလေးတွေက လာမယ့် ၂၀၂၃ ဆီးဂိမ်းမှာ ဝင်ပြိုင်ဖို့ စခန်းသွင်းထားတဲ့အတွက် လေးပေါက်တန်းမပါတော့ပါဘူး။ ခုတော့ ခြောက်ပေါက်ရယ်၊ ဆယ်ပေါက်ရယ်ကို ကျင်းပပေးတာဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးလှငွေးက ပြောသည်။

ဒုတိယအကြိမ် မြန်မာနိုင်ငံရိုးရာ ခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား မိုးရာသီတံခွန်စိုက် မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲကို အားကစားအသင်း ၁၈ သင်းမှ ကစားသမား ၁၈၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ကြပြီး စက်တင်ဘာ ၂၆ ရက်ထိ ကျင်းပသွားမည်ဖြစ်သည်။

**အာကာစိုး**

# တပ်ကုန်းမြို့နယ်၊ ကျိုင်းတုံမြို့၊ တာချီလိတ်မြို့နယ်၊ လွိုင်လင်မြို့နယ်နှင့် ဟိုပန်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၄**

တပ်ကုန်းမြို့နယ်၊ ကျိုင်းတုံမြို့၊ တာချီလိတ်မြို့နယ်၊ လွိုင်လင်မြို့နယ်နှင့် ဟိုပန်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၃ ရက် ညနေ ၃ နာရီခွဲတွင် တပ်ကုန်းမြို့နယ် အောင်မြေကျေးရွာအုပ်စု ဒရောက်ကူးကျေးရွာ အနီးတွင် မြင့်ငွေ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၄ နာရီတွင် အဆိုပါနေရာ၌ စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းချပေးသူ စိန်ရိုးအား ဆိုင်ကယ်တစ်စီး၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ နှင့် လည်းကောင်း၊ ယင်းနေ့ ညနေ ၃ နာရီ ၁၅ မိနစ်တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့ အမှတ်(၃) ရပ်ကွက် နောင်ခမ်းကန်ပတ်လမ်းတွင် ဇော်ဇော်ဝင်း(ခ)အိုက်ဇော် မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကိုလည်းကောင်း။

အလားတူ စက်တင်ဘာ ၂၂ ရက် ည ၉ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ဝမ်လုံးကျေးရွာအုပ်စု လွယ်စီတုံကျေးရွာအနီးတွင် ကျမော့မောင်းနှင်ပြီး အားချန် လိုက်ပါလာသည့် Ford အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့် စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါးများ ရောစပ်ထားသောအမှုန့် (Happy Water) ၁ ဒသမ ၀၅ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ ည ၁၀ နာရီတွင် တာချီလိတ်မြို့ ဆေခမ်းရပ်ကွက်ရှိ ၎င်းတို့ငှားရမ်းနေထိုင်သည့် အိမ်အမှတ်(ဆခ/၁၉၀)သို့ သွားရောက် စစ်ဆေးရှာဖွေရာ ကျာရှဲ နှင့် ခနော့ကွန်(ခ)ကွန် တို့ကိုတွေ့ရှိရပြီး ကက်တမင်း သုည ဒသမ ၅ ကီလို၊ အိုက်စ် သုည ဒသမ ၈၅ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀၀ နှင့် စိတ်ပြောင်းဆေးဝါးများ ရောစပ်ထားသောအမှုန့်(Happy Water) ၂ ဒသမ ၃၄၅ ကီလိုကို လည်းကောင်း။

ထို့အတူ စက်တင်ဘာ ၂၃ ရက် ညနေ ၄ နာရီ မိနစ် ၄၀ တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လွိုင်လင်မြို့နယ် ပင်လုံ(အရှေ့) ကျေးရွာအုပ်စု ကျူယုံးကျေးရွာအနီးပင်လုံ-လဲချားသွား ကားလမ်းတွင် စိုင်းမေထာ မောင်းနှင်ပြီး စိုင်းလောင်ဆိုင်၊ စိုင်းစွမ်ဝမ်း နှင့် မနန်းယိင်း တို့ လိုက်ပါလာသည့် VIGO အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ အိုက်စ် ၂ ဒသမ ၇ ကီလိုကို လည်းကောင်း၊ ယင်းနေ့ ညနေ ၆ နာရီတွင်မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဟိုပန်မြို့နယ် ဖတ်ဟာကျေးရွာအုပ်စု ဖာကျွတ်(လွယ်လ)ကျေးရွာနေ ငို့ဆီး၏နေအိမ်သို့ ဝင်ရောက်စစ်ဆေးရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀၀၀၊ ဘိန်းဖြူ သုည ဒသမ ၀၁၅ ကီလိုကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**



ကျမော့၊ အားချန်၊ ခနော့ကွန်(ခ)ကွန်နှင့် ကျာရှဲ တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူတွေ့ရစဉ်။

# တရားမဝင် သစ်မျိုးစုံ၊ စားသုံးဆီ၊ စက်မှုကုန်ကြမ်းပစ္စည်း၊ အီလက်ထရွန်နစ်ပစ္စည်းများ၊ စက်လှေများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၄**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီး အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာတွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၁ ရက်တွင် အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် ကတ္တီပါမျှော့ကြိုး ကီလိုဂရမ် ၁၃၆၀၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၈၅၅၂၀၀၀) ကို လည်းကောင်း၊ စက်တင်ဘာ ၂၂ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်ကုန်လှောင်ရုံ၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသော အီလက်ထရွန်နစ်ပစ္စည်းများ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၇၅၀၀၀၀) ကို လည်းကောင်း၊ စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၃၀၂၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ စက်တင်ဘာ ၂၁ ရက်နှင့် ၂၃ ရက်တို့တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်း စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော ဟင်းသီးဟင်းရွက်ဆီများ ၁၁၁၆ လီတာ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၈၅၀၀၀)နှင့် အဆိုပါစားသုံးဆီများ တင်ဆောင်လာသော မော်တော်ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၈၅၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စက်တင်ဘာ ၂၃ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကမ်းခြေစောင့်တိုက်ရေယာဉ် ၄၂၅ က နယ်မြေရှင်း တိုက်ကင်းလှည့်နေစဉ် ခိုကျွန်းမြောက်ဘက် ၁ ဒသမ ၈ မိုင်ခန့်အကွာတွင် မြန်မာရုပ်ဆွဲလှေတစ်စင်းနှင့် ခိုကျွန်း အရှေ့မြောက်ဘက် ၂ ဒသမ ၄ မိုင်ခန့်အကွာ၌ မြန်မာရုပ်ဆွဲ လှေတစ်စင်းတို့သည် ပင်လယ်ရေအောက်ကြမ်းပြင်ကို ပျက်စီးစေနိုင်သော တားမြစ်ကိရိယာဖြစ်သည့် သံခြင်းအသုံးပြု၍ ရုပ်/ခရုများ ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိသဖြင့် အဆိုပါမြန်မာရုပ်ဆွဲလှေ နှစ်စင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀)ကို ဖမ်းဆီးခဲ့ပြီး မြန်မာ့ပင်လယ်ငါးလုပ်ငန်း ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် စက်တင်ဘာ ၂၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မုံရွာမြို့နယ် ကျွဲရဲပူးပေါင်းစစ်ဆေးရေးဂိတ်၌ တာဝန်ကျပူးပေါင်းအဖွဲ့က တရားမဝင် လိုင်စင်မဲ့ မော်တော်ယာဉ်လေးစီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၉၀၀၀၀၀)ကို လည်းကောင်း၊ ကလေးမြို့အဝင် ဆိုင်းဘုတ်အနီး၌ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တရားမဝင် လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၀၀၀၀၀၀)၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၄၉၀၀၀၀၀) ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေး အဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင် ဖြူးမြို့နယ်၌ တရားမဝင် ကညင်သစ်ခွဲသား ၀ ဒသမ ၁၈၇ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၈၀၅၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ စက်တင်ဘာ ၂၁ ရက်၊ ၂၂ ရက်၊ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၄ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၁၃၁၅၀၅၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**



(၅၈) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့က ကြီးမှူး၍ တိုင်းဒေသကြီး ရဲမှူးကြီး တင်ဇော်ထွန်း ဦးစီးသော ရဲတပ်ဖွဲ့ဝင် ၁၀၀ ကျော်တို့က ပုသိမ်မြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းကြစဉ်။ (အဆိုပါသွေးလှူဒါန်းပွဲတွင် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းနိုင်နှင့် တာဝန်ရှိသူများက အာဟာရစားသောက်ဖွယ်နှင့် အားဆေးများ ပေးအပ်ကြောင်း သိရသည်။) ရဲပြန်ကြား

**ရတနာသစ်တော၊ ပြည့်သွေးကြော။ သစ်တောရတနာ၊ ထိန်းသိမ်းပါ။**

## ရသေ့တောင်မြို့၌ မြေပြင်လူဦးရေစာရင်းဆိုင်ရာအချက်အလက်များ ပြည့်စုံမှန်ကန်ရေး ကွင်းဆင်းတိုက်ဆိုင်စစ်ဆေး

**ရသေ့တောင် စက်တင်ဘာ ၂၄**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်၌ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲမှ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေး အခြေခံလူဦးရေစာရင်းနှင့် မြေပြင်တိုက်ဆိုင်စစ်ဆေးခြင်း လုပ်ငန်းဆောင်ရွက်ခြင်းကို ယမန်နေ့က မြို့ပေါ်ရပ်ကွက်များတွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ကော်မရှင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်း ၍ အဖွဲ့များခွဲကာ မြို့ပေါ်(၄) ရပ်ကွက်များရှိ အခြေခံလူဦးရေစာရင်းနှင့် မြေပြင်တိုက်ဆိုင်စစ်ဆေးခြင်းများကို ဆောင်ရွက်ကြကြောင်း သိရသည်။

ထွန်းလင်းကျော်(ပြန်/ဆက်)



### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ချောက်ကန်အုပ်စု၊ ရေသန့်စက်ရုံလမ်း၊ အမှတ်(၁၅၊ ၁၆)၊ ကွင်းအမှတ်(၃၄၄)နေ ကျွန်တော် ဦးသန့်ဇင်ဝင်းမှ အောက်ဖော်ပြပါ-

(၁) ကံသာ

(၂) ကန်သာ

(၃) မြတ်ဆုမွန်

အမည်တစ်ခုခုဖြင့် သောက်ရေသန့်ထုတ်လုပ်ရောင်းချရန် စီစဉ်ထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင်ရှိသော သောက်ရေသန့်စက်ရုံများမှ အမည်တူရှိပါက ခိုင်လုံသောအထောက်အထားများနှင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်တော်ဦးသန့်ဇင်ဝင်းထံတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ၊ Viber ဖြင့်ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက သတင်းစာကြေညာချက်နှင့်အတူ ယခုဖော်ပြပါ အမှတ်တံဆိပ်အမည်တစ်ခုဖြင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ အမည်ထောက်ခံချက် ဆက်လက်လျှောက်ထားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးသန့်ဇင်ဝင်း**

**ဖုန်း-၀၉-၄၀၂၅၅၇၄၁၁(Viber)**

**ဖခင် အမည်မှန်**

ပုသိမ်မြို့နယ်၊ အထက-ရှောပြာ၊ ကျောင်းဝင်အမှတ်-၅၀၀၈ Grade-11 မှ မဆုမြတ်မွန်၏ ဖခင်အမည်မှန်မှာ သန်းခေါင်စာရင်းနှင့် မှတ်ပုံတင်အရ ဦးဝင်းမောင် ၁၄/ပသန(နိုင်)၂၁၉၁၀၅ ဖြစ်ပါကြောင်း။

**လူရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ အခန်းတွင်းဝင်ရောက်သည်နှင့် အအေးဓာတ် ရှိနေစေရန် လေအေးပေးစက်များကို နာရီပေါင်းများစွာ ဖွင့်ထားခြင်းက မီတာခ များစွာကျစေပါမည်။ လိုအပ်ချိန်မှ ဖွင့်သင့်ပါသည်။**

## မြန်မာနှင့် ဟောင်ကောင် ဒုတိယခြေစမ်းပွဲ ဂိုးမရှိသရေကျ

**ရန်ကုန် စက်တင်ဘာ ၂၄**

မြန်မာ့လက်ရွေးစင်အသင်းနှင့် ဟောင်ကောင် လက်ရွေးစင် အသင်းတို့၏ ဒုတိယ ခြေစမ်းပွဲကို စက်တင်ဘာ ၂၄ ရက် မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲက ဟောင်ကောင်၌ ကျင်းပရာ ဂိုးမရှိ သရေကျခဲ့သည်။

စက်တင်ဘာ ၂၁ ရက်က ကစားသည့် ပထမခြေစမ်းပွဲကို ပရိသတ်မပါဘဲ ကွင်းပိတ်ကစားခဲ့သော်လည်း ယနေ့ ကစားသည့် ဒုတိယခြေစမ်းပွဲကိုမူ ပရိသတ်များ ကွင်းအတွင်း ဝင်ရောက်ကြည့်ရှုခွင့်ပြုခဲ့သည်။ မြန်မာအသင်းသည် ပထမပွဲထက် ကစားပုံကောင်းမွန်သည်။

မြန်မာ့ လက်ရွေးစင်အသင်းနည်းပြချုပ် အန်တွမ်နီဟေးသည် ကျော်ဇင်ဖြိုး (ဂိုး)၊ ကျော်ဇင်လွင်၊ ဟိန်းဇေယျာလင်း၊ ရဲမင်းသူ၊ ဝေယံဦး၊ အောင်ဝဏ္ဏစိုး၊ အောင်နိုင်ဝင်း၊ လင်းထက်စိုး၊ ရန်နိုင်ဦး၊ ရာဇာအောင်၊ နိုင်ဇင်ထက် တို့ကို ပွဲထွက်လူစာရင်းတွင် အသုံးပြုခဲ့ပြီး စက်တင်ဘာ ၂၁ ရက်က ကစားသည့် ပထမခြေစမ်းပွဲမှ ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ ပြုလုပ်ခဲ့သည်။ ပထမပိုင်းတွင် အိမ်ရှင်ဟောင်ကောင်အသင်းက ခြေအသာဖြင့် ဖိကစားနိုင်သော်လည်း မြန်မာခံစစ်အမှားနည်းခြင်း တို့ကြောင့် ပထမပိုင်းတွင် ဂိုးမရှိသရေကျနေသည်။ မြန်မာအသင်းသည် ဒုတိယပိုင်းတွင် ပထမပိုင်းထက် ကစားပုံပိုကောင်းလာသလို ဂိုးသွင်းခွင့်များ ဖန်တီးနိုင်သော်လည်း အသုံးမချနိုင်သဖြင့် နစ်နာခဲ့ရကာ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့ခြင်းဖြစ်သည်။

မြန်မာ အသင်းသည် စက်တင်ဘာလ နိုင်ငံတကာ ရက်သတ္တပတ်တွင် ဟောင်ကောင် လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲ ကစားခဲ့ရာ တစ်ပွဲသရေ၊ တစ်ပွဲရှုံးနိမ့်ခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် အန်တွမ်နီဟေးသည် ယခုနှစ်ကုန်ပိုင်းတွင် ယှဉ်ပြိုင်ရမည့် AFF Cup 2022 ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ပြည်ပကလပ်များတွင် ကစားနေသူများကို မရွေးချယ်ဘဲ ပြည်တွင်းလိဂ်တွင် ခြေစွမ်းပြနေသူများဖြင့်သာ ယှဉ်ပြိုင်ခဲ့သည်။ မြန်မာ့လက်ရွေးစင် အသင်းသည် ယခုခြေစမ်းပွဲတွင် ရလဒ်ပိုင်းထက် ကစားသမားသစ်များ၏ ခြေစွမ်းကို အဓိက စမ်းသပ်ခဲ့ခြင်းဖြစ်သည်။

**ရဲရင့်လွင်**



မြန်မာနှင့် ဟောင်ကောင် ယှဉ်ပြိုင်စဉ်။ ဓာတ်ပုံ-MFF

## မော်တော်ဆိုင်ကယ်မောင်းနှင်သူများ လိုက်နာရမည့် အချက်များ(နည်းဥပဒေ ၃၂၁)

မော်တော်ဆိုင်ကယ်မောင်းနှင်သူသည် အောက်ပါအချက်များကို လိုက်နာရမည် -

(က) မှတ်ပုံတင်ထားသော မော်တော်ဆိုင်ကယ်ကိုသာ မောင်းနှင်ရမည်။

( ခ) သတ်မှတ်ယာဉ်မောင်းလိုင်စင် ပါရှိရမည်။

( ဂ) မော်တော်ဆိုင်ကယ်၏လက်ကိုင်ကို လက်နှစ်ဖက်ဖြင့်ကိုင်၍ မောင်းနှင်ရမည်။

(ဃ) မော်တော်ဆိုင်ကယ်မောင်းနှင်သူ၏ နောက်တွင် လူစီးထိုင်ခုံမပါလျှင် လူပိုမတင်ရ။ လူစီးထိုင်ခုံပါရှိလျှင် တစ်ဦးထက်ပိုမတင်ရ။ နောက်ထိုင်ခုံတွင် လိုက်ပါသူသည် မော်တော်ဆိုင်ကယ်ကို ခွစီး၍ ရှေ့သို့မျက်နှာမူလျက် ခြေထောက်ကို မော်တော်ဆိုင်ကယ်၏ တစ်ဖက်တစ်ချက်ရှိ ခြေနင်းခုံပေါ်တွင်တင်၍ စီးရမည်။ ခြေနင်းပေါ်တွင် ခြေတင်စီးရန်မမီသူကို တင်၍မစီးရ။ မော်တော်ဆိုင်ကယ်စီးသူ၏ ရှေ့တွင် မည်သူ့ကိုမျှ မတင်ရ။

( င) မော်တော်ဆိုင်ကယ်၏နောက်တွင် ပစ္စည်းများတင်ပါက ထိုပစ္စည်းသည် နောက်ထိုင်ခုံ၏ ဘေးတစ်ဖက်တစ်ချက်မှ ခြောက်လက်မ (၁၅ စင်တီမီတာ) ထက်ပို၍လည်းကောင်း၊ မော်တော်ဆိုင်ကယ်၏ နောက်ဘီးတာယာအစွန်းမှ တစ်ပေ (၃၀ စင်တီမီတာ) ထက်ပို၍လည်းကောင်း အစွန်းထွက်ခြင်း မရှိစေရ။ ထိုပစ္စည်း၏ အမြင့်သည် မော်တော်ဆိုင်ကယ်မောင်းနှင်သူ၏ ပခုံးထက်မမြင့်စေရ။ တင်ဆောင်သော ပစ္စည်းအလေးချိန်သည် မော်တော်ဆိုင်ကယ်မောင်းနှင်သူက မော်တော်ဆိုင်ကယ်ကို မထိန်းသိမ်းနိုင်လောက်အောင် မလေးစေရ။ အန္တရာယ်ဖြစ်စေနိုင်သည့် ပစ္စည်းများကို မတင်ရ။

( စ) မော်တော်ဆိုင်ကယ်မောင်းနှင်သူ၏ ရှေ့တွင် မြင်ကွင်းကွယ်နိုင်သည့် မည်သည့်ပစ္စည်းကိုမျှ မတင်ရ။

(ဆ) လမ်းပေါ်တွင် ဖြောင့်တန်းစွာမောင်းနှင်ရမည်။ အခြားမော်တော်ဆိုင်ကယ်၊ မော်တော်ယာဉ်များနှင့် ပြိုင်မမောင်းရ။ အုပ်စုဖွဲ့မမောင်းရ။ အခြားယာဉ်မောင်းနှင်သူများ အနှောင့်အယှက်ဖြစ်စေလောက်အောင် မမောင်းရ။

( ဇ) မော်တော်ဆိုင်ကယ်မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူသည် သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့် ကိုက်ညီသည့် အသက်အန္တရာယ် ကာကွယ်နိုင်စွမ်းမြင့်မားသော မော်တော်ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုး သေချာစွာတပ်ဆင်၍ ဆောင်းထားရမည်။

( ဈ) မော်တော်ဆိုင်ကယ်မောင်းနှင်သူ၊ လိုက်ပါစီးနင်းသူ၏ အဝတ်အစားများသည် ပျံ့လွင့်နေခြင်း၊ အန္တရာယ်ဖြစ်စေနိုင်ခြင်း မရှိစေရ။

(ည) မော်တော်ဆိုင်ကယ်၏ စက်သံကို ဆူညံအောင်မြှင့်၍ မမောင်းရ။ အသံထိန်းကိရိယာဖြုတ်၍ မမောင်းရ။ ဆူညံသံဖြစ်ပေါ်စေသည့် ကိရိယာမတပ်ဆင်ရ။

( ဋ) မော်တော်ဆိုင်ကယ်ကို အန္တရာယ်ဖြစ်စေလောက်အောင် အရှိန်ပြင်းစွာ မောင်းနှင်ခြင်း မပြုရ။

( ဌ) ရှေ့မှမော်တော်ယာဉ်နှင့် အန္တရာယ်ကင်းနိုင်သည့် အကွာအဝေးမှ မောင်းနှင်ရမည်။

( ဍ) မော်တော်ဆိုင်ကယ်မောင်းနှင်နေစဉ် လက်ကိုင်ဖုန်း အသုံးမပြုရ။ နားကျပ် (Ear Phone) အသုံးမပြုရ။

( ဎ) မော်တော်ဆိုင်ကယ်မောင်းနှင်နေစဉ် ထီးမဆောင်းရ။ အမိုးတပ်ဆင်ခြင်းမပြုရ။

(ဏ) မော်တော်ဆိုင်ကယ်ကို လမ်းလယ်မှ မမောင်းနှင်ရ။ လက်ယာဘက်ကပ်၍ မောင်းနှင်ရမည်။ သီးသန့်သတ်မှတ်ထားသော မော်တော်ဆိုင်ကယ်မောင်းနှင်ရန် လမ်းရှိပါက အဆိုပါလမ်းမှ မောင်းနှင်ရမည်။

(တ) ရှေ့မီးအနိမ့်ကို နေ့၊ ည အချိန်တိုင်းတွင်လည်းကောင်း၊ ရှေ့မီးကြီးကို ညအခါ၌လည်းကောင်း ဖွင့်၍မောင်းနှင်ရမည်။ မော်တော်ဆိုင်ကယ်ရှေ့မီးများတွင် နည်းပညာအသုံးပြုထားမှုကြောင့် မီးပြင်းအားသည် အခြားမော်တော်ယာဉ်မောင်းနှင်သူ၏မြင်ကွင်းကို အနှောင့်အယှက် မဖြစ်စေရ။

(ထ) မော်တော်ဆိုင်ကယ်ပေါ်တွင် တိရစ္ဆာန်တင်ဆောင်မောင်းနှင်ခြင်း မပြုရ။

( ဒ) သတ်မှတ်ထားသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာရမည်။

( ဓ) မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ သုံးစွဲ၍သော် လည်းကောင်း၊ အရက်သေစာ သောက်စားမူးယစ်၍သော်လည်းကောင်း မော်တော်ဆိုင်ကယ်ကို မောင်းနှင်ခြင်း မပြုရ။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၁၊ မြေကွက်အမှတ် ၄၅၂၊ အကျယ်အဝန်းပေ(၄၀x၆၀)ရှိ ဒေါ်ခင်ပု ISN-365155 အမည်ပေါက် ပါမစ်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီးပြန်လည်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးထွန်းကိုကိုလတ်(ခ)ဦးထွန်းမင်းလတ် ၈/ရနခ(နိုင်)၀၆၉၈၇၄ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်လွင်လွင်ကို**
**၁၃/ရစန(နိုင်)၀၀၅၉၃၇**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်ယဉ်သူ(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၂၅၈၃၂)**
**ဒေါ်တင်ဇာအေးကို(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၅၆၄)**
**ဖုန်း-၀၉-၇၆၄၈၅၂၈၇၉၊ ၀၉-၇၇၀၀၇၃၅၆၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၇)၊ မြေကွက်အမှတ်(၆ခ(၂)/၂)၊ မြေဧရိယာ ၀ ဒသမ ၂၃၄ ဧကရှိ မြေပိုင်မြေနှင့်မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန်းမြင့် ၁၂/လမန(နိုင်)၀၈၀၁၈၃၊ (ISN-069529)က သားဖြစ်သူ ဦးကျော်သူရ ၁၂/လမန(နိုင်)၁၂၂၈၇၉နှင့် မြေးဖြစ်သူ မောင်ရဲရင့်သူရ ၁၂/လမန(နိုင်)၁၅၄၄၁၀တို့အား မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ်ဖြင့် အပိုင်ပေးအပ်ခြင်းအပေါ် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက မေတ္တာဖြင့်ပေးကမ်းခြင်း မှတ်ပုံတင်စာချုပ်ကို ဥပဒေအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်ယဉ်သူ(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၂၅၈၃၂)**
**ဒေါ်တင်ဇာအေးကို(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၅၆၄)**
**ဖုန်း-၀၉-၇၆၄၈၅၂၈၇၉၊ ၀၉-၇၇၀၀၇၃၅၆၁**

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်ဖြူဖြူမော် (၁၂/ရကန(နိုင်)၀၁၄၈၂၄) အမည်ပေါက်သည့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ မြေတိုင်းရပ်ကွက်အမှတ်၄၀၊ မြေကွက်အမှတ်(၁၁၄၉/ခ)၊ အကျယ်အဝန်း(၂၅x၆၀)ပေရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်နှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးဝင်းဗိုလ် (၁၂/ဥကတ(နိုင်)၀၁၆၅၉၈)က လက်ရောက်ရယူဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေကအရောင်းအဝယ်ပြုလုပ်ရန် သဘောတူသဖြင့် ရောင်းချသည့်ပစ္စည်း၏တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်မှုကို ကန့်ကွက်လိုပါက ဤသတင်းစာကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ရောင်းဝယ်မှုကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးရန်ပိုင်စိုး(စဉ်-၁၁၅၉၁)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၁၃၇၇)၊ အခန်း(ဘီ)၊ ဘုရင့်နောင်လမ်း၊**
**(၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်**
**ဖုန်း-၀၉-၂၆၂၉၄၉၉၇၅**

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးအောင်ကျော်ဆွေ ၈/ပခက(နိုင်)၀၀၅၄၃၃၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းသို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၆၈၄၈၂၂၂**

## ပျောက်ဆုံးကြောင်း

ကျွန်မ မသီရိလှိုင် ၅/ယမပ(နိုင်)၁၃၆၅၈၈၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၀၀၀၉၂၄၄**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဇော်မျိုးထက် ၅/ယမပ(နိုင်)၁၃၈၃၅၉၏ နိုင်ငံကူးလက်မှတ်နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၁၅၃၆၀၂၈**

## ပျောက်ဆုံးကြောင်း

ကျွန်မ မသီသီမြင့် ၅/ပလန(နိုင်)၀၈၃၅၄၃၏ နိုင်ငံကူး လက်မှတ်နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဇင်ဉာဏ်ထွေး ၅/ယမပ(နိုင်)၁၁၂၈၁၇၏ နိုင်ငံကူးလက်မှတ်နံပါတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၀၅၁၁၇၃၇**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဇော်ဟိန်း ၅/ဒပယ(နိုင်)၁၃၇၃၂၀၏ နိုင်ငံကူးလက်မှတ်နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၄၂၅၅၇၂၆၃**

## ပျောက်ဆုံးကြောင်း

ကျွန်မ မနွယ်နီအေး ၅/ယမပ(နိုင်)၁၃၉၀၈၈၏ နိုင်ငံကူးလက်မှတ်နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၉၆၅၄၆၄၆**

## အလိမ္မာ စာမှာရှိ

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဇေယျာ(၅)လမ်း၊ တိုက်အမှတ်(၁၃၇)၊ အခန်း - ပထမထပ် (၂-လွှာ) (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၁၉ပေ× ၅၄ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စံစံမောင်သန်း (၁၀/မလမ(နိုင်) ၁၉၂၇၃၄) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက် အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့် အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L.,**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)**
**Hein Htet San Law Firm**

**ဒေါ်ဝင်းဝင်းဖြူ**
**LL.B, D.B.L, D.I.L.,**
**အထက်တန်းရှေ့နေ(စဉ်-၃၇၈၂၄)**
**၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၁၁၂၀၃၄၇**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ ရတနာသုခ(၂) လမ်း၊ မြေကွက်အမှတ်(၁၇၀)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဦးချစ်သောင်း (AD-၀၃၅၇၇၄) အမည်ပေါက်ပါမစ် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးထွန်းဇော်ဝေ (၁၂/သကတ (နိုင်) ၀၀၅၅၃၇) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L.,**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)**
**Hein Htet San Law Firm**

**ဒေါ်အေးအေးမူ**
**LL.B, D.B.L., M.A. (Business Law)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၇၀၉)**
**၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၃၁၁ ၅၁၀၅**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ ပညာ(၁၃)လမ်း၊ မြေကွက်အမှတ်(၉၇၄/ခ)၊ အကျယ်အဝန်း(၂၀ပေ× ၆၀ပေ)ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးတင်ဝင်းမြင့် (၁၂/ဥကတ (နိုင်) ၀၃၄၂၃၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L,**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)**
**Hein Htet San Law Firm**

**ဦးဇော်ထွန်းအောင်**
**LL.B, D.B.L, D.M.L.,**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၃၅)**
**ဖုန်း-၀၉ ၅၅၀၆၁၄၆၊ ၀၉ ၇၉၁၆၂၂၂၃၆**

## အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃
## မြိတ်ခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၉
### အမွေဆက်ခံလက်ရှိ လုပ်ကိုင်နေသော ဥယျာဉ်ခြံမြေနှင့် စပ်လျဉ်းသည့်အမှု

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ တနင်္သာရီမြို့နယ်၊ ဇဝဲကျေးရွာအုပ်စုရှိ ကွင်းအမှတ် ၄၁၃၊ ကွင်းအမည်-ဆင်ဒင်၊ ဦးပိုင်အမှတ် ၆/၁၊ ဧရိယာ ၁၃ဒသမ၆၀ဧကေ အနက်မှ(က) အမှတ်ပြ ဧရိယာ ၂ဒသမ ၉၅ ဧကရှိသော ဥယျာဉ်ခြံမြေအား လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇) လျှောက်ထားနိုင်ရန်အတွက် အမွေထိန်းလက်မှတ်စာထုတ်ပေးပါမည့်အကြောင်း ဦးဘထူး(၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဦးအေးဖြူ) ကအမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၂ခုနှစ် အောက်တိုဘာ ၂၄ ရက် (၁၃၈၄ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် အထက်ပါ ဥယာဉ်ခြံမြေနှင့် ပတ်သက်၍ အကျိုးစီးပွားသက်ဆိုင်သည်ဟု အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၂ ခုနှစ်၊ အောက်တိုဘာ ၂၄ရက် (၁၃၈၄ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာ မထုတ်ပေးမီမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းဥပဒေပုဒ်မ-၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဦးဘထူး(၎င်း၏အခွင့်ရ ကိုယ်စားလှယ်ဦးအေးဖြူ) ၏ အမွေထိန်းလက်မှတ်လျှောက်လွှာပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာအပေါ် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၂ ခုနှစ်၊ စက်တင်ဘာ ၂၂ ရက်(၁၃၈၄ ခုနှစ် တော်သလင်းလပြည့်ကျော် ၁၃ရက်)တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သန်းသန်းဝင်း)**
**ဒုတိယခရိုင်တရားသူကြီး**
**မြိတ်ခရိုင်တရားရုံး**

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ ရွှေသင်း(အထက) စတုတ္ထတန်းမှ မောင်ဖွဲ့သစ်ထူး၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းလွင် ၄/ဖလန(နိုင်)၀၃၇၀၄၃ ဖြစ်ပါကြောင်း။

**ဦးဇော်မင်းလွင်**

## ပျောက်ဆုံးကြောင်း

ကျွန်တော်ကိုဇော်လွင် ၅/ဘတလ(နိုင်)၁၂၇၈၃၄၏ နိုင်ငံကူးလက်မှတ်နံပါတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၄၂၁၆၀၁၅၉**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ကွင်း/အကွက်အမှတ် RA-VI/ ကွက်ပြင် ၆)၊ ဦးပိုင်အမှတ် (၈-ဃ/၁၀)၊ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်အေးအေးသန်း ၁၂/စခန(နိုင်)၀၁၆၆၀၈ မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ကွင်း/ အကွက်အမှတ် (၄/ပဒေသာ)၊ ဦးပိုင်အမှတ် ( ၂၃၂ )၊ မြေဧရိယာ ၀ ဒသမ၁၄၇ဧကရှိ မြေကွက်အား မြေငှားဂရန် (ဂရန်သစ်) လျှောက်ထားနိုင်ရေး ဦးမောင်ဝင်း ၅/ပလန (နိုင်)၀၅၈၁၈၅ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင် / မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၀)၊ မိုးကောင်းလမ်း၊ မြေကွက်အမှတ် (၁၂၉၄)၊ အကျယ်အဝန်း (၄၀ပေ× ၆၀ပေ)ရှိ ဦးဝင်းစိန်နိုင် (၁၂/ဥကတ (နိုင်) ၀၉၃၁၃၀) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးမိုးမင်းသူ (၇/လပတ (နိုင်) ၀၀၁၈၁၈)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက်စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးခင်မောင်ဦး** LL.B, D.B.L, D.I.L, တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
**ဒေါ်လင်းလင်းထက်** LL.B. အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)
**Hein Htet San Law Firm** ဖုန်း-၀၉၅၅၀၆၁၄၆၊ ၀၉၄၅၅၅၀၆၁၄၆

## အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ (၃)ရပ်ကွက်၊ (၅)လမ်း၊ အောင်ကမ္ဘာနေ ဒေါ်စန်းအေး(ဘ)ဦးထွန်းတင် ၉/တသန (နိုင်) ၀၀၈၆၃၆၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာသည်မှာ-

တောင်သာမြို့၊ အမှတ် (၁)ရပ်ကွက်၊ အကွက်အမှတ် (၆)၊ မဥ္စူရပ်၊ ဦးပိုင်အမှတ် (၁၃၉)၊ ဧရိယာ ၀ဒသမ၂၁၅ဧကရှိ မြေနှင့် ယင်းမြေကွက်ပေါ်ရှိ (၆x၃)ပင် အဖီပါ တစ်ထပ်တိုက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ကျွန်ုပ်၏အမှုသည်မှ ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်သည့် ပစ္စည်းများဖြစ်ပါသည်။ ထိုပစ္စည်းများအတွက် မည်သူ့ကိုမျှ အထွေထွေကိုယ်စားလှယ်စာ၊ အထူးကိုယ်စားလှယ်စာတို့ကို လွှဲအပ်ထားခြင်းလုံးဝမရှိခဲ့သလို မည်သူ့ကိုမျှလည်း ရောင်းချထားခြင်း၊ ပေးကမ်းထားခြင်း၊ အာမခံတင်သွင်းထားခြင်း၊ စီမံခန့်ခွဲခွင့်ပေးခြင်းလည်း မရှိခဲ့ပါ။ သို့ဖြစ်ရာ ထိုပစ္စည်းများကို ဒေါ်စန်းအေး၏ ခွင့်ပြုသဘောတူညီချက်မရဘဲ ရောင်းဝယ်ခြင်း၊ ပေးကမ်းခြင်း၊ လွှဲပြောင်းခြင်း၊ အမည်ပြောင်းဆောင်ရွက်ခြင်း၊ မြေပုံရေးကူးခြင်းများမပြုလုပ်ရန်နှင့် ပြုလုပ်ပါက ပြုလုပ်သူအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်ဇော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၉၈၉/၂၁-၁၂-၂၀၁၁)**
**တောင်ငူမြို့၊ ဖုန်း-၀၉-၄၅၃၅၉၁၄၅၆**

## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း
## တင်ဒါအမှတ်စဉ် (၃(လင)/၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်)

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ လမ်းဦးစီးဌာနမှ (၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်) တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေများဖြင့် ဆောင်ရွက်မည့် လမ်း-တံတားတည်ဆောက်ရေးလုပ်ငန်းများအား ဆောင်ရွက်နိုင်ရန်အတွက် တိုင်းရင်းသားပုဂ္ဂလိက ဆောက်လုပ်ရေးလုပ်ငန်းရှင်များသို့ တတိယအကြိမ်အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများကို လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် အောက်ပါအစီအစဉ်အတိုင်း ဝယ်ယူတင်သွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) အိတ်ဖွင့်တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်/အချိန် - ၃-၁၀-၂၀၂၂ရက် (ရုံးချိန်အတွင်း)

(ခ) အိတ်ဖွင့်တင်ဒါလျှောက်လွှာ ရောင်းချမည့်နောက်ဆုံးရက် - ၁၄-၁၀-၂၀၂၂ရက် ညနေ ၁၆:၀၀နာရီထိ

(ဂ) တင်ဒါအာမခံကြေး (PO Cheque) မူရင်းများအားနောက်ဆုံးထား၍ တင်သွင်းရမည့်ရက်/အချိန် - ၁၈-၁၀-၂၀၂၂ရက် ညနေ ၁၆:၀၀နာရီထိ

(ဃ) အိတ်ဖွင့်တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေရာနှင့် နေ့ရက် - ထပ်မံကြေညာပါမည်။

(င) အိတ်ဖွင့်တင်ဒါ ဖွင့်လှစ်မည့် နေရာနှင့်နေ့ရက် - ထပ်မံကြေညာပါမည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တယ်လီဖုန်းနံပါတ်-၀၉-၄၀၀၄၁၁၉၈၉၉သို့ ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း မေးမြန်းနိုင်ပါသည်။

**(တင်ဒါကော်မတီ)**

## အမည်မှန်

စစ်တွေမြို့၊ မင်းဂံရပ်ကွက်နေ မထက်ထက်စံ၏ အမည်မှန်မှာ တက္ကသိုလ်ဝင်တန်းအောင် လက်မှတ်၊ ခုံအမှတ် ဒပ-၁၁၀၅အရ မထက်ထက်ဇံ ၁၁/မဥန(နိုင်)၁၆၅၉၅၇ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ ဆင်လမ်း (အထက) Grade-3 မှ မသုဟေသာ၏ ဖခင်အမည်မှန်မှာ ဦးရန်အောင် ၈/စလန(နိုင်)၁၈၀၆၅၁ ဖြစ်ပါကြောင်း။

**ဦးရန်အောင်**

## အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

ကျွန်တော် ဦးနရာယာနား(ခ)ဦးလှထွေး(ဘ)ဦးမူတူး ၁၀/သထန(နိုင်)၀၈၉၇၀၂ သည် ဦးထွန်းလွင် (ဘ)ဦးသန်းဝေ ၅/မရန(နိုင်)၀၃၂၀၁၃အား ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ မှတ်ပုံတင်အမှတ် ၁၄၂၃၀/၂၀၂၂(၁၂-၈-၂၀၂၂) ရက်စွဲဖြင့် လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာကို ယနေ့ သတင်းစာကြေညာစာပါသည့်ရက်မှစ၍ အပြီးအပိုင်ရုပ်သိမ်းကြောင်း ကြေညာလိုက်ပါသည်။

**ဦးနရာယာနား(ခ) ဦးလှထွေး**
**၁၀/သထန (နိုင်)၀၈၉၇၀၂**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ အောင်ဇမ္ဗူရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/ညောင်ပင်ဝိုင်း၊ မြေကွက်အမှတ်(၁၇၁)၊ ဧရိယာ ၀ ဒသမ ၀၈၂ ဧကရှိ ဦးကျော်မင်းလွင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးစောမောင်အေး(ဘ) ဦးခင်မောင်စိုး ၁၃/တကန(နိုင်)၁၉၇၃၆၄မှ မြေငှားစာချုပ်၊ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၅၇၉/၂၀၂၀)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဒေါ်သုမာလာမောင် (ခ)ရွှေအိမ်စည်(ဘ)ဦးခင်မောင်စိုး ၁၃/တကန(နိုင်)၁၉၇၃၆၂နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၇/မြို့မအနောက်ရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ ဦးကြည်စိုး ၉/ပမန(နိုင်)၀၃၃၁၁၇(ဘ) ဦးအောင်သိန်းအမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၃၀၄၇၃)ကို နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်၁၂၈/၂၀၂၂ (၂၈-၃-၂၀၂၂)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးလင်းထက်ခိုင် ၉/ပဗသ(နိုင်)၀၂၃၇၁၀(ဘ)ဦးရွှေကြိုင်မှ ဒေါ်သုမာလာမောင်(ခ)ရွှေအိမ်စည်၁၃/တကန(နိုင်)၁၉၇၃၆၂နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃)၊ ဗိုလ်ဖိုးဝင်း (၃)လမ်း၊ မြေကွက်အမှတ် (၁၂၅)၊ အကျယ်အဝန်း (၄၀ပေ× ၆၀ပေ)ရှိ ဦးထူးအောင်နိုင်ညို (၁၂/သကတ (နိုင်) ၁၂၃၂၆၉) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မာလာမြင့် (၁၂/ဒဂရ (နိုင်) ၀၀၃၈၆၉)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက်စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက် အတွင်းလာရောက် ကန့်ကွက်နိုင် ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့် အညီဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးခင်မောင်ဦး** LL.B, D.B.L, D.I.L, တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
**ဒေါ်လင်းလင်းထက်** LL.B. အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)
**Hein Htet San Law Firm** ဖုန်း-၀၉၅၅၀၆၁၄၆၊ ၀၉၄၅၅၅၀၆၁၄၆

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း အလုံလမ်း (ဦးဝိစာရအဝိုင်းထိပ်မှ ဗဟိုလမ်းအထိ) လမ်းလယ်ကျွန်းတစ်လျှောက် မြေအောက်လမ်းမီး ဓာတ်အားလိုင်း (၄၈၀၀)ပေတည်ဆောက်ခြင်းနှင့် လမ်းမီးလုံးများ တပ်ဆင်ခြင်းအတွက် လိုအပ်သော လမ်းမီးဆိုင်ရာပစ္စည်းများအား မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့်အချက်အလက်များကို ဌာနမှသတ်မှတ်နှုန်းထားအတိုင်း (၂၆.၉.၂၀၂၂) ရက်နေ့မှ စတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ(၁၂.၁၀.၂၀၂၂)ရက်နေ့၊ (၁၄း၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း၊ ၀၁-၂၂၀၈၁၆ ဖုန်းနံပါတ်သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေရိယာ ၀ ဒသမ ၁၁၀ကေရှိ ဦးရဲထွဋ် ၁၃/တကန(နိုင်)၀၄၅၀၉၅ (ဘ) ဦးတင်ညွန့် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၂၀၆၁၈)ကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်၁၀၈၃၄/၂၀၂၂ (၂၈-၆-၂၀၂၂)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်နန်းလှနှင်းခိုင် ၁၃/ပလန(နိုင်)၀၀၀၂၈၂ (ဘ) ဦးခမ်းထွန်းမှ ဦးကောင်းဆက်နိုင် ၉/သစန(နိုင်)၁၇၃၆၇၆နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ရုံးရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေရိယာ ၀ ဒသမ ၁၁၂ကေရှိဒေါ်ခင်စန္ဒာထွန်း ၁/မကန(နိုင်)၀၀၀၆၂၁ (ဘ) ဦးဘထွန်း အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၂၀၂၇၂)ကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၇၁၇၀/၂၀၂၁ (၈-၁၀-၂၀၂၁)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်အိန္ဒြေဖြိုး ၁၂/ဗဟန(နိုင်)၀၉၁၉၂၃ (ဘ)ဦးတင်ဖြိုးမှ ဒေါ်တိုးတိုးအောင် ၇/ညလပ(နိုင်)၀၉၇၁၉၅နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရဲစုတောင်ရပ်ကွက်၊ ဦးရဲအောင်လမ်း၊ အကျယ်အဝန်း (၃၃ ပေ x ၅၅ ပေ)ရှိ အိမ်ခြံမြေအား အရပ်ကတိစာချုပ် အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရှိပြီး အရှုပ်အရှင်းကင်းရှင်း၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဦးစိုးကိုကို ၁၂/မဂဒ(နိုင်) ၁၂၇၈၆၆ ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်စိုးယုမော် ၁၂/ သကတ (နိုင်) ၂၂၉၂၉၀ မှ အထက်ပါ အိမ်ခြံမြေအား ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက်မှ စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည် ။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ထက်မြတ်စိုး LL.B** | **ဦးအဏ္ဏဝါစိုး LL.B** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၃၀၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၂၄၇)** |

**ရုံးခန်းအမှတ်-၃ ၊ သုမနလမ်းမကြီး ၊ သာကေတမြို့နယ်ဥပဒေရုံးရှေ့၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉ - ၂၅၂၄၀၄၄၈၉**

## အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ကျွန်မ ဒေါ်တင်တင်ညွန့် (ဘ) ဦးဘတူ ၁၄/အမန(နိုင်)၀၀၂၉၈၃ မှ ဒေါ်နော်စနီးဝိုက် (ဘ) ဦးစောထူးဖော ၁၄/အမန (နိုင်)၀၀၁၈၈၆ အား လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၆၁၂၄) ၁၇-၉-၂၀၁၉ အား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပါသည်။

**ဒေါ်တင်တင်ညွန့် (ဘ)ဦးဘတူ**
**၁၄/အမန(နိုင်)၀၀၂၉၈၃**

## သမီးအဖြစ်မှ ရာသက်ပန်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့၊ အမှတ်(၄)ရပ်ကွက်၊ သပြေလမ်းနေ ဦးမျိုးသန့်ကျော်-ဒေါ်နီနီဝင်းတို့၏သမီး မဖူးမြတ်သီရိကျော် ၈/မဘန(နိုင်)၁၈၁၁၆၁ သည်မိဘနှစ်ပါးနှင့်ဆွေမျိုးများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး ၄င်း၏ဆန္ဒအလျောက်နေအိမ်မှဆင်းသွားပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သမီးအဖြစ်မှ ရာသက်ပန်အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၄င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)** **ဦးမျိုးသန့်ကျော်-ဒေါ်နီနီဝင်း**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7G/4190 Suzuki Carry DA63T p/u(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရွှေပွင့်သော် ၉/မလန(နိုင်)၁၅၃၄၂၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7P/1398 Daihatsu Hijet S20IP p/u(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဝင်းစိုး ၉/အမရ(နိုင်)၀၀၂၃၈၃က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ - ၂၀)
## မြဝတီမြို့နယ် တရားရုံးတော်၌
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၃

| | | |
|---|---|---|
| ဦးကျော်ဆင့် | နှင့် | ဦးစိုင်းဆိုင်ဖူး |
| **တရားလို** | | **တရားပြိုင်** |

မြဝတီမြို့၊ အမှတ်(၅)ရပ်ကွက်တွင် နေထိုင်သူ (ယခုနေရပ်လိပ်စာမသိသူ) တရားပြိုင် ဦးစိုင်းဆိုင်ဖူး သိစေရမည်။

သင့်အပေါ်တွင် တရားလိုက မြဝတီမြို့၊ အမှတ်(၅)ရပ်ကွက်၊ ကျွန်းတောအကွက်၊ မြေကွက်အမှတ်(၆၅၀)၊ မြေရိယာ အလျားပေ၄၀xအနံပေ၆၀ရှိ ခြံမြေကွက်အတွင်းမှ တစ်စိတ်တစ်ဒေသဖြစ်သော မြောက်ဘက်ခြမ်း အလျားပေ ၂၀x အနံပေ ၆၀ ရှိ ခြံမြေကွက်ကို မြေကွက်အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ ကိုယ်စားလှယ် ဖြစ်စေ၊ အခွင့်ရရှေ့နေဖြစ်စေ (သို့မဟုတ်) အမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပ ပြောဆိုနိုင်သူတစ်ဦး၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၂ခုနှစ် အောက်တိုဘာ ၃ ရက် (၁၃၈၄ ခုနှစ် သီတင်းကျွတ်လဆန်း ၉ ရက်၊တနင်္လာနေ့)နံနက် ၁၀း၀၀နာရီ၌ အထက်ပါ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် မြဝတီမြို့နယ်တရားရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ သင်သည် အထက်ကဆိုခဲ့သည့်နေ့ရက်တွင် လာရောက်ရန်ပျက်ကွက်ပါက သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် သင်ကထုချေတင်ပြလိုသည့်စာချုပ်စာတမ်းများကို သင်နှင့်အတူ ယူဆောင်လာရမည်။ (သို့မဟုတ်) သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင်အပ်နှံ၍ ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝေဇင်မန်း)**
**မြို့နယ်တရားသူကြီး**
**မြဝတီမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၃/မြို့မတောင်ရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေရိယာ ၀ ဒသမ ၁၁၀ကေရှိ ဦးစိုးသက်ဦး ၆/ရဖန(နိုင်) ၀၄၇၀၁၃(ဘ)ဦးစိုးတင့် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၂၀၃၅၃)ကို နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၅၄၄/၂၀၁၉ (၂၅-၆-၂၀၁၉)ဖြင့် မြေကွက် အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်ကေသီနွယ်၁၂/ကတတ(နိုင်)၀၀၁၆၀၈(ဘ) ဦးကြင်မှ ဒေါ်စုမွန်သီဟအောင် ၁၂/ဥကတ(နိုင်)၁၅၁၀၉၀နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ တပ်ရာကုန်းကွက်သစ်၊ မြေကွက်အမှတ်(၆၀၆၊ ၆၀၇၊ ၆၀၈)ဟူ၍ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ချထားပေးသည့် မြေတစ်ကွက်လျှင် အလျားxအနံ(၄၀x၆၀)ပေစီရှိသော မြေကွက် သုံးကွက်နှင့် ယင်းမြေပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင် လက်ဝယ်ထားရှိပိုင်ဆိုင်သူဟု အဆိုရှိသူ ဦးကျော်သန်းဦး ၈/မကန(နိုင်)၁၅၀၈၇၉ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းဇော် ၁၂/ကတန(ပြု)၀၀၂၃၀၀က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် အဆိုပါမြေကွက်တို့အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက် စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန်းထက်ဦး LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၄၂၄)**
**အမှတ်(၆၂၄)၊ မဟာသုခလမ်း၊ ရွှေကုန်းရပ်ကွက်၊ ကျောက်တန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း- ၀၉-၇၉၆၃၆၀၂၆၇**

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၁)၊ ရေငယ်ကျေးရွာရှိ (၂၅/၂၆)၊ တောင်ဘက်လှည့်မျက်နှာစာ အရှေ့-အနောက် ပေ၆၀၊ တောင်-မြောက်ပေ ၁၂၀ ရှိ ရွာမြေနှင့် အဆိုပါမြေပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိနေထိုင်ပိုင်ဆိုင်သူများဖြစ်ကြသော ဒေါ်ခင်ခင်စီ ၉/မမန (နိုင်)၀၀၆၁၅၂၊ ဒေါ်မိမိထွန်း ၉/မမန(နိုင်)၀၀၆၁၅၄၊ ဒေါ်အေးအေးအောင် ၉/မမန (နိုင်)၀၀၀၆၉၆၊ ဦးနေလင်းအောင် ၉/မမန(နိုင်)၀၀၀၆၉၇၊ ဦးစိုင်းမင်းခိုင် ၉/မမန(နိုင်)၀၀၆၁၅၃ တို့မှ နေထိုင်ပိုင်ဆိုင်ပြီး တရားဝင်ပိုင်ဆိုင်ကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး ကျွန်ုင်၏အမှုသည်ဖြစ်သူ ဦးရန်အောင်ထွန်း ၈/ပခက(နိုင်)၁၉၆၀၆၅က အပြီးအပိုင်လွှဲပြောင်းယူရန်အတွက် ရောင်းကြေးငွေကို ပေးချေပြီး ဖြစ်ပါသည်။

